# အဆိပ်သင့်ပန်းများ

## တိုးတက်များပြားလာနေသော မူးယစ်ဆေးစွဲပြဿနာကြောင့် မြန်မာနိုင်ငံအတွင်းရှိ ပလောင်အမျိုးသမီးများအပေါ် ဆိုးကျိုးသက်ရောက်မှုများ

ပလောင်အမျိုးသမီး အစည်းအရုံး၏ အစီရင်ခံစာ (၂၀၀၆) ခုနှစ်

# ပလောင်အမျိုးသမီးအစည်းအရုံး

အခြားသော ပလောင်အဖွဲ့အစည်းများအတွင်း အမျိုးသမီးများ၏ တက်ကြွစွာပူးပေါင်းပါဝင်မှု ရှားပါးနေသည်ကို အဖြေရှာသည့်အနေဖြင့် ပလောင်အမျိုးသမီးအစည်းအရုံး (PWO) ကို (၂၀၀၀) ခုနှစ်၊ အောက်တိုဘာလတွင် စတင်တည်ထောင်ခဲ့ပါသည်။ ပလောင်အမျိုးသမီးအစည်းအရုံးသည် အမျိုးသမီးများအား ပညာပေးရန်နှင့် စွမ်းရည်မြှင့်တင်ဆောင်ရွက်ပေးရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ သို့မှသာလျှင်၊ သူတို့၏ကိုယ်ပိုင်ပြဌာန်းခွင့်ကို ပိုမိုခိုင်မာစွာ ကျင့်သုံးလာနိုင်ပြီး၊ လူမှုအဖွဲ့အစည်းအတွင်း တန်းတူရည်တူပါဝင် ဆောင်ရွက်လာနိုင်စေရန် ဖြစ်ပါသည်။

ပလောင်အမျိုးသမီးအစည်းအရုံးမှ ပလောင်အမျိုးသမီးများနှင့် ၎င်းတို့၏လူမှုအသိုင်းအဝိုင်းအတွင်း လူ့အခွင့်အရေးနှင့် လိင်မှုဆိုင်ရာ အရ တန်းတူညီမျှခွင့်ရရေးဆိုင်ရာ သင်တန်းများ ပို့ချပေးခဲ့ပါသည်။ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဆင့်တွင် ပလောင်ပြည်သူများ အကြောင်းနှင့် ၎င်းတို့၏သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ပတ်သက်ပြီး ဗဟုသုတများတိုးပွါးလာစေရန်၊ ပလောင်လူထုများ ခံစားနေရသော လူ့အခွင့်အရေးချိုးဖောက်ခံနေရမှုများကို ပိုမိုသိရှိလာစေရန် ဆောင်ရွက်နေပါသည်။ ထို့အပြင် ပလောင်ဒေသအတွင်း၌ လူထုကျန်းမာရေးစီမံကိန်းများကိုလည်း စတင်ဆောင်ရွက်နေပါသည်။

## ပလောင်အမျိုးသမီး အစည်းအရုံး၏ ရည်ရွယ်ချက်များ

- ပလောင်ဒေသနှင့် ပြည်ပတွင် ပလောင်အမျိုးသမီးများ၏ ပညာရေးဆိုင်ရာအခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိစေရန်။
- ပလောင်အမျိုးသားစာပေနှင့် ယဉ်ကျေးမှုကို မြှင့်တင်နိုင်ရန်။
- မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးနှင့် လူ့အခွင့်အရေးရရှိစေရန်အတွက်၊ ဒီမိုကရေစီလှုပ်ရှားမှုတွင် ပါဝင်လုပ်ဆောင်ရန်။
- အခြားအမျိုးသမီးအဖွဲ့အစည်းများနှင့် ဆက်သွယ်၍၊ အမျိုးသမီးများကို အမြတ်ထုတ်အသုံးချနေမှုများကို အဆုံးသတ်စေရန် နှင့် အမျိုးသမီးများ တန်းတူညီမျှခွင့်အခွင့်အရေးရရှိရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်နိုင်ရန်။

## ဆက်သွယ်ရန်

P.O. Box 98
Tak, Maesot 63110 Thailand
pwotaang@csloxinfo.com
www.palaungwomen.org **or** www.womenofburma.org

# မာတိကာ


အမှာစာ ၅
အစီရင်ခံစာအကျဉ်းချုပ် ၈
နိဒါန်း ၁၁
အစီရင်ခံစာပြုလုပ်ရာတွင်လုပ်ဆောင်သည့် နည်းနာ ၁၂
နောက်ခံအကြောင်းအချက်များ ၁၃
- ပလောင်ပြည်သူများ ၁၄
- ပလောင်အမျိုးသမီးများ၏အခြေအနေ ၁၅
- ကျန်းမာရေးနှင့်ပညာရေးအခွင့်အလမ်း ရရှိမှု ၁၇
- နိုင်ငံရေးနောက်ခံသမိုင်း ၁၉
  - အစဉ်အလာ ကိုယ်ပိုင်အုပ်ချုပ်ရေး ၁၉
  - ပလောင်ခုခံကာကွယ်ရေးလှုပ်ရှားမှု စတင်ခြင်း ၁၉
  - ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) စစ်အစိုးရနှင့် အပစ်အခတ် ရပ်စဲခြင်း။ ၂၀
  - ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) ကို အတင်းအကြပ် လက်နက် ချစေခြင်း။ ၂၁
- ပလောင်ဒေသအတွင်းဘိန်းစိုက်ပျိုးမှု ၂၂
  - ဘိန်းစိုက်ပျိုးသည့် အစဉ်အလာမရှိခြင်း။
  - (၁၉၉၁) ခုနှစ် အပစ်အခတ်ရပ်စဲမှုနောက်ပိုင်း ဘိန်းစိုက်ပျိုးမှုတိုးပွါးလာခြင်း။ ၂၃
  - ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) မှ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန် ကြိုးပမ်းမှုများ။ ၂၅
  - (နအဖ) ၏ မူးယစ်ဆေးဝါးတိုက်ဖျက်မှုသည် ပြည်သူ့စစ် လက်နက်ကိုင်တပ်ဖွဲ့များအား မထိမတို့ပဲချန်လှပ်ထားခြင်း။ ၂၆
  - ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) ကို လက်နက်ဖြုတ်ပြီးနောက်ပိုင်းအခြေအနေပိုမိုဆိုးရွားလာခြင်း။ ၂၆

ပလောင်လူမှုအသိုင်းအဝိုင်းများအတွင်း မူးယစ်ဆေးစွဲမှု တိုးပွါးလာခြင်း
- မူးယစ်ဆေးစွဲမှု တိုးပွါးလာခြင်း။ ၂၈
- တွေ့ဆုံမေးမြန်းခဲ့သူများဆိုင်ရာ အချက်အလက် ၂၈
- လက်ရှိအခြေအနေကို ဖြစ်ပေါ်စေသော အကြောင်းအချက်များ ၂၉
  - ဒေသဆိုင်ရာ လက်ဖက်ခြောက်လုပ်ငန်းစီးပွါးရေး ကျဆင်းလာခြင်း ၂၉
  - ဘိန်းစိုက်ပျိုးသည့်ဖက်သို့ဦးတည်ပြောင်းလဲလာခြင်း ၃၀
  - အလုပ်လုပ်ရန်အတွက် ပြောင်းရွှေ့အခြေချခြင်းများ၊ ၃၁

- ဘိန်းကို ဆေးဝါးအဖြစ်အသုံးချခြင်း ၃၂
- မူးယစ်ဆေးဝါးသုံးစွဲသည့် ယဉ်ကျေးမှုကြီးထွားလာခြင်း။ ၃၃

**အမျိုးသမီးများ၏အသံ**

- ○ ဆေးစွဲနေသူအမျိုးသားများ၏ ဒုက္ခဝန်ထုပ်ဝန်ပိုး
  - ခင်ပွန်းသည်များသည် မိသားစုအတွက် အလုပ်မလုပ်ကြတော့။ ၃၆
  - မိသားစုပိုင်ပစ္စည်းများ၊ ပိုင်ဆိုင်မှုများကို ရောင်းချခြင်း။ ၃၆
  - ချေးငှားခြင်း၊ ခိုးယူခြင်းနှင့် မူးယစ်ဆေးရောင်းဝယ်ဖောက်ကားခြင်း။ ၃၇
  - ကလေးများကို လျစ်လျူရှုထားခြင်း။ ၃၈
  - ဒေါသထွက် အော်ဟစ်ခြင်းနှင့် အိမ်တွင်းအကြမ်းဖက်မှုများ ၃၈
- ○ ဇနီးမယားများအပေါ် ထိခိုက်နစ်နာစေမှု
  - အဓိကဝင်ငွေရှာသူအဖြစ် ရုန်းကန်ရခြင်း ၃၉
  - ကျန်းမာရေးချို့ယွင်းဖျားနာစေရန် ထိခိုက်လွယ်ခြင်း။ ၄၀
  - စိတ်ဖိစီးမှုများ ၄၁
  - ရပ်ရွာမှ ဖယ်ကျဉ်ခြင်း
- ○ သမီးများအပေါ် ထိခိုက်နစ်နာစေမှု
  - ကျောင်းထွက်ရခြင်း ၄၃
  - ဖခင်အတွက် ငွေကြေးထောက်ပံ့သည့် တာဝန်ယူရခြင်း ၄၃
  - လူကုန်ကူးရောင်းချခံရခြင်း ၄၃
- ○ မိခင်များအပေါ် ထိခိုက်နစ်နာစေမှု
  - နှစ်ကြိမ် ထိခိုက်နစ်နာရခြင်း၊ ခင်ပွန်းယောက်ျားနှင့်သားတို့ မူးယစ်ဆေးစွဲခြင်း ၄၄
  - အနာဂါတ်အတွက် မျှော်လင့်ချက် ပျောက်ကွယ်သွားခြင်း ၄၅
  - သား၏ဖူလုံရေးအတွက် ပူပန်ရခြင်း ၄၅
- ○ ဒုက္ခနှင့် နေသားကျရန်အတွက် ရုန်းကန်ပြင်ဆင်ရခြင်း
  - ဆေးပြတ်ရန်အခွင့်အလမ်းနည်းသော်လည်း၊ ပြန်လည်ထူထောင်လာရေးအတွက် မျှော်လင့်ချက်ထားကြခြင်း ၄၆
  - လင်မယား ကွာရှင်းရန်အတွက် အခက်အခဲများ ၄၇
  - မူးယစ်ဆေးဝါးသုံးစွဲလိုသော ဆန္ဒဖြစ်ပေါ်ခြင်း ၄၉

**နိဂုံးနှင့် အကြံပြုချက်များ** ၅၀

**နောက်ဆက်တွဲ (၁)။ တွေ့ဆုံမေးမြန်းခြင်းများ စာရင်း** ၅၂

**နောက်ဆက်တွဲ (၂)။ သီသန့်ရွေးချယ်ဖော်ပြထားသော ထွက်ဆိုချက်များ။** ၅၅

# အမှာစကား

မိမိတို့အနေဖြင့် ပလောင်အမျိုးသမီးအစည်းအရုံး (PWO) မှ ဤအစီရင်ခံစာထုတ်ဝေဖြန့်ချိခဲ့ခြင်းအပေါ် ချီးကျူးထောက်ခံလိုပါသည်။ ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးပြဿနာသည်၊ ဒေသခံပြည်သူလူထုများအပေါ် မည်မျှဆိုးကျိုး သက်ရောက်စေသည်ကို ပြည့်စုံတိကျစွာဖော်ပြထားပါသည်။ မူးယစ်ဆေးစွဲနေသူများ၏ ဇနီးမယားများ၊ မိခင်များဖြစ်ကြသော ပလောင်အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းမှုများအရ မူးယစ်ဆေးသုံးစွဲမှုကြောင့် ဘဝပျက်စီးကြရမှုများနှင့် အနာဂတ်ပြိုကွဲကြရပုံများကို ဖော်ပြနေပါသည်။

ဒေသခံပလောင်ပြည်သူများအနေဖြင့် တစ်ချိန်က လက်ဖက်စိုက်ပျိုးရန်အသုံးပြုခဲ့ကြသော မြေများတွင်၊ ငွေအမြတ်ရလွယ်သော ဘိန်းပင်များကို အစားထိုးစိုက်ပျိုးလာနေသည်ကို တွေ့မြင်ခဲ့ကြရပါသည်။ ကျေးရွာသားများ အနေဖြင့်လည်း ဝင်ငွေပိုကောင်းသော ဘိန်းခင်းများတွင် အလုပ်လုပ်ကိုင်ကြခြင်းဖြင့် ဘဝအတွက် အသက်မွေးဝမ်းကျောင်းနေကြရပါသည်။

စိုးရိမ် ဖွယ်အချက်မှာ လုပ်ခကို ဘိန်းဖြင့်ပေးချေမှုဖြင့် တွင်တွင်ကျယ်ကျယ်ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။ ဘိန်းခင်းများတိုးတက်စိုက်ပျိုးလာသည်နှင့်အမျှ ဘိန်းစွဲသူအရေအတွက် ပိုမိုတိုးတက်လာရန်ရှိပြီး၊ အမျိုးသမီးများနှင့် ကလေးများအတွက် ပို၍ နစ်နာခံစားရဖွယ် ရှိနေပါသည်။

အမျိုးသမီးအများမှာ ယခုအခြေအနေတွင်ပင် စိုးရိမ်ဖွယ်ဆင်းရဲမွဲတေမှုအောက်၌ နေထိုင်နေကြရပါသည်။ သူတို့၏ခင်ပွန်းများ၊ သားများ မူးယစ်ဆေးစွဲမှုကြောင့် သူတို့အနေဖြင့် လူမှုဒုက္ခများပို၍ကြုံတွေ့ကြရပါသည်။ မိသားစုကိုထောက်ပံ့ကျွေးမွေးရန်အတွက် အမျိုးသမီးများကသာ တစ်ဦးတည်းဝန်ထမ်းကြရသည့် အခြေအနေဖြစ်စေပြီး၊ ဤအခြေအနေကြောင့်၊ သူတို့၏ကျန်းမာရေး၊ ကလေးများ၏ ပညာရေးလည်း ထိခိုက်နစ်နာစေရပါသည်။ ငွေကြေးကြပ်တည်းမှု ပိုလာခြင်း၊ မိသားစုအတွင်း တင်းမာမှုများဖြစ်လာခြင်းမှသည်၊ အိမ်တွင်းအကြမ်းဖက်မှုများသို့ ဦးတည်စေပါသည်။ ယဉ်ကျေးမှုဆိုင်ရာတား မြစ်ပိတ်ပင်ထားမှုများကြောင့်၊ တုပ်နှောင်ထားသကဲ့သို့ ဤအမျိုးသမီးများ၏ လူမှုဒုက္ခများကို ပို၍ဆင့်ကဲစေပြီး၊ ရုန်း မထွက်နိုင်သော လူမှုကပ်ဒုက္ခသံသရာဝဲသြဂအတွင်း ကျရောက်စေပါသည်။

မူးယစ်ဆေးဝါးပြဿနာနှင့် အမျိုးသမီးများနှင့်ကလေးများအပေါ် သက်ရောက်သောဆိုးကျိုးများမှာ၊ ပလောင်ဒေသတစ်ခုအတွင်း၌သာ ကွက်၍ဖြစ်ပေါ်နေသည် မဟုတ်ပါ။ မြန်မာနိုင်ငံတဝှမ်းတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေးကို ထိရောက်အောင်မြင်စွာ မဆောင်ရွက်နိုင်သောကြောင့်၊ ၎င်း၏ပြည်သူများအဖို့ ဖော်မပြနိုင်သော လူမှုဒုက္ခများ ကျရောက်နေစေပါသည်။ ဆန့်ကျင်ဖက်အခြေအနေကို တင်ပြပြောဆိုနေကြသော်လည်း၊ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာမှာ ပို၍ဆိုးရွားလာနေပြီး၊ ဒေသတွင်း တည်ငြိမ်ရေးနှင့် လုံခြုံရေးကိုပါ ခြိမ်းခြောက်လျက် ရှိနေပါသည်။ ဤအခြေအနေကို ကုလသမဂ္ဂလုံခြုံ ရေးကောင်စီ (UNSC) က သင့်လျော်သော အရေးယူဆောင်ရွက်မှုများ အဆောတလျင်ပြုလုပ်ရန် လိုအပ်နေပြီဖြစ်ပါသည်။

ပလောင်အမျိုးသမီးအစည်းအရုံး (PWO) က၊ ဤအစီရင်ခံစာမှတဆင့် အမျိုးသမီးများ၏ အသံကိုကြားစေရန် အခွင့်အလမ်းတစ်ခုကို ဖန်တီးပေးနိုင်ခဲ့ပြီး၊ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာကို ကူညီ ဆောင်ရွက်လာစေရန်အတွက် အထောက်အပံ့ဖြစ်စေခဲ့ပါသည်။

ဤသို့ သူတို့၏ဘဝဇာတ်ကြောင်းများကို ဖွင့်ဟပြောဆိုခဲ့ကြသော အမျိုးသမီးများ၏ ပြောင်မြောက်သောသတ္တိကြောင့်၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ကြိုးပမ်းမှုအားလုံးကို အထောက်အပံ့ဖြစ်စေနိုင်လိမ့်မည်ဟု မိမိတို့ မျှော်လင့်ပါသည်။ သူတို့၏ ခွန်အားများနှင့် ပြင်းထန်သောဆန္ဒများသည်၊ လူမှုဒုက္ခများခံစားနေကြရသော မြန်မာပြည်သူများအတွက်၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးများအတွက်၊ မိမိတို့၏ ကူညီပံ့ပိုးမှုများကို ပိုမို တိုးတက်လာစေရန် အားပေးတိုက်တွန်းမှု ဖြစ်စေပါလိမ့်မည်။

**Teresa Kok, Malaysian Member of Parliament and Secretary, AIPMC**

**Loretta Ann P. Rosales, Philippine Congresswoman and Committee Member, AIPMC**

**AIPMC is the ASEAN Inter-Parliamentary Myanmar Caucus**

ပလောင်အမျိုးသမီးအစည်းအရုံးမှ  လေ့လာမှုပြုခဲ့သောဒေသများပြ  မြေပုံ

# အစီရင်ခံစာအကျဉ်းချုပ်

တချိန်က မြန်မာပြည်တဝှမ်းတွင်၊ ချမ်းသာကြွယ်ဝသည့် လက်ဖက်စိုက်ပျိုးသူများအဖြစ် ကျော်ကြားခဲ့ကြသည့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပလောင်လူမျိုးများသည်၊ မူးယစ်ဆေးစွဲမှုနှုန်း မြင့်မားလာသည့်အတွက် အခြေအနေ ဆုတ်ယုတ်ကျဆင်းလျက်ရှိပါသည်။ မူးယစ်ဆေးစွဲမှု ပြဿနာသည် ပလောင်လူမှုအသိုင်းအဝိုင်းအား၊ အထူး ဆိုးကျိုးသက်ရောက်လျက်ရှိပြီး၊ အထူးသဖြင့် မူးယစ်ဆေးစွဲနေကြသော ခင်ပွန်း ယောကျ်ားများနှင့် သားများ၏ မိခင်၊ မယား ပလောင်အမျိုးသမီးများအတွက် ကြမ်းတမ်းပြင်းထန်လှသည့် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပါသည်။ ထို့အပြင် တည်ရှိနေသည့် လိင်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံမှုများကြောင့် ပို၍ခက်ခဲကြပ်တည်းစေပါသည်။

ပလောင်အမျိုးသမီးအစည်းအရုံးမှ ထုတ်ပြန်အစီရင်ခံသည့် ဤအစီရင်ခံစာ "*အဆိပ်သင့်ပန်းများ။ တိုးတက်များပြားလာနေသော မူးယစ်ဆေးစွဲပြဿနာကြောင့် မြန်မာနိုင်ငံအတွင်းရှိ ပလောင်အမျိုးသမီးများအပေါ် ဆိုးကျိုးသက်ရောက်မှုများ*"သည်၊ တွေ့ဆုံမေးမြန်းမှု (၈၈) ခုကို အခြေခံထားပြီး၊ အဓိကအားဖြင့် ကျေးရွာပေါင်း (၁၃) ရွာအတွင်းရှိ မူးယစ်ဆေးစွဲနေသည့်သူများ၏ ဇနီးမယားများထံမှ မေးမြန်းစုဆောင်းခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ တွေ့ဆုံမေးမြန်းခန်းများမှနေ၍၊ ခင်ပွန်းယောကျ်ားများ မူးယစ်ဆေးစွဲမှုကြောင့် မိသားစုများ မည်မျှဆင်းရဲမွဲတေစေခဲ့ခြင်းနှင့် ဘဝပျက်စေခဲ့သည်ကို ရှင်းလင်းစွာဖော်ပြနေပါသည်။ ကျေးရွာတစ်ရွာအား စစ်တမ်းကောက်ယူခဲ့ရာတွင် ဖခင်များနှင့် သားဖြစ်သူများအပါအဝင်၊ ထိုရွာရှိ အရွယ်ရောက်ပြီးသည့် အမျိုးသားတိုင်းလိုလိုသည် ဘိန်းနှင့် ဘိန်းဖြူစွဲနေသည်ကို တွေ့ရှိခဲ့ရပါသည်။

မြန်မာစစ်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်ပြစ်မှုများဆိုင်ရာရုံး (UNODC) မှထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင်၊ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှုသည် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်းအကြီးအကျယ် ကျဆင်းခဲ့သည်ဟု ဖော်ပြထားခဲ့သော်လည်း၊ ဆန့်ကျင်ကွဲပြားစွာပင် ယခုအစီရင်ခံစာတွေ့ရှိချက်အရ နမ့်ခမ်းနှင့် မန်တုံဒေသအနီးရှိ ပလောင်ဒေသများတွင်၊ ဆန့်ကျင်ဖက်လားရာသို့ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်မှုသည် စစ်အစိုးရနှင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLP) တို့အကြား၊ အပစ်အခတ်ရပ်စဲခဲ့သည့် (၁၉၉၁) ခုနှစ် နောက်ပိုင်းတွင် သိသာထင်ရှားစွာပင် တိုးတက်လာခဲ့ပါသည်။ ဒေသအတွင်းရှိ စစ်အစိုးရအားလိုလားသည့် ပြည်သူ့စစ်လက်နက်ကိုင်တပ်ဖွဲ့များကို ဒေသခံပြည်သူလူထုအား ထိန်းချုပ်နိုင်ရန်နှင့် မြန်မာစစ်တပ်အတွက် အကျိုးအမြတ်များခွဲဝေယူနိုင်ရန်အတွက်၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုကို တရားဝင်ခွင့်ပြုထားပါသည်။

အချိန်တည်းမှာပင် မြန်မာစစ်တပ်၏ ချုပ်ကိုင်မှုများသည်၊ လက်ဖက်လုပ်ငန်းအား ချိနဲ့အားနည်းစေပြီး၊ ပလောင် လယ်သမားများအား ဘိန်းစိုက်ပျိုးစေရန်အတွက် တွန်းပို့သည့်နှယ် ရှိနေပါသည်။ ဘိန်းရရှိရန်လွယ်ကူခြင်း၊ ပလောင် လူငယ်များအတွက် အနာဂါတ်အလား အလာမမြင်ခြင်း၊ ၎င်းတို့၏ ရိုးရာစဉ်လာ လက်ဖက်စိုက်ပျိုးသည့် အသက်မွေး ဝမ်းကျောင်းမှု ဆုံးရှုံးလာနေခြင်းများသည်၊ များစွာသော ပလောင်လူငယ်များအား မူးယစ်ဆေးစွဲမှုသို့ ဦးတည်စေပါသည်။ အလုပ်လုပ်ကိုင်ရန်အတွက် နေရပ်ရင်းမှ ပြောင်းရွှေ့ထွက်ခွါရခြင်းသည်လည်း မူးယစ်ဆေးစွဲမှုသို့ဦးတည်စေပြီး၊

လူများစွာတို့သည် မူးယစ်ဆေးစွဲမှုများ အနံ့အပြားဖြစ်ပေါ်နေသည့် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့မှ ကျောက်မိုင်းတွင်းတူးသည့် ဒေသများသို့ ပြောင်းရွှေ့အလုပ်လုပ်ကိုင်နေရမှုများ ဖြစ်ပေါ်နေပါသည်။

အစကတည်းကပင် အစဉ်အလာအရ လိင်ပိုင်းဆိုင်ရာ မညီမျှမှုများခံစားနေရသည့် ပလောင်အမျိုးသမီးများသည်၊ ၎င်းတို့လင်ယောကျ်ားများ၏ လက်အောက်ခံအဖြစ် ကျိုးနွံရပါသည်။ ၎င်းတို့၏လင်ယောကျ်ားများ မူးယစ်ဆေးစွဲသည့် အခါတွင်၊ ဆင်းရဲဒုက္ခအမျိုး မျိုးကို ပို၍ကြုံကြရပါသည်။ လင်ယောကျ်ားများသည် ၎င်းတို့၏မိသားစုများကို ကူညီထောက်ပံ့နေမှု ရပ်ဆိုင်းလိုက်သည်သာမက၊ ပစ္စည်း ဥစ္စာများနှင့် မိသားစုပိုင်ဆိုင်မှုများကို ရောင်းချခြင်း၊ ကြွေးတင်ခြင်း၊ ခိုးမှုကျူးလွန်ခြင်း၊ ၎င်းတို့၏ဆေးဖိုးအတွက် မူးယစ်ဆေးရောင်းဝယ် ဖောက်ကားမှုတွင် ပတ်သက်လာခြင်းများ ဆောင်ရွက်လာကြပါသည်။ ၎င်းတို့လင်ယောကျ်ားများ၏ နှုတ်အားဖြင့်၊ ကိုယ်ကာယအားဖြင့် ချိုးနှိမ်စော်ကားမှုများ ခံရရုံမျှမက၊ ဇနီးမယားများသည် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ နည်းပါးသည့် ကျေးရွာများတွင်၊ ကလေး (၁၀) ယောက် အထိ သို့မဟုတ် (၁၁) ယောက်ကို ထောက်ပံ့စောင့်ရှောက်ရသည့် ဝန်ထုတ်ဝန်ပိုးကိုပါ သယ်ပိုးရုန်းကန်ကြရပါသည်။ ဖြစ်ရပ်တစ်ခုတွင် အမျိုးသမီးတစ်ယောက်သည် ၎င်း၏သားသမီး (၁၁) ယောက်ရှိသည့်အနက်၊ အဟာရချို့တဲ့ခြင်းနှင့် ရောဂါဘယ များအတွက် (၈) ယောက်ကို ဆုံးရှုံးခဲ့ရပါသည်။ အခြားသော ဖြစ်ရပ်တစ်ခုတွင် သမီးဖြစ်သူ (၂) ယောက်ကို မူးယစ်ဆေးစွဲနေသော ၎င်းတို့၏ဖခင်က ရောင်းစားခြင်း ခံခဲ့ကြရပါသည်။

ပလောင် “လေ့ထုံးတမ်းဥပဒေအရ ခွဲခြားဆက်ဆံမှုများစွာရှိနေပြီး၊ မူးယစ်ဆေးစွဲနေသူများ၏ ဇနီးမယားများသည် ရွေးချယ်စရာ အခွင့်အလမ်း နည်းပါးလွန်းလှပါသည်။ လင်မယားကွာရှင်းခွင့်ကို အကယ်၍ခွင့်ပြုခဲ့လျှင်သော်မှ ဖခင်သည်၊ ကလေးများအား ထိန်းသိမ်းစောင့်ရှောက်ပိုင်ခွင့်ပေးထားပါသည်။ အမျိုးသမီးအများစုသည် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော် (PSLA) မှ ဦးစီးလုပ်ကိုင်နေ သည့် မူးယစ်ဆေးဖြတ်၊ ပြန်လည်ထူထောင်ရေးအစီအစဉ်ကို အသိအမှတ်ပြု ကျေးဇူးတင်ကြောင်း ဖော်ပြကြပါသည်၊ သို့သော် စစ်အစိုးရမှ ပလောင်ပြည်နယ်လွတ်မြောက်ရေး တပ်မတော် (PSLA) အား အဓမ္မလက်နက်ဖြုတ်သိမ်းခဲ့သည့်၊ (၂၀၀၅) ခုနှစ်၊ ဧပြီလ (၂၉) ရက် နေ့နောက်ပိုင်းတွင် အဆိုပါအစီအစဉ်ကို ပိတ်ပင်ခြင်းခံခဲ့ရပါသည်။

ကမ္ဘာ့ကုလသမဂ္ဂနှင့် အခြားသောအေဂျင်စီများသည် ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးပပျောက်စေရန် ရည်ရွယ်လျှက်၊ ဖွံ့ဖြိုးရေး အစီအစဉ်များကို တိုးတက်ထောက်ပံ့လျှက်ရှိပါသည်။ ဤအခြေအနေတွင် မြန်မာနိုင်ငံတွင် ဤမူးယစ်ဆေးဝါးပြဿနာကို ထိရောက်စွာ ဖြေရှင်းလိုပါက၊ အဓိကပင်ရင်းပြဿနာဖြစ်သော နိုင်ငံရေးပြဿနာကိုပါ အသိအမှတ်ပြု၍ ဖြေရှင်းရန်လိုအပ်ကြောင်း၊ ပလောင်အမျိုးသမီးအစည်းအရုံး (PWO) က နိုင်ငံတကာအသိုင်းအဝိုင်းသို့ တောင်းဆိုအပ်ပါသည်။ ဤပြဿနာများတွင် စစ်တပ်က ဒေသစီးပွါးရေးကို ကြိုးကိုင်ချယ်လှယ်နေမှု တိုးမြင့်လာခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ထိုအတွက်ကြောင့် ပလောင်လူမျိုးများ၏ လက်ဖက် လုပ်ငန်းကို ထိခိုက်စေပြီး၊ ပလောင်လယ်သမားများအနေဖြင့် ဘိန်းစိုက်ပျိုးမှုသို့ ဦးတည်လာစေပါသည်။ ထိုမျှသာမက ဒေသခံပြည်သူ လူထုများကို ထိန်းချုပ်နိုင်ရန်အတွက်၊ အပြန်အလှန်အားဖြင့် ဒေသခံပြည်သူ့စစ်လက်နက်ကိုင်တပ်ဖွဲ့များကို ဘိန်းစိုက်ပျိုးခွင့်ပြုသည့် စစ်အစိုးရ၏ မူဝါဒများသည်လည်း အကြောင်းအရင်းတစ်ခု ဖြစ်ပါသည်။ အဆိုပါအရင်းခံ ပြဿနာများသည်၊ မြန်မာနိုင်ငံတွင် စစ်မှန်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်မှသာလျှင် ဖြေရှင်းနိုင်လိမ့်မည် ဖြစ်ပါသည်။ ဤကာလအတွင်း၊ ပလောင်အမျိုးသမီးအစည်းအရုံးမှ နိုင်ငံတကာအလှူရှင်အသိုင်းအဝိုင်းသို့ တိုက်တွန်းလိုသည်မှာ၊ မူးယစ်ဆေးဝါးပြဿနာ ဆိုးကျိုးသက်ရောက်နေသည့်ဒေသများသို့ အကူအညီများပေးကြပါရန်၊ လူထုများက ကိုယ်ထူကိုယ်ထ ဦးဆောင်နေသည့် လုပ်ငန်းများမှတဆင့်၊ အထူးသဖြင့် အမျိုးသမီးများ၏ ကျန်းမာရေး၊ ပညာရေးနှင့်

အရည်အသွေးမြင့်တင်ပေးရေးဆိုင်ရာကိစ္စများအတွက် တိုက်ရိုက်ထောက်ပံ့ကူညီပေးကြပါရန် တောင်းဆိုအပ်ပါသည်။

၄င်းအတွက်ကြောင့်၊ ပလောင်အမျိုးသမီးအစည်းအရုံး (PWO) အနေဖြင့် အောက်ဖော်ပြပါအချက်များ ဆောင်ရွက်ရန်၊ အကြံပြုလိုပါသည်။

မြန်မာနိုင်ငံရှိ စစ်အစိုးရ၊ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) အနေဖြင့်–

- တနိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရန်၊ တိုင်းရင်းသားလူမျိုးစုများဒေသမှ (နအဖ) တပ်ဖွဲ့များကို အကုန်လုံး ပြန်လည်ရုပ်သိမ်းရန်နှင့် ဒေသအတွင်း ပြည်သူ့စစ်တပ်ဖွဲ့များအတွက်သော်လည်းကောင်း၊ စစ်တပ်အတွက်သော်လည်းကောင်း အဓမ္မ စစ်သားစုဆောင်းမှုများ ရပ်ဆိုင်းရန်။
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် "သုံးပွင့်ဆိုင်ဆွေးနွေးပွဲ" ချက်ချင်း စတင်ပါရန်။

ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးနှင့် ရာဇဝတ်ပြစ်မှုများဆိုင်ရာရုံး (UNODC) နှင့် ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် အစီအစဉ်များ အကောင်အထည်ဖော်နေကြသော ကုလသမဂ္ဂဌာနများအနေဖြင့်–

- နိုင်ငံရေးအခြေခံပြဿနာကို မဖြေရှင်းနိုင်ပဲ၊ မူးယစ်ဆေးပြဿနာကို ဖြေရှင်းရန် မဖြစ်နိုင်ကြောင်း လူသိရှင်ကြား အသိအမှတ်ပြု ထုတ်ဖော်ပြောကြားရန်၊ သူတို့၏အစီအစဉ်များအတွက် ပိုမိုအထောက်အပံ့ဖြစ်စေရန်၊ စစ်မှန်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်ကိစ္စကို လိုအပ်ချက် တစ်ရပ်အနေဖြင့် ထည့်သွင်းရန်။ သို့မှသာ ၄င်းအခြေခံ ပင်ရင်းပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။
- မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ပတ်သက်သော သတင်းစုဆောင်းမှုများ၊ အချက်အလက်ကောက်ခံမှုများကို၊ ပိုမိုတိကျစွာ ရရှိနိုင်ရန်အတွက်၊ (နအဖ) အာဏာပိုင်အရာရှိများ မပါဝင်စေပဲ ဆောင်ရွက်ပါရန်။

အလှူရှင်နိုင်ငံများအနေဖြင့်–

- မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အစီအစဉ်များဆောင်ရွက်နေကြသော ဌာနများသို့၊ အထောက်ဖော်ပြပါ တောင်းဆိုချက်များအတိုင်း ဆောင်ရွက်ပါရန်၊ ကြိုတင်သတ်မှတ်ချက်ထား၍ ရံပုံငွေ ထောက်ပံ့ပါရန်။
- မူးယစ်ဆေးစွဲဒေသများတွင် ဒေသခံ လူထုအခြေပြုအဖွဲ့အစည်းများမှ အစပျိုးဆောင်ရွက်နေကြသော လုပ်ငန်းအစီအစဉ်များ၊ အထူးသဖြင့် အမျိုးသမီးများ၏ ကျန်းမာရေး၊ ပညာရေး၊ အရည်အသွေးမြှင့်တင်ရေးကိစ္စများအတွက် နယ်စပ်ဖြတ်ကျော်ကူညီ ထောက်ပံ့မှုများ ပြုပါရန်။

နိုင်ငံတကာ မိသားစုအနေဖြင့်–

- မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာကို ထိရောက်စွာဖြေရှင်းနိုင်ရန်၊ တစ်ခုတည်းသော ထိရောက်သောနည်းနာအဖြစ်၊ စစ်မှန်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန်အတွက်၊ (နအဖ) စစ်အစိုးရသို့ ဖိအားပေးကြပါရန်။
- မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ တရားဝင်အစည်းအဝေးအစီအစဉ်များတွင် ထည့်သွင်းဆွေးနွေးနိုင်ရေး အတွက် ဝိုင်းဝန်းတောင်းဆိုကြပါရန်။

# နိဒါန်း

လတ်တလောနှစ်များအတွင်း၊ မြန်မာစစ်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်ရာဇဝတ်ပြစ်မှုများဆိုင်ရာရုံး **(UNODC)** တို့က၊ မြန်မာနိုင်ငံတွင်၊ အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဘိန်းစိုက်ပျိုးမှု ကျဆင်းလာသည်ဟု ဖော်ပြပြောဆိုခဲ့ကြပါသည်။ (၂၀၀၅) ခုနှစ်၊ မတ်လတွင်၊ **(UNODC)** က မြန်မာနိုင်ငံအတွင်း ဘိန်းထုတ်လုပ်မှုသည် (၈) နှစ်အတွင်း (၇၃) ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ထုတ်ပြန်ခဲ့ပြီး၊ စစ်အစိုးရ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းမှုများကို ချီးကျူးခဲ့ပါသည်။ ဤစွမ်းဆောင်ချက်များသည် "အရေးပါပြီး၊ လေးစားဖွယ်" ဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။ [၁]။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပလောင်ဒေသများတွင် နေထိုင်နေသည့် မိမိတို့ပလောင်လူမျိုးများအတွက်မှာမူ၊ ထိုကဲ့သို့သော ဖော်ပြပြောဆိုချက်များကို အခြေအနေမှန်နှင့်ကိုက်ညီသည်ဟု သဘောတူလက်ခံရန် ခက်ခဲလှပါသည်။ ဘိန်းထုတ်လုပ်မှုကျဆင်းသည်ကို မတွေ့ရှိရ ရုံမျှမက၊ လွန်ခဲ့သော (၁၀) နှစ်အတွင်း ရှေးယခင်က မည်သည့်အခါကမျှ ဘိန်းစိုက်ပျိုးခြင်းမရှိခဲ့သည့် မိမိတို့၏ပလောင်ဒေသအတွင်း၊ ဒေသများတွင် ဘိန်းထုတ်လုပ်မှု ပျံ့နှံ့လာနေသည်ကို တွေ့မြင်နေရပေသည်။ တချိန်တည်းမှာပင် မူးယစ်ဆေးစွဲမှုပြဿနာသည်၊ ထိန်းချုပ်မရနိုင်ဖွယ် လျှင်မြန်စွာတိုးတက် များပြားလာသည်ကို တွေ့ရပြီး၊ အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် ဆိုးရွားစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပါသည်။

စစ်အစိုးရသည် မြန်မာနိုင်ငံအတွင်း၊ သတင်းအချက်အလက်များကို တင်းကြပ်စွာချုပ်ကိုင်ထားမှုကြောင့်၊ ကံမကောင်းအကြောင်းမလှစွာပင်၊ ဘိန်းစိုက်ပျိုးသည့် ဒေသများအတွင်းမှ တိကျမှန်ကန်သည့် သတင်းအချက်အလက်အနည်းငယ်သာလျှင် ပြင်ပကမ္ဘာသို့ ရောက်ရှိနိုင်ကြပါသည်။ ထို့အပြင် ဤဒေသများအတွင်းရှိ အမျိုးသမီးများ၏ အသံများကို ကြားသိခွင့်ရရန်ဆိုလျှင် အလွန်တရာပင်၊ ရှားပါးလှပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ကြိုးပမ်းနေကြသော၊ ဒေသတွင်းနှင့် နိုင်ငံတကာရှိ အေဂျင်စီများမှ ချမှတ်လုပ်ဆောင်နေသည့် အစီအစဉ်များတွင်၊ ဒေသခံလူထုမှအဖွဲ့အစည်းများ၏ အကြံပြုဖြည့်ဆီးချက်များ လိုအပ်မှုရှိနေ လိမ့်မည်ဟု စိုးရိမ်မိပါသည်။ အထူးသဖြင့် မူးယစ်ဆေးဝါးပြဿနာ၏ အကျိုးဆက်များကို တိုက်ရိုက်ခံစားနေကြရသည့် အမျိုးသမီးများ၏ အသံများ မဖြစ်မနေ ထည့်သွင်းရန်ပျက်ကွက်နေသည်ဟု မိမိတို့ စိုးရိမ်မကင်းဖြစ်မိပါသည်။

ထို့ကြောင့် ယခုအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ ၎င်းတို့ဒေသအတွင်းရှိ ကြီးထွားလာနေသည့်အကျပ်အတည်းဖြစ်သော မူးယစ်ဆေးစွဲ ပြဿနာကို အဖြေရှာဖွေရန်အတွက်၊ ပလောင်အမျိုးသမီးများ၏အသံကို ကြားသိနိုင်စေရန် ဖြစ်ပါသည်။ ပလောင်အမျိုးသမီးအစည်း အရုံး **(PWO)** က ယုံကြည်သည်မှာ ဒေသအဆင့်တွင် ဖြစ်ပေါ်နေသော ပြဿနာများကို အပြည့်အဝ နားလည်သဘောပေါက်မှသာလျှင်၊ ၎င်းပြဿနာများအား ဖြစ်ပေါ်စေသည့် အမျိုးမျိုးသော အကြောင်းအချက်များကို နားလည်မှသာလျှင်၊ အဆိုပါပြဿနာများကို လျော်ကန်စွာ ဖြေရှင်းနိုင်လိမ့်မည် ဖြစ်ပါသည်။

---

[၁] "Opium crop down sharply says narcotic agency", article in the *Myanamr Times*, March 14-20, 2005.

# အစီရင်ခံစာပြုလုပ်ရာတွင်လုပ်ဆောင်သည့် နည်းနာ



ပလောင်အမျိုးသမီးအစည်းအရုံး (PWO) မှ သုတေသနပြုသူများသည်၊ ဤအစီရင်ခံစာအတွက် သတင်းအချက် အလက်အများစုကို (၂၀၀၄) ခုနှစ်၊ ဒီဇင်ဘာလမှ (၂၀၀၅) ခုနှစ်၊ ဖေဖော်ဝါရီလတိုင် ကောက်ယူစုဆောင်းခဲ့ခြင်း ဖြစ်ပါသည်။

တွေ့ဆုံမေးမြန်းခြင်းများကို ရှမ်းပြည်နယ် မြောက်ပိုင်း၊ နမ့်ခမ်းနှင့် မန်တုံဒေသများအတွင်းရှိ ပလောင် ကျေးရွာပေါင်း (၁၃) ရွာတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါဒေသအား တွေ့ဆုံမေးမြန်းခန်းပြုလုပ်ရန် ရွေးချယ်ခဲ့ခြင်းမှာ မူးယစ် ဆေးစွဲမှုနှုန်း မြင့်မားသည်ဟု သတင်းဖော်ပြချက်များ ရရှိခဲ့သောကြောင့် ဖြစ်ပါသည်။ မြို့များတွင် မူးယစ်ဆေးစွဲမှုနှုန်း မြင့်မားသော်လည်း၊ စစ်အစိုးရအာဏာပိုင်များက သံသယရှိပြီး၊ ပြဿနာရှာမည် စိုးသဖြင့်၊ တွေ့ဆုံမေးမြန်းခန်းများ ပြုလုပ်နိုင်ခဲ့ခြင်းမရှိပါ။ မြန်မာနိုင်ငံတွင် ခွင့်ပြုချက်မရပဲ၊ အချက်အလက်များကောက် ယူစုဆောင်းမှုကို တင်းကြပ်စွာ တားမြစ်ထားပြီး၊ အကယ်၍ ခွင့်ပြုချက်မရယူပဲ ပြုလုပ်ပါက ထောင်ဒဏ် သို့မဟုတ် ပိုမိုဆိုးရွားသည့် အပြစ်ပေးမှု ခံရနိုင်ပါသည်။

တွေ့ဆုံမေးမြန်းသူများသည်၊ ကျေးရွာတစ်ခုချင်းစီရှိ မူးယစ်ဆေးစွဲသူများကို ထုတ်ဖော်နိုင်ရန်၊ ဒေသခံ ပလောင် အာဏာပိုင်များက ကူညီပေးခဲ့ပြီး၊ မူးယစ်ဆေးစွဲနေသူများ၏ ဇနီးမယားများ သို့မဟုတ် မိခင်များကို တွေ့ဆုံမေး မြန်းခွင့်ရရန် မေတ္တာရပ်ခံခဲ့ကြပါသည်။ အဆိုပါ အမျိုးသမီးများသည် မူးယစ်ဆေးစွဲမှု၏ ဆိုးကျိုးဒုက္ခများကို နစ်နာခံစား ရသူများဖြစ်ပြီး၊ ဆင်းရဲမွဲတေမှု၊ သားသမီးဦးရေများပြားမှု၊ သို့မဟုတ် ကျန်းမာရေးချို့တဲ့မှုတို့ကြောင့် ပို၍ထိခိုက် နစ်နာကြရပါသည်။ အချို့ဖြစ်ရပ်များတွင် မူးယစ်ဆေးစွဲသူ၏ ဆွေမျိုးများ သို့မဟုတ် အိမ်နီးနားခြင်းများကို တွေ့ဆုံ မေးမြန်းခဲ့ကြပါသည်။

တွေ့ဆုံမေးမြန်းသူများ၏ အမည်မှန်များ သို့မဟုတ် ၎င်းတို့၏ကျေးရွာအမည်များကို လုံခြုံရေးအရ ယခု အစီရင်ခံစာတွင် ထည့်သွင်း အသုံးပြုဖော်ပြထားခြင်း မရှိပါ။

# နောက်ခံအကြောင်းအချက်များ





## ပလောင်ပြည်သူများ

ပလောင်လူမျိုးများသည် လူမျိုးပေါင်းစုံမှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ မြောက်များစွာသော တိုင်းရင်းသား ပေါင်းစုံအနက်မှ တစ်ခုဖြစ်ပါသည်။ ပလောင်လူမျိုးများသည် လူဦးရေ တစ်သန်းကျော်ရှိပြီး၊ အများစုသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပလောင်ဒေသအတွင်းရှိ တောင်ပေါ်ဒေသများတွင် နေထိုင်လျှက်ရှိသည်။ (မြေပုံကို ကြည့်ပါ)။ ပလောင်လူမျိုးအများသည် ရှမ်းပြည်နယ် တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသရှိ မြို့များတွင်လည်း နေထိုင်လျှက်ရှိသည်။

ပလောင်လူမျိုးများသည် မွန်–ခမာ မျိုးနွယ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ၎င်းတို့တွင် ရှည်လျားလှသော သမိုင်းကြောင်းနှင့် ခိုင်မာသော သီးခြားကိုယ်ပိုင် ဝိသေသလက္ခဏာသတ်မှတ်ချက် ရှိပါသည်။ ၎င်းတို့တွင် ကိုယ်ပိုင် ဘာသာစကား၊ စာပေနှင့် ကွဲပြားခြားနားသည့် ရိုးရာယဉ်ကျေးမှု ပိုင်ဆိုင်ပြီး၊ အတိတ်ကာလက ၎င်းတို့သည် ကိုယ်ပိုင် နယ်မြေဒေသနှင့် မိမိဖာသာဖူလုံသော စီးပွါးရေးအခြေအနေတို့ဖြင့် ခံစားပျော်ရွှင်နိုင်ခဲ့ကြပါသည်။ ပလောင် လူမျိုးအများသည် ဗုဒ္ဓဘာသာ ကိုင်းရှိုင်းကြပြီး၊ (၁၀) ရာခိုင်နှုန်းအောက်သည်သာ နတ်ကိုးကွယ်သူများ သို့မဟုတ် ခရစ်ယာန် ဘာသာဝင်များ ဖြစ်ပါသည်။

ပလောင်လူမျိုးများ၏ရိုးရာနယ်မြေဒေသများတွင် ပတ္တမြား၊ နီလာမိုင်းတွင်းများ ကြွယ်ဝပြီး၊ ရွှေ၊ ငွေ၊ သတ္တုနှင့် အလူမီနီယမ်ကဲ့သို့သော သဘာဝတွင်းထွက် ဓါတ်သတ္တုများလည်း တွေ့ရှိရပါသည်။ ပလောင်လူမျိုးများသည် ကုန်းမြင့်ပိုင်း စိုက်ခင်းများတွင် ရှေးကာလကပင် လက်ဖက်စိုက်ပျိုးကြပြီး၊ ပလောင်လက်ဖက်သည် ၎င်း၏အရည် အသွေးမြင့်မားမှုကြောင့် မြန်မာနိုင်ငံတွင် ထင်ပေါ်ကျော်ကြားပါသည်။ ထို့အပြင် ပလောင်လူမျိုးများသည် သမပိုင်းရာသီဥတုတွင် ဖြစ်သည့် ပန်းသီး၊ ဆီးသီး၊ ထောပတ်သီးနှင့် သစ်တော်သီးကဲ့သို့သော သစ်သီးဝလံများကိုလည်း စိုက်ပျိုးကြပြီး၊ မြေပြန့်ဒေသများတွင် များစွာ ဈေးကောင်းရပါသည်။

# ပလောင်အမျိုးသမီးများ၏ အခွင့်အတန်း

*“ သမီးမိန်းကလေးတစ်ယောက်ဟာ*
*နံရံချိတ်သည့် လွယ်အိတ်ပမာ။*
*အလိုရှိသည့်အခါမှာ*
*အိမ်မှ အချိန်မရွေး ဖယ်ရှားစေနိုင်တာ။ ”*

ပလောင်ရိုးရာစကားပုံ



ပလောင်အမျိုးသမီးအများစုသည် ငယ်ရွယ်စဉ်ကပင် (အသက် ၁၆ – ၁၇ နှစ်လောက်တွင်) အိမ်ထောင်ပြုကြသည်။ ထို့နောက် ၎င်းတို့၏ ခင်ပွန်းယောကျ်ားဖြစ်သူ၏ အိမ်သို့ ပြောင်းရွှေ့နေထိုင်ကြရသည်။ ၎င်းတို့သည် အိမ်မှုကိစ္စအားလုံးကို လုပ်ကိုင်ရပြီး၊ သားသမီးများနှင့် လင်ယောကျ်ားကို ပြုစုစောင့်ရှောက်ရန်လည်း တာဝန်ရှိသည်။ ထိုမျှသာမက နေ့ပိုင်းအချိန်များတွင် ၎င်းတို့ လင်ယောကျ်ားများ၏ လယ်ယာလုပ်ငန်းများကိုလည်း ကူညီလုပ်ကိုင်ရသည်။ ခင်ပွန်းယောကျ်ားများကို အိမ်ထောင်ဦးစီးအဖြစ် အသိအမှတ်ပြုရပြီး၊ လင်ယောကျ်ားကို အမြဲတစေနာခံလေးစား ကြရသည်။ အမျိုးသမီးများသည် ပွဲတော်များကျင်းပသည့်အခါ ချက်ပြုတ် ရခြင်း၊ သို့မဟုတ် လူမှုရေး လုပ်ငန်းများအတွက် ရန်ပုံငွေကောက်ခံပွဲများ၊ အလှူပွဲများတွင် ဆောင်ရွက်ရသည်မှလွဲ၍၊ လူမှုအသိုင်း အဝိုင်းတွင် နေရာပေးမခံရပါ။ လူမှုအဖွဲ့အစည်းတွင် ခေါင်းဆောင်များအားလုံးမှာ အမျိုးသားများချည်းသာ ဖြစ်ပါသည်။

ပလောင်ထုံးတမ်းစဉ်လာဥပဒေအရ လင်ယောကျ်ားများသည် ပိုင်ဆိုင်မှုအားလုံးကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိပြီး၊ မိသားစုအမွေဆက်ခံရာတွင် သားများသာ ခွဲဝေရရှိသည်။ အဆိုပါအကြောင်းများကြောင့်နှင့် မိဘဖြစ်သူတို့က အမျိုးသားများသည်သာ ၎င်းတို့မိသားစု၏ အဓိကထောက်ပံ့ပေးကမ်းသူများဖြစ်သည်ဟု ယုံကြည်မှုကြောင့်၊ သားများကိုသာ ပညာဦးစားပေးသင်စေသည်။ သမီးဖြစ်သူတို့မှာ ဦးစားပေး မခံရပါ။ အကယ်၍ ပညာရေးအတွက် သုံးစွဲရန် ငွေကြေးအကန့်အသတ်ရှိပါက၊ ပထမဦးဆုံး ကျောင်းထုတ်ခံရသည်မှာ သမီး မိန်းကလေးများသာဖြစ်ပြီး၊ ၎င်းတို့၏ အစ်ကိုနှင့် မောင်များ၏ပညာရေးကို ထောက်ပံ့နိုင်ရန်အတွက် အလုပ်လုပ်စေပါသည်။

ပလောင်ထုံးတမ်းစဉ်လာဥပဒေအရ၊ အမျိုးသမီးများသည် ၎င်းတို့၏လင်ယောကျ်ားများ ခွင့်ပြုချက်မပါပဲ လင်မယားကွာရှင်းခွင့် မရှိပေ။ အကယ်၍ လင်ယောကျ်ားဖြစ်သူက လင်မယားကွာရှင်းခွင့်၊ ခွင့်ပြုသည်ဆိုလျှင်ပင် မယားဖြစ်သူသည် မည်သည့်မိသားစုပိုင်ဆိုင်မှုမှ ပိုင် ဆိုင်ခွင့်မရပဲ၊ သားသမီးများကို အုပ်ထိန်းခွင့်လည်း ဆုံးရှုံးရသည်။

ပလောင်ဒေသတွင် ပေးသည့် လုပ်အားခနှုန်းထားများမှာလည်း အမျိုးသားများနှင့် အမျိုးသမီးများအကြား မညီမျှသည့် အဆင့်အတန်း ရှိသည်ကို ထင်ဟပ်ဖော်ပြနေသည်။ အမျိုးသားများနှင့်အမျိုးသမီးများသည် တူညီသောအလုပ်ကို လုပ်ကိုင်ကြရသော်လည်း၊ အမြဲတမ်း ပင် အမျိုးသားများသည် လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းမှ တနေ့လုပ်အားခ (၇၀၀) ကျပ်ခန့်ရရှိပြီး၊ အမျိုးသမီးများသည် (၅၀၀) ကျပ်သာ ရရှိသည်။

ဆယ်စုနှစ်ပေါင်းများစွာကြာရှည်ခဲ့သည့် ပြည်တွင်းစစ်နှင့် မြန်မာစစ်တပ်၏ ပလောင်ဒေသများအတွင်း ဆက်လက်၍ စစ်အင်အား တိုးချဲ့ ချထားမှုတို့ကြောင့် ပလောင်အမျိုးသမီးများအပေါ်တွင် မရေမတွက်နိုင်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ဖြစ်စေပါသည်။ အဓမ္မ နေရာပြောင်းရွှေ့ချထားခြင်း၊ အဓမ္မလုပ်အားပေး စေခိုင်းခြင်းနှင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်စေပါသည်။ သို့သော်ငြားလည်း ပလောင်ဒေသ၏ ကွာလှမ်းအထီးကျန်ဖြစ်မှုကြောင့် အဆိုပါ လူ့အခွင့်အရေးချိုးဖောက်မှုသတင်းများသည် ပြင်ပကမ္ဘာသို့ တစ်ခါတရံမှသာ ရောက်ရှိကြပါသည်။

မြန်မာနိုင်ငံ၏ အခြားသောနေရာဒေသများကဲ့သို့ပင်၊ ပလောင်ဒေသအတွင်းရှိ အမျိုးသမီးများသည်လည်း၊ စစ်အစိုးရမှ ကမကထပြုသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (MWAF) သို့ ဝင်ရောက်ရန် လိုအပ်ပါသည်။ သို့သော်လည်း ဒေသခံအမျိုးသမီးများ၏ ဖော်ပြ ပြောဆိုချက်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (MWAF) သည် ဟန်ပြမျှသာဖြစ်ပြီး၊ လက်တွေ့တွင် ၎င်းတို့ဒေသအတွင်းရှိ အမျိုးသမီးများ၏ အဆင့်အတန်းမြင့်မားလာစေရေးအတွက် ဆောင်ရွက်နိုင်ခြင်း မရှိပါ။

[၀] "Opium crop down sharply says narcotic agency", article in the *Myanamr Times*, March 14-20, 2005.

# ကျန်းမာရေးနှင့် ပညာရေး အခွင့်အလမ်းရရှိမှု

## ကျန်းမာရေး

ပလောင်လူမျိုးအများသည် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်မှု နည်းပါးလှပါသည်။ အထူးသဖြင့် ဝေးလံသော တောင် တန်းများ ပေါ် တွင် နေထိုင်ကြသည့်သူများအတွက် ပို၍ဆိုးပါသည်။ ကျေးရွာ (၁၀) ရွာခန့်တွင် ဆေးပေးခန်းတစ်ခုမျှ ရှိပါသည်။ ရောဂါဝေဒနာရှင်များက ဆေးဝါးများအားလုံး အတွက် ကျခံ ရပြီး၊ မြို့ပြဒေသများထက် ဈေးနှုန်းမြင့်၍ ဝယ်ယူကြ ရပါသည်။ အကျိုးဆက်အဖြစ် ရွာသူရွာသား အများစုသည် ဆေးသင်တန်း စနစ်တကျမသင်ယူခဲ့ရသည့် တိုင်းရင်းဆေးဆရာများကိုသာ မှီခိုအားထား နေကြရပါသည်။



*ပိုလီယိုဝေဒနာရှင် ကလေးတစ်ဦး*

ပလောင်ကျေးလက်ဒေသများတွင် မျိုးဆက်ပွါး ကျန်းမာရေးနှင့် ပတ်သတ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ မရှိပါ။ ပလောင် အမျိုးသမီးအများစုသည် နေအိမ်မှာပင် ကလေးမွေးဖွား ကြရပြီး၊ လေ့ကျင့်ပေးထားသည့်ဝမ်းဆွဲဆရာမများ၏ အကူအညီလည်း မရရှိကြပါ။

မြို့များ တွင် ကုလသမဂ္ဂ ကလေးများရံပုံငွေအဖွဲ့ (ယူနီဆက်) မှထုတ်ဝေသည့် မျိုးဆက်ပွါးကျန်းမာရေးနှင့် ပတ်သတ်သည့် စာအုပ်စာတမ်းများ၊ လက်ကမ်းစာစောင်များ ရရှိနိုင်သော်လည်း၊ အဆိုပါစာစောင်များကို ပလောင်ကျေးလက် တောရွာများတွင် ဖြန့်ဝေပေးခြင်း မပြုခဲ့ပါ။ ပလောင်အမျိုးသမီးအနည်းငယ်မျှသာ မိသားစုစီမံကိန်းအကြောင်းသိရှိကြပြီး၊ သန္ဓေတားနိုင်သည့် အခွင့်အရေး ရှိကြပါသည်။ ထို့ ကြောင့် အချို့သော အမျိုးသမီးများသည် အန္တ ရာယ်များလွန်းသော နည်းလမ်းများဖြင့် ကလေးဖျက်ချကြပါသည်။ ရိုးရာလက်သည်များ က ၎င်းတို့၏ဝမ်းပိုက်ကို နှိပ်နယ်ခြင်း၊ သို့မဟုတ် ၎င်းတို့၏ သားအိမ်အတွင်းသို့ တုတ်ချောင်းငယ်များ ထည့်သွင်းခြင်း စသည့် ဘေးအန္တ ရာယ်ကြီးလှသော နည်းများဖြင့် ဆောင်ရွက်လေ့ရှိပါသည်။

အမျိုးသမီးအများစုသည် သားဆက်ခြားခြင်းကို ကျင့်သုံးနိုင်သည့် အခြေအနေမရှိခြင်းကြောင့်၊ ဆင်းရဲနေသော မိသားစု၏ အရင်းအမြစ် များကို ပိုမိုပြုန်းတီးစေပြီး၊ မိခင်နှင့် ကလေးများ၏ကျန်းမာရေးချို့တဲ့မှုကိုပါ ဖြစ်ပေါ်စေပါသည်။ ပလောင်အမျိုးသမီးအစည်းအရုံး (PWO) မှ (၂၀၀၄) ခုနှစ်၊ နိုဝင်ဘာလတွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ပလောင် ကျေးရွာပေါင်း (၂၆၉၄) ရွာတွင် လူထုကျန်းမာရေး အကဲဖြတ် စစ်တမ်းကောက်ယူချက်အရ၊ အသက် (၅) နှစ်အောက် ကလေးသေဆုံးနှုန်းသည် (၂၈. ၅) ရာခိုင်နှုန်းရှိပြီး၊ အဟာရချို့တဲ့မှုနှုန်းသည် (၃၀. ၂) ရာခိုင်နှုန်းရှိနေသည်ကို တွေ့ရှိခဲ့ရပါသည်။

# ပညာရေး

ပလောင်ကျေးလက်ဒေသများတွင် ကျောင်းအနည်းငယ်မျှသာ ရှိပါသည်။ ကျေးရွာ (၃) ရွာ သို့မဟုတ် (၄) ရွာတွင်၊ မူလတန်းကျောင်း (၁) ကျောင်းနှုန်းမျှသာ ရှိသည်။ အကယ်၍ကျောင်းသားများသည် မူလတန်းပညာရေးပြီးဆုံးပြီးနောက်၊ ပညာဆက်လက်သင်ကြားလိုပါ က၊ ၎င်းတို့၏ကျေးရွာမှ များစွာဝေးကွာသည့် အခြားသောကျေးရွာ သို့မဟုတ် မြို့သို့ သွားရောက်ကြရပါသည်။ သို့သော်လည်း၊ ကျောင်းသားအများစုမှာ မူလတန်းပညာရေး ပြီးဆုံးအောင်ပင် ပညာ သင်နိုင်ခြင်း မရှိချေ။ အကြောင်းတစ်ခုမှာ မိဘများဆင်းရဲ၍၊ ၎င်းတို့ ၏သားသမီးများ ကျောင်းထားရန် မတတ်နိုင်ကြခြင်း ဖြစ်ပါသည်။ အခြားသောအကြောင်းတစ်ခုမှာ ကျောင်းနှင့် ၎င်းတို့အိမ် ဝေးကွာလွန်းပြီး၊ သယ်ယူပို့ဆောင်ရေးစနစ်လည်း မရှိပါ။ ထို့အပြင် ကျောင်းများသည်လွန်စွာသေးငယ်လှပြီး ကလေးများအားလုံးကို လက်ခံနိုင်သော အခြေအနေမရှိပါ။



ကျေးလက်ဒေသရှိကလေးငယ်များသည် မြို့များတွင် အထက်တန်းကျောင်းတက်၍ ပညာသင်ကြားနိုင်ကြသည် ဆိုလျှင်ပင်၊ ကျောင်းမှ စောစီးစွာ ထွက်ကြပါသည်။ အကြောင်းမှာ ၎င်းတို့သည် မိဘများမှ ပုဂ္ဂလိကကျူရှင်ဖိုးပေးရန် တတ်နိုင်သည့် ချမ်းသာသောကလေးများ နှင့် ယှဉ်ပြိုင်ရန် ခက်ခဲသည်ကို နားလည်သဘောပေါက်လာသောကြောင့် ဖြစ်ပါသည်။ ထို့အပြင် ကျေးလက်တောရွာများရှိ မိဘများ သည် မြင့်မားလာသည့်ကျောင်းစရိတ်အပြင်၊ စာအုပ်စာတန်း၊ စာရေးကရိယာ၊ အားကစားကြေး၊ မဖြစ်မနေပေးရမည့် အမျိုးမျိုးသော အခမ်းအနားများအတွက် လှူဒါန်းငွေများ၊ ကွန်ပြူတာကြေး၊ကျောင်းဝတ်စုံကြေးတို့ ကဲ့သို့သော ကုန်ကျငွေအမျိုးမျိုးကို မတတ်နိုင်ကြပါ။ ထို့အပြင် သူတို့၏ သားသမီးများအား အိမ်လုပ်ငန်းများတွင် ကူညီခိုင်းစေရန်အတွက် ကျောင်းထွက်စေကြပြန်သည်။ ပလောင်ကလေး သူငယ်များသည် နိုင်းယှဉ်ချက်အရ ကျောင်းစတက်ရာတွင် နောက်ကျကြပြီး၊ အသက် (၁၀) နှစ် သို့မဟုတ် (၁၁) နှစ်တွင်မှ ကျောင်းစနေကြရပါသည်။ သူတို့သည် အခြားကျောင်းသားများထက် အသက်ပိုမိုကြီးနေကြသောကြောင့်၊ တစ်ခါတရံတွင် ရှက်စိတ်ဝင်ပြီး၊ ကျောင်းမတက်ချင်ကြပါ။

# နိုင်ငံရေးသမိုင်းကြောင်း

## *အစဉ်အလာကိုယ်ပိုင်အုပ်ချုပ်ရေး*

ပလောင်လူမျိုးများကို ရိုးရာအစဉ်အလာအရ၊ အရိုက်အရာဆက်ခံသော စော်ဘွားများနှင့် မင်းသားများမှအုပ်ချုပ်ကြပြီး၊ နမ့်စံမြို့နယ် တွင် မြို့တော်အဖြစ် အခြေစိုက်ပါသည်။ ၎င်းတို့၏ သမိုင်းကြောင်းအရ၊ အမျိုးမျိုးသောကာလများတွင် ပလောင်လူမျိုးများသည် မြန်မာဘုရင်များထံသို့ လက်ဆောင်ပဏ္ဏာများဆက်သရန် အတင်းအကျပ် ပေးဆောင်စေခဲ့ကြပါသည်။ သို့သော်ငြားလည်း ရှမ်းပြည်နယ်အား ဗြိတိသျှတို့သိမ်းပိုက်ခဲ့သည့် (၁၈၈၆) ခုနှစ်တွင် လွတ်လပ်သောအချိန်ပိုင်းတစ်ခုကို ပျော်ရွှင်စွာခံစားနိုင်ခဲ့ကြပါသည်။ ပလောင်လူမျိုးတို့သည် ကိုလိုနီအုပ်ချုပ်ရေးကာလအတွင်းနှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီအုပ်ချုပ်ရေးကာလ (၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း) တစုံတရာ အကန့်အသတ်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ကျင့်သုံးနိုင်ခဲ့ကြပါသည်။ သို့သော်လည်း (၁၉၆၂) ခုနှစ်၊ ဗိုလ်ချုပ်နေဝင်းဦးဆောင် သည့် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းကာလများတွင်၊ ပြင်းထန်သောနိုင်ငံရေးလှုပ်ရှားမှုနှင့် လက်နက်ကိုင်လှုပ်ရှားမှုများ ပလောင် ဒေသတွင် စတင်ဖြစ်ပွါးခဲ့ရပါသည်။

## *ပလောင်ခုခံကာကွယ်ရေးလှုပ်ရှားမှုစတင်ခြင်း။*

(၁၉၆၂) ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းပြီးနောက် မြန်မာ့တပ်မတော်သည် ပြည်သူများအပေါ်တွင် မတရားမှုများစွာ ကျူးလွန်ခဲ့ပြီး၊ ပလောင်ပြည်သူများသည်လည်း၊ အခြားသောလူမျိုးစုများနှင့်အတူ ၎င်းတို့ကို လက်နက်စွဲကိုင် ဆန့်ကျင်ခဲ့ကြပါသည်။ ပထမဦးဆုံး ပလောင်ခုခံကာကွယ်ရေးအင်အားစုဖြစ်သည့် 'ပလောင်အမျိုးသားတပ်ဦး' (PNF) ကို (၁၉၆၃) ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။ ထိုအချိန်တွင် ရှမ်းပြည်နယ် ဒေသအသီးသီးရှိ အမျိုးသားခေါင်းဆောင်များသည် သတ်ဖြတ်သုတ်သင်ခံရခြင်း၊ သို့မဟုတ် ထောင်သွင်းအကျဉ်းချခြင်း ခံနေရသည့်အချိန် ဖြစ်ပါသည်။ ပလောင်အမျိုးသားတပ်ဦးသည် နောက်ပိုင်းတွင်၊ ရှမ်းပြည်တပ်မတော် (SSA) နှင့် ပူးပေါင်းခဲ့ပါသည်။

(၁၉၇၆) ခုနှစ်တွင် ပလောင်အမျိုးသားတပ်ဦး၏ စစ်ဘက်ဆိုင်ရာတပ်မှူးများအနက်မှ တစ်ဦးဖြစ်သည့် တာခွန်တောင် (Tar Khon Toung) သည် အဖွဲ့သစ် 'ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့' (PSLO) နှင့် ၎င်း၏လက်နက်ကိုင်တပ်ဖြစ်သည့် 'ပလောင်ပြည် နယ်လွတ်မြောက်ရေးတပ်မတော်' (PSLA) ကို ဖွဲ့စည်းခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ပလောင်တိုင်းရင်းသားလူမျိုးများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက်၊ ဆက်လက်တိုက်ပွဲဝင်ရန် ဖြစ်ပါသည်။ လူအင်အား (၁၀၀၀) ကျော်ရှိသည်အထိ အင်အားတိုးတက်ခဲ့ပြီး၊ လက်နက် ကိုင်တပ်ဖွဲ့၏ ဌာနချုပ်ကို နမ့်ခမ်း၊ လားရှိုးနှင့် မေမြို့အကြား၊ ပလောင်လူမျိုးအများစုနေထိုင်ရာ ဗဟိုချက်မ တောင်တန်းဒေသများတွင် အခြေစိုက်ခဲ့ပါသည်။ (၁၉၈၆) ခုနှစ်၊ အောက်တိုဘာလတွင် (PSLO) အား ပလောင်ပြည်နယ်လွတ်မြောက်ရေးပါတီ (PSLP) ဟု ဥက္ကဌ မိုင်အိုက်မုန်းလက်ထက်တွင် အမည်ပြောင်းလဲခဲ့ပါသည်။ (PSLP) သည် 'အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု' (မဒတ) (NDF) အဖြစ် အခြားသော လူမျိုးစု ခုခံကာကွယ်ရေးအဖွဲ့များနှင့် မဟာမိတ်ဖွဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

ပြည်တွင်းစစ်ဖြစ်ပွါးခဲ့သည့် ဆယ်စုနှစ်များအတွင်း၊ များစွာသောပလောင်လူမျိုးတို့သည် ပြည်တွင်း၌ အခြေမဲ့ထွက်ပြေးရွှေ့ပြောင်းခဲ့ကြရပြီး၊ ဝေးလံသော တောင်တန်းဒေသများတွင် အသက်ရှင်သန်နိုင်ရန် ရုန်းကန်ခဲ့ကြရပါသည်။

အချို့သောသူများသည် တရုပ်နယ်စပ်နှင့် ထိုင်းနိုင်ငံမြောက်ပိုင်းရှိ နယ်စပ်ဒေသများတွင် ဒုက္ခသည်အဖြစ် ထွက်ပြေး ခိုလှုံနေကြပါသည်။

## *PSLA မြန်မာစစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲခြင်း*

(၁၉၈၈) ခုနှစ်တွင်၊ နိုင်ငံတဝှမ်းလုံး၌ ဒီမိုကရေစီလိုလားသည့် ဆန္ဒပြပွဲများ ဖြစ်ပွါးပြီးနောက်၊ မြန်မာစစ်အစိုးရသည် 'နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုပြန်လည်တည်ဆောက်ရေးအဖွဲ့ (နဝတ)' (SLORC) အမည်ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ (၁၉၈၉) ခုနှစ်တွင် (နဝတ) စစ်အစိုးရသည် ဗျူဟာအသစ်တစ်ခုအနေဖြင့်၊ တော်လှန်ရေး ခံကာကွယ်ရေးတပ်ဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခဲ့ပါသည်။ (၁၉၉၁) ခုနှစ် နှစ်ဆန်းပိုင်းလောက်တွင်၊ ပလောင် ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) အဖွဲ့မှလွဲ၍၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအားလုံးသည် စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီ ချက်များ ရရှိခဲ့ကြပါသည်။

ထို့နောက် (နဝတ) စစ်အစိုးရသည်၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) အဖွဲ့ ၎င်းတို့နှင့် စေ့စပ်ဆွေးနွေးလာစေ ရန်အတွက် ပိုမိုဖိအားပေးခဲ့ပါသည်။ ပထမတွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) နှင့် ပလောင်ပြည်သူလူထုများအကြားရှိ အဆက်အသွယ်ဖြတ်တောက်ခဲ့ပြီး၊ မြန်မာစစ်တပ်များသည် နမ့်ခမ်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၆၂) ရွာနှင့် နမ့်စံ မြို့နယ်ရှိ ကျေးရွာပေါင်း (၄၀) တို့ကို၊ မြို့များအနီးရှိ စုစည်း ကျေးရွာများသို့ လက်ဖက်ဆွတ်ခူးနေစဉ် အချိန်မှာပင် အဓမ္မပြောင်းရွှေ့စေခဲ့ပါသည်။ အကျိုးဆက်အဖြစ် ရွာသားများ သည် လက်ဖက်မဆွတ်နိုင်ကြတော့ပဲ၊ ဝင်ငွေလျော့နည်းလာသည့်အတွက် ကြီးမားသည့် အခက်အခဲများနှင့် ကြုံကြရ ပါသည်။ အခြေအနေများပိုမိုဆိုးရွားလာနိုင်သည်ကို ထောက်ရှု၍၊ ပလောင်ပြည်နယ်လွတ်မြောက်ရေး တပ်မတော် (PSLA) သည်၊ ပလောင်ပြည်သူများ သက်သာချောင်ချိရေးအတွက် (နဝတ) စစ်အစိုးရနှင့် မလွဲမရှောင်သာ စေ့စပ်ဆွေး နွေးခဲ့ရသည့်အဖြစ်သို့ ရောက်ခဲ့ပါသည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို (၁၉၉၁) ခုနှစ်တွင်၊ ပြုလုပ်နိုင်ခဲ့ပြီး ပလောင်ပြည်နယ်လွတ်မြောက်ရေး တပ်မတော် (PSLA) သည် လက်နက်ဆက်လက်စွဲကိုင်ထားခွင့်၊ လှုပ်ရှားခွင့် ဆက်လက်ရရှိခဲ့ပြီး၊ သတ်မှတ်ထားသည့် နယ်မြေဒေသများအတွင်းတွင် စီးပွါးရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိခဲ့ပါသည်။ အဓိကအားဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ နမ့်ခမ်း၊ နမ့်စံနှင့် မန်တုံမြို့နယ်တို့တွင် ခွင့်ပြုပေးပါသည်။ သို့သော်လည်း စစ်အစိုးရသည် အဆိုပါ ပလောင်နယ် မြေဒေသများကို တင်းကြပ်စွာချုပ်ကိုင်နေမှု ရပ်တန့်မသွားခဲ့ပေ။ ထို့အပြင် အဆိုပါဒေသများတွင် အခိုင်အမာ စစ်စခန်း များကို အခြေစိုက်၍၊ စစ်တပ်အင်အားကိုလည်း တိုးချဲ့နေခဲ့ပါသည်။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) ၏ဌာနချုပ်အခြေစိုက်ရာဖြစ်သော မန်တုံတွင်ပင်လျှင်၊ မြန်မာစစ်တပ်အရေအတွက်သည် (PSLA) ထက် ပိုမိုများပြားနေပါသည်။

အပစ်အခတ်ရပ်စဲထားသည့် ကာလတလျှောက်လုံးတွင်၊ မြန်မာ့တပ်မတော် စစ်သားများသည် ပလောင်ပြည်သူများ အပေါ်တွင်၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေခဲ့ကြပါသည်။ ရွာသားများကို အတင်းအဓမ္မ လုပ်အားပေးရန်အတွက် ဆင့်ခေါ်ခြင်း၊ ၎င်း တို့၏ မြေယာများကို စစ်တန်းလျားများနှင့် စစ်တပ်၏ စီးပွါးရေးစီမံကိန်းများ

အတွက် တစုံတရာလျော်ကြေးငွေပေးခြင်းမရှိပဲ သိမ်းယူခြင်းများ ပြုလုပ်ခဲ့ပြီး၊ မြန်မာ့တပ်မတော်စစ်သားများသည် ဒေသခံပြည်သူများထံမှ အတင်းအဓမ္မ ငွေကြေး၊ အစားအသောက်နှင့် ပိုင်ဆိုင် မှုများကို အပြစ်' ဏ်ပေး အရေးယူခံရခြင်း မရှိပဲ လွတ်လပ်စွာ အဓမ္မယူငင်ခဲ့ကြပါသည်။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) သည် အများအားဖြင့် အဆိုပါ လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုများကို အကာအကွယ်ပေးနိုင်ခြင်း မရှိခဲ့ပါ။ သို့သော် အချို့သော ဖြစ်ရပ်များတွင် မြန်မာ့တပ်မတော်မှ ဒေသခံတပ်မှူးများသို့ တိုင်ကြားမှုများ ပြုလုပ်ခဲ့ကြပါသည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မှသည်၊ မည်သို့သော နိုင်ငံရေးပြေလည်မှု ဖြစ်ထွန်းတိုးတက်မှု မရှိသည့်အတွက်၊ မကျေနပ်ကြ သော အချို့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) အဖွဲ့ဝင်များသည်၊ စစ်အစိုးရကို ဆက်လက်တိုက်ပွဲဝင်ရန် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) ဟုခေါ်သည့် သီးခြားအဖွဲ့ကို ထူထောင်ခဲ့ကြပါသည်။ ပလောင်ပြည်နယ် လွတ် မြောက်ရေးတပ်ဦး (PSLF) ကို ဥက္ကဋ္ဌ မိုင်တင်မောင်၏ ဦးဆောင်မှုဖြင့် (၁၉၉၂) ခုနှစ်တွင်၊ ထိုင်း–မြန်မာနယ်စပ်တစ်နေရာ၌ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

## *ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်ကို အတင်းအကြပ်လက်နက်ချစေခြင်း*

(၂၀၀၅) ခုနှစ်တွင်၊ (နအဖ) စစ်အစိုးရသည် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသရှိ အပစ်အခတ်ရပ်စဲရေးအဖွဲ့များကို လက်နက်ချရန် စတင် ဖိအားပေးလာခဲ့ပါသည်။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) ၏ ခေါင်းဆောင်များကို ဖမ်းဆီးရန်ခြိမ်းခြောက်ပြီး နောက်ပိုင်းတွင်၊ (PSLA) သည် (၂၀၀၅) ခုနှစ်၊ ဧပြီလ (၂၁) ရက်နေ့တွင် ၎င်းတို့၏လက်နက်များကို တရားဝင်ပေးအပ်ရန်၊ ကတိပေး ခဲ့ရပါသည်။

လက်နက်သိမ်းဆည်းခဲ့ပြီးနောက်၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) မှ စစ်သားများအားလုံးကို၊ တပ်ဖျက်သိမ်း၍ ၎င်းတို့အိမ်များသို့ ပြန်စေခဲ့ပါသည်။ ၎င်းတို့မူလထိန်းချုပ်ထားရာဒေသများအားလုံးရှိ ကျေးရွာများ သည်၊ စစ်အစိုးရတပ်များ ထိန်းချုပ်မှုအောက်သို့ အပြည့်အဝကျရောက်ခဲ့ပြီး၊ မည်သည့် အနိုင်ကျင့်စော်ကားမှု များအတွက်မှ အကူအညီရယူနိုင်ခြင်း မရှိတော့ချေ။

လက်နက်ဖြုတ်သိမ်းပြီးချိန်မှစ၍၊ မြန်မာ့တပ်မတော်သည် ပလောင်ကျေးရွာသားများအား ၎င်းတို့ဒေသများရှိ မည်သည့် ပုန်ကန်မှုမျိုးကိုမဆို နှိမ်နင်းရန်အတွက် လက်နက်တပ်ဆင်ထားသည့် ဒေသခံပြည်သူ့စစ်များအဖြစ်ဖွဲ့စည်းပေးပြီး၊ အတင်းအကြပ် စစ်သင်တန်းပေးသည့် မဟာဗျူဟာကို စတင်ကျင့်သုံးခဲ့ပါသည်။ ဥပမာအနေဖြင့် နမ့်စံမြို့နယ်ရှိ ပလောင် ကျေးရွာတိုင်းသည် ရွာသား (၁၀) ဦးကို ပြည်သူ့စစ် များအဖြစ် သင်တန်းပေးရန်အတွက် စစ်အစိုးရထံသို့ ပို့ပေးရပါသည်။ (၂၀၀၅) ခုနှစ်၊ အောက်တိုဘာလမှ (၂၀၀၆) ခုနှစ်၊ ဇန်နဝါရီလအတွင်း ပလောင်လူငယ် (၁၀၀) ကျော်ကို စစ်သင်တန်း တက်စေခဲ့ပြီးနောက်၊ ၎င်းတို့နှင့်သက်ဆိုင်သည့်ကျေးရွာအသီးသီးသို့ (နအဖ) စစ်အစိုးရကို လိုလားသည့် ပြည်သူ့ စစ်များအဖြစ် အမှုထမ်းစေရန် ပြန်ပို့ပေးခဲ့ပါသည်။ ဤသို့စုဆောင်းခံရသူအချို့မှာ (နအဖ) တပ်သားသစ်များ အဖြစ်လည်း ဖိအားပေး သိမ်းသွင်းခံခဲ့ကြရပါသည်။



# ပလောင်ဒေသအတွင်း ဘိန်းစိုက်ပျိုးမှု

## *ဘိန်းစိုက်ပျိုးသည့်အစဉ်အလာမရှိခြင်း*

(၁၉၆၂) ခုနှစ် မတိုင်မီက ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ဒေသများရှိ ရွာသားများတွင်၊ ဘိန်းစိုက်ပျိုးမှု အလွန်ရှားပါးပါသည်။ ကျေးရွာသားအများစုသည် အခြားသော ကောက်ပဲသီးနှံများထက် အကျိုးအမြတ်ပိုမိုရရှိသည့် လက်ဖက်စိုက်ပျိုးပြီး အသက်မွေးကြပါသည်။ မြန်မာနိုင်ငံ၏ အခြားသောနေရာဒေသများမှ ပြည်သူများသည် ပလောင်လက်ဖက်ကို အထူးနှစ်သက်တောင်းဆိုကြပါသည်။

(၁၉၆၂) ခုနှစ်နောက်ပိုင်း ပလောင်ဒေသတွင် ပြည်တွင်းစစ်ဖြစ်ပွါးလာရာမှစ၍၊ ဒေသအတွင်း လက်ဖက်စိုက်ပျိုးမှုကို ဆိုးရွားစွာ အကျိုးသက်ရောက်စေခဲ့ပါသည်။ ယောကျ်ားများသည် မြန်မာစစ်တပ်အတွက် အထမ်းသမားပေါ်တာထမ်းရန် ပုံမှန်ဆင့်ခေါ် ခြင်းခံခဲ့ရပြီး၊ ၎င်းတို့ ၏မိသားစုများမှာ တိုက်ပွဲများအတွင်း နေအိမ်များမှ စွန့်ခွာ ထွက်ပြေးခဲ့ကြရပါသည်။ မငြိမ်သက်မှုများကြောင့် ၎င်းတို့ဒေသနှင့် မြန်မာ ပြည်အောက်ပိုင်းအကြား ကုန်သွယ်မှုကို နှောင့်နှေးစေခဲ့ပါသည်။ သို့သော်လည်း လယ်သမားများသည် လက်ဖက်ကို အဓိကအားထား ၍ ဆက်လက်စိုက်ပျိုးခဲ့ကြပါသည်။ အကြောင်းမှာ လက်ဖက်ဈေးနှုန်းသည် ၎င်းတို့နေထိုင်စားသောက်ရန်အတွက် ဖူလုံသည့်ဝင်ငွေရရှိနေ သေးသည့်အတွက် ဖြစ်ပါသည်။

အတိတ်ကာလက ပလောင်ကျေးရွာများတွင် ဘိန်းစွဲသူ အနည်းအကျဉ်း ရှိခဲ့ပါသည်။ အဆိုပါဘိန်းစွဲသူများသည် အများအားဖြင့် သက်ကြီးရွယ်အိုများဖြစ်ပြီး၊ ဘိန်းကို တရုပ်နိုင်ငံနယ်စပ်ရှိ ဘိန်းစိုက်ပျိုးသည့်နေရာများမှ ရရှိပါသည်။

## (၁၉၉၁) ခုနှစ် အပစ်အခတ်ရပ်စဲမှုနောက်ပိုင်း ဘိန်းစိုက်ပျိုးမှုပိုမိုတိုးပွါးလာခြင်း

(၁၉၉၁) ခုနှစ်၊ အပစ်အခတ်ရပ်စဲရေးနောက်ပိုင်း ပလောင်ဒေသများတွင်၊ ဘိန်းစိုက်ပျိုးမှု နှင့်ရောင်းဝယ်ဖောက်ကားမှု အကြီးအကျယ် တိုးပွါးလာစေသည့် အကြောင်းအချက်များစွာ ရှိပါသည်။

ပထမအချက်မှာ စစ်အစိုးရသည် အပစ်အခတ်ရပ်စဲရေးအဖွဲ့များနှင့် အခြားသော အစိုးရလိုလားသည့် ပြည်သူ့စစ်တပ်ဖွဲ့များကို၊ ပုန်ကန် လှုပ်ရှားမှုများကို နှိမ်နင်းရန်နှင့် ဆက်လက်ငြိမ်သက်နေစေရေးအတွက်၊ အပြန်အလှန်အားဖြင့် ၎င်းတို့ ဒေသများတွင် ကိုယ်တိုင် ဝင်ငွေ ရှာဖွေရန် ခွင့်ပြုခဲ့ပါသည်။ ဝင်ငွေရှာဖွေခြင်းလုပ်ငန်းများတွင် သစ်ထုတ်လုပ်ခြင်းနှင့် မိုင်းတူးခြင်းလုပ်ငန်းများကဲ့သို့သော အကြီးအကျယ် သဘာဝအရင်းအမြစ်များ ဖော်ထုတ်အသုံးချခြင်းလုပ်ငန်းများ ပါဝင်သကဲ့သို့၊ ဘိန်းထုတ်လုပ်ခြင်းကိုလည်း ခွင့်ပြုခဲ့ပါသည်။ ဆိုလိုသည်မှာ ဘိန်းစိုက်ပျိုးခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းကို၊ တရုတ်နယ်စပ်တလျှောက်တွင် ရိုးရာအစဉ်အလာအရ ဘိန်းစိုက်ပျိုးသည့် ကိုးကန့် နှင့် 'ဝ' ဘိန်းတောင်သူများကိုသာမက၊ အခြားသော စီးပွါးရေးလုပ်ငန်းရှင်သစ်များကိုပါ ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။ တရုတ်လူမျိုး အများအပြားပါဝင်သည့် အဆိုပါလုပ်ငန်းရှင်များသည်၊ အသစ်ဖွဲ့စည်းထားသည့် ပြည်သူ့စစ်အဖွဲ့များ အမည်ခံအောက်တွင်၊ နေရာဒေသအသစ်များ၌ပါ၊ ဘိန်းစတင်စိုက်ပျိုး ထုတ်လုပ်ခဲ့ပါသည်။

**ဘိန်း**(Opium) သည် မရင့်မှည့်သေးသည့် ဘိန်းပင် *(Papaver somniferum)* ၏အစေ့အိမ်မှ အစေးများအား စုဆောင်း၍ အခြောက်ခံရာမှ ရရှိလာသည့် ပစ္စည်းဖြစ်ပါသည်။ ၎င်း၏အဓိက ရောနှောပါဝင်သည့်အရာမှာ မူးယစ်ဆေးစွဲစေသည့် မော်ဖင်းဓါတ်ဖြစ်သည်။ ဘိန်းသည် ကိုယ်ခန္ဓာအား နာကျင်ကိုက်ခဲမှုများပျောက်ကင်းစေပြီး၊ နာကျင်မှုကို အာရုံခံစားမှု မဲ့စေခြင်း၊ မူးယစ်ထုံထိုင်းစေခြင်း၊ ခန္ဓာကိုယ်၏ ဇီဝလှုပ်ရှားမှုများကို နှေးကွေးစေပြီး၊ မေ့မြောသွားသည့် အထိ ဖြစ်စေနိုင်သည့် အာနိသင်ရှိပါသည်။ မူးယစ်ဆေးစွဲသူများသည် မူးယစ်ဆေးရရှိရန်အရေးသာ တွေးနေစေပြီး၊ ဆေးအာနိသင်ကိုသာ စွဲလမ်းနေစေပါသည်။ **ဘိန်းဖြူ (ဟီရိုးအင်း)** သည် ဘိန်းကို ချက်လုပ်၍ အဆင့်ဆင့်သန့်စင်ရာမှ ရရှိလာသော ဓါတ်ပစ္စည်းဖြစ်သည်။ ၎င်းသည် မူးယစ်ဆေးစွဲလမ်းရန် ပိုမိုဖြစ်စေပြီး၊ သုံးစွဲသူများအပေါ် ပိုမိုထိခိုက်သက်ရောက်စေသည်။ ၎င်းဘိန်းဖြူသည် ဗဟိုအာရုံကြောစနစ်ကို ထိခိုက်စေသည်။

ပလောင်ဒေသအတွင်းရှိ မူးယစ်ဆေးစွဲသူအများစုသည် ဘိန်းနှင့် ဘိန်းဖြူ ရှုကြသည်။ သို့သော်လည်း နှစ်ပေါင်းများစွာ မူးယစ်ဆေးစွဲသူ တို့သည် မူးယစ်ဆေး အာနိသင် ပိုမိုသက်ရောက်မှုရှိစေရန် အကြောထဲသို့ ဆေးထိုးအပ်ဖြင့် ထိုးသွင်းကြသည်။ ထိုသို့မူးယစ်ဆေးထိုးခြင်း သည် ကိုယ်ခံအားကျရောဂါ (HIV/AIDS) ဖြစ်ပွါးရန်အတွက် ပိုမိုအန္တရာယ်ရှိပါသည်။

ဥပမာအားဖြင့်၊ နမ့်ခမ်းမြို့တောင်ပိုင်းရှိ ပလောင်ဒေသများတွင်၊ စစ်အစိုးရသည် (၁၉၈၀) ခုနှစ်များ နှောင်းပိုင်း ကာလအတွင်း ဗမာပြည် ကွန်မြူနစ်ပါတီကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ၌၊ မြန်မာ့တပ်မတော်ကို ကူညီပေးခဲ့သည့်၊ တရုတ်လူမျိုး ကျေးရွာလူကြီး ပန်သေးကျော်မြင့် ခေါင်းဆောင်သည့် 'သောင်းကျန်းသူဆန့်ကျင်ရေးပြည်သူ့စစ်အဖွဲ့ (သကဆဖ)' ကို အထူးအခွင့်အရေးများ ပေးခဲ့ပါသည်။ ကျော်မြင့်၏ သောင်းကျန်းသူဆန့်ကျင်ရေးပြည်သူ့စစ်များသည် လက်နက်ကိုင်ဆောင်ခွင့်ရရှိကြပြီး၊ နမ့်ခမ်းမြို့နှင့် နမ့်ခမ်းတောင်ပိုင်းဒေသများတွင်၊ စီးပွါးရေးလုပ်ငန်းများ ထိန်းချုပ် လုပ်ကိုင်ခွင့် ရရှိခဲ့ကြပါသည်။ အစပိုင်းတွင် လူ (၇၀– ၈၀) ခန့်သာရှိသည့် ကျော်မြင့်၏ပြည်သူ့စစ်အဖွဲ့သည်၊ (၂၀၀၆) ခုနှစ်တွင် အင်အား (၄၀၀) နီးပါးအထိ ကြီးထွားလာပါသည်။ ၎င်း၏တပ်ဖွဲ့များသည် နှစ်ပေါင်းများစွာ ဘိန်းစိုက်ပျိုးခဲ့ကြသည့် တရုတ်လူမျိုးများနေထိုင်သော ကျေးရွာများတွင် အခြေစိုက်ကြသော်လည်း၊ ၎င်း၏ပြည်သူ့စစ်များ ထိန်းချုပ်မှုအောက်ရှိ အခြားသော ရှေးယခင်ကဘိန်းအနည်းငယ်သာ စိုက်ပျိုးခဲ့သည့် သို့မဟုတ် စိုက်ပျိုးခြင်းမရှိခဲ့သည့် ပလောင်ဒေသ၊ အခြားသောဒေသများတွင် ဘိန်းစိုက်ပျိုးစေရန် အားပေးခဲ့သည်။

စစ်အစိုးရသည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဘိန်းထုတ်လုပ်မှုတိုးတက်များပြားလာသည်ကို မျက်စိမှိတ်နေရုံမျှသာမက၊ ၎င်း၏ဒေသခံ တပ်မှူးများက သောင်းကျန်းသူဆန့်ကျင်ရေးပြည်သူ့စစ်များနှင့် အပစ်အခတ်ရပ်စဲသည့်အဖွဲ့များမှ ကောက်ခံရရှိသော အခွန်ငွေများနှင့် ဘိန်းကုန်ကူးရာမှ ရရှိသော အကျိုးအမြတ်များအား ခွဲဝေရယူနေကြပါသည်။ [၁] ထို့ကြောင့် အပစ်အခတ်ရပ်စဲရေးနောက်ပိုင်း ဘိန်းထုတ် လုပ်မှုသည် စစ်အစိုးရအား အကျိုးအမြတ်များ နှစ်ဆရရှိစေပါသည်။ မည့်သို့သော ပုန်ကန်လှုပ်ရှားမှုမျိုးကိုမဆို နှိမ်နင်းပေးမည့် လက်နက်တပ်ဆင်ထားသော ပြည်သူ့စစ်တပ်ဖွဲ့များကို ငွေကြေးထောက်ပံ့ပေးစရာမလိုပဲ ရရှိစေပြီး၊ အခွန်အကောက်များနှင့် လာဘ်စားမှုများမှရရှိသော အကျိုးအမြတ်များကိုလည်း ဝေစုခွဲယူနိုင်ကြပါသည်။ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုမှုဖြင့် လက်နက်တပ်ဆင်ထားသည့်ပြည်သူ့စစ်များ၏ အထိန်းအကွပ်မဲ့ ဆောင်ရွက်ချက်များတို့ကြောင့်၊ ဘိန်းထုတ်လုပ်မှု တရှိန်ထိုး တိုးတက်လာခဲ့ခြင်း ဖြစ်ပါသည်။

ထိုကာလများအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် တိုက်ခိုက်မှုများ ရပ်စဲသွားခြင်းနှင့် (၁၉၈၈) ခုနှစ်မှ စတင်ကျင့်သုံးလာသည့် တံခါးဖွင့်စီးပွါးရေးမူဝါ'များကြောင့် တရုတ်–မြန်မာ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးသည် တရှိန်ထိုး တိုးတက်ခဲ့ပါသည်။ တရုပ်နိုင်ငံသို့ သစ်တုံးများနှင့် အခြားသော သဘာဝအရင်းအမြစ်များ ပုံမှန်စီးဆင်း တင်ပို့နေခဲ့ပြီး၊ တရုပ်နိုင်ငံမှ လူသုံးကုန်ပစ္စည်းများ မြန်မာ နိုင်ငံအတွင်းသို့ ပုံမှန် စီးဝင်နေခဲ့ပါသည်။ ထို့အပြင် နယ်စပ်တလျှောက်တွင်လည်း ကုန်သွယ်ရေးကောင်းသည့် မြို့ရွာများ မှိုလိုပေါ်ပေါက်လာခဲ့ခြင်း အကြောင်းများသည် မူးယစ်ဆေးကုန်ကူးသည့်သူများအတွက် မှောင်ခိုကုန်ကူးရန်နှင့် ငွေကြေးခဝါချမှုများပြုလုပ်ရန်အတွက် အခွင့်အရေးများ ရရှိစေကြပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခြေအနေ တိုးတက်လာနေစဉ်တွင်၊ နမ့်ခမ်းနှင့် မန်တုံဒေသကြား ပလောင်ကျေးရွာ များရှိ လယ်သမားများသည် လက်ဖက်စိုက်ပျိုး၍ အသက်ရှင်ရပ်တည်ရန် အခက်အခဲတွေ့လာကြရပါသည်။ စစ်အစိုးရ၏ မှားယွင်း ညံ့ဖျင်းသော စီးပွါးရေးစီမံခန့်ခွဲမှုစနစ်ကြောင့်၊ (၁၉၈၈) ခုနှစ်မှစ၍ ငွေကြေးဖောင်းပွမှုနှုန်းသည်လည်း တရိပ်ရိပ် လျှင်မြန်စွာတိုးတက်လာစေပါသည်။ သို့သော်လည်း လက်ဖက်ဈေးနှုန်းသည် နိမ့်ကျနေဆဲပင်ဖြစ်ပြီး၊ *(အောက်တွင် ဖော်ပြထားသည့် ဒေသတွင်း လက်ဖက်စိုက် ပျိုးထုတ်လုပ်မှုကျဆင်းလာသည့် အခြေအနေကို ကြည့်ပါ။)* စိုက်ပျိုးသူအများစုသည် အသက်ရှင်ရပ်တည်ရန်အတွက် ဆန်ကိုပင်လုံ လောက်စွာ ဝယ်ယူ စားသောက်နိုင်ခြင်း

---

၁ ဥပမာအားဖြင့်၊ ကျော်မြင့်၏ ပြည်သူ့စစ်တပ်ဖွဲ့များသည် စစ်အစိုးရအာဏာပိုင်များနှင့် အဆင့်တိုင်းတွင် နီးစပ်စွာ ဆက်နွယ် မှုရှိနေကြပါသည်။ (ကျော်မြင့်ကိုယ်တိုင်သည် (နအဖ) ၏ လားရှိုးမြို့တွင် အခြေစိုက်သော အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၊ တိုင်းမှူးအဖြစ် မကြာသေးမီကာလအထိ ဆောင်ရွက်ကွပ်ကဲခဲ့သော ဒုတိယ–ဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဗိုလ်ချုပ်မြင့်လှိုင်နှင့် နီးစပ်သူတစ်ဦး ဖြစ်ပါသည်။)

မရှိကြပါ။ ဘိန်းဝယ်ယူသူများ၏ ဝယ်လိုအားမြင့်မားခြင်းနှင့် အဆင်သင့်စောင့်ဆိုင်းနေခြင်းကြောင့်၊ ပလောင်လယ်သမားများ ကိုယ်တိုင် စတင်ဘိန်းစိုက်ပျိုးလာကြပါသည်။ သို့မဟုတ် ဝင်ငွေပုံမှန်ရနိုင်သော တရုတ်စီးပွါးရေး သမားများပိုင်ဆိုင်သည့် ဘိန်းစိုက်ခင်းများတွင် နေ့စားအလုပ်သမားများအဖြစ် ဝင်ရောက်လုပ်ကိုင်လာကြပါသည်။

## *ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) မှ မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန်ကြိုးပမ်းမှုများ*

(၁၉၉၀) ခုနှစ်များနှောင်းပိုင်းကာလတွင်၊ ပလောင်လွတ်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) မှ ၎င်းတို့ ထိန်းချုပ်ထားသော ဒေသတွင် ဘိန်းမစိုက်ပျိုးရန် တားမြစ်ထားသော်လည်း၊ အချို့သောပလောင်ဒေသများတွင် ဘိန်းစိုက်ပျိုးမှုနှင့် ရောင်းဝယ်ဖောက်ကားမှု ပမာဏ လျှင်မြန်စွာ ကြီးထွားလာခဲ့ပါသည်။

(၂၀၀၀) ခုနှစ် အစပိုင်းတွင် ပလောင်ဒေသများအတွင်း မူးယစ်ဆေးစွဲမှု ပိုမိုများပြားလာသည့်ပြဿနာအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) သည် ဒေသခံမူးယစ်ဆေးစွဲသူများအတွက် ကျေးရွာအချို့တွင် မူးယစ်ဆေးဖြတ် ပြည်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်ခဲ့ပါသည်။ ၎င်းတို့သည် ကျေးရွာ အသီးသီးရှိ မူးယစ်ဆေးစွဲသူများစာရင်းကို ကောက်ယူစု ဆောင်းပြီး၊ ၎င်းတို့အားသတ်မှတ်ထားသည့်နေရာဒေသများတွင်၊ တစ်ခါတရံတွင် ဘုန်းကြီးကျောင်းများတွင် စုစည်းစေသည်။ မူးယစ်ဆေးစွဲသူများကို တဲများတွင်အိပ်စေပြီး၊ မူးယစ်ဆေးစွဲခြင်းမှ ပြန်လည်ထူထောင်ကောင်းမွန်ရန် ကြိုးပမ်းနေသောအချိန်တွင်၊ တံတားဆောက်ခြင်းကဲ့သို့သော လူထုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်စေပါသည်။ စခန်းများအတွင်း နေထိုင်ရသည့် အချိန်ကာလသည်၊ ဆေးစွဲသူ များ၏ ပြန်လည်ထူထောင်ကောင်းမွန်လာမှုအပေါ်တွင် မူတည်ပါသည်။ အချို့သောသူများသည် တစ်လကြာ နေထိုင်ခဲ့ပြီး၊



*(PSLA) ၏ မူးယစ်ဆေးဖြတ် ပြန်လည်ထူထောင်ရေးစခန်းတစ်ခု*

အချို့မှာ (၄) လ အထက်ကြာမြင့်ခဲ့ပါသည်။ စခန်းအသီးသီး၌ တစ်ကြိမ်တိုင်းတွင် အရေအတွက် (၆၀) ရှိသည့် မူးယစ်ဆေးစွဲသူများကို လက်ခံထားရှိပါသည်။

## *(နအဖ) ၏ မူးယစ်ဆေးဝါးတိုက်ဖျက်မှုသည် ပြည်သူ့စစ်များအား မထိမတို့ပဲချန်လှပ်ထားခြင်း*

(၂၀၀၂) ခုနှစ်တွင်၊ ရှမ်းပြည်နယ် မြောက်ပိုင်းဒေသသည် မူးယစ်ဆေးဝါးထုတ်လုပ်မှုအတွက် နိုင်ငံတကာတွင်နာမည်ဆိုးဖြင့် ကျော်ကြားလာခြင်းကြောင့်၊ စစ်အစိုးရသည် အချို့သောဒေသများတွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအစီအစဉ်ကို စတင်လုပ်ဆောင်လာပါသည်။ စစ်အစိုးရ၏ တပ်ဖွဲ့များက ဘိန်းမစိုက်ရ တားမြစ်ပိတ်ပင်သည့် အမိန့်များထုတ်ပြန်ခဲ့ပြီး၊ ပလောင်ရွာသားများစိုက်ပျိုးသည့် ဘိန်းခင်းများ အပါအဝင် ရွေးချယ်ထားသည့်နေရာအချို့တွင် ဘိန်းခင်းများကို ဖျက်ဆီးခဲ့ပါသည်။ သို့သော်လည်း ထူးခြားစွာပင် ကျော်မြင့်၏ (သကဆဖ) ပြည်သူ့စစ်များထိန်းချုပ်မှု အောက်တွင် ရှိနေသော ဒေသများမှ ဘိန်းခင်းများကို မတို့မထိချန်ခဲ့ပါသည်။ အချို့ဘိန်းခင်းများမှာ ထင်သာမြင်သာ နေရာများတွင် ရှိနေသော ဘိန်းခင်းများဖြစ်ပါသည်။ ကျော်မြင့်သည် နာမည်ကြီး မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူ တစ်ဦး ဖြစ်သော်လည်း၊ ၎င်း၏ကွန်ယက်များကို အရေးမယူပဲ လုံးဝချွင်းချန်ထားခဲ့ပါသည်။ ထိုအတွက်ကြောင့် မူးယစ်ဆေးဝါး ထုတ်လုပ် စိုက်ပျိုးမှုမှာ ဆက်လက်တည်ရှိနေပြီး၊ ပလောင်ကျေးရွာများတွင်လည်း ဘိန်းအလျှံပယ် ရရှိနိုင်သေးသည့် အခြေအနေ ဖြစ်နေပါသည်။

## *ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) လက်နက်ဖြုတ်သိမ်းပြီးနောက်ပိုင်း အခြေအနေများပိုမိုဆိုးရွားလာခြင်း*

(၂၀၀၅) ခုနှစ်တွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) ကို လက်နက်ဖြုတ်သိမ်းခံရပြီး နောက်ပိုင်းတွင်၊ မူးယစ်ဆေး ဝါးထုတ်လုပ်မှုလည်း ပိုမိုမြင့်မားလာပါသည်။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) ၌ မူးယစ်ဆေးဝါးထုတ်လုပ်မှု တိုးလာခြင်းနှင့် မှောင်ခိုရောင်းဝယ်မှုအား တားမြစ်ထိန်းချုပ်ရန်အတွက် တစုံတရာသောအခြေအနေထိသာ စွမ်းဆောင်နိုင်ရည်ရှိသော်လည်း၊ ၎င်းတို့၏ တည်ရှိနေမှုသည် ဘိန်းထုတ်လုပ်မှု လုပ်ငန်းအတွက် အဟန့်အတားတစ်ခုသဖွယ် ဖြစ်နေခဲ့ပါသည်။ အထူးသဖြင့် (PSLA) ထိန်းချုပ်ရာဒေသများတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) ကို ဖယ်ရှား လိုက်ခြင်းအားဖြင့်၊ အဆိုပါဒေသများတွင် မည်သည့် ဒေသဆိုင်ရာထိန်းချုပ်မှုမှ မရှိတော့ပဲ၊ မူးယစ်ဆေးဝါးများ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားမှု လွတ်လပ်စွာ ဖြစ်ပေါ်တိုးပွါးလာစေပါသည်။

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) ၏ မူးယစ်ဆေးဖြုတ် ပြန်လည်ထူထောင်ရေးစခန်းများသည် ဒေသခံများ၏ ထောက်ခံအားပေးမှု အခိုင်အမာရရှိသော်လည်း၊ လက်နက်ဖြုတ်သိမ်းပြီးနောက် ထိုစခန်းများကို ပိတ်ပစ်ခဲ့ရပါသည်။ အကြောင်းမှာ ထိုစခန်းများကို ဆက်လက်လည်ပတ်ရန် အရင်းအမြစ် သို့မဟုတ် အုပ်ချုပ်ရေး ဆိုင်ရာယန္တယားများ မရှိတော့သည့်အတွက် ဖြစ်ပါသည်။

# ပလောင်လူမှုအသိုင်းအဝိုင်းအတွင်း   မူးယစ်ဆေးစွဲမှုတိုးပွါးလာခြင်း



# မူးယစ်ဆေးစွဲမှု တိုးပွါးလာခြင်း။

ယခုအစီရင်ခံစာအတွက် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းခြင်းများအရ၊ ပလောင်လူမှုအသိုင်းအဝိုင်းအတွင်းတွင် လွန်ခဲ့သောနှစ်များအတွင်း မူးယစ်ဆေးစွဲမှု သိသိသာသာ တိုးတက်များပြားလာကြောင်း ထင်ရှားနေပါသည်။ ကျေးရွာတစ်ရွာအား စစ်တမ်းကောက်ယူခဲ့ရာတွင်၊ (ကျေးရွာ ဃ) ၌၊ မူးယစ်ဆေးစွဲသူအရေအတွက်သည် ဆယ်နှစ်အတွင်း ဆယ်ယောက်ခန့်မှ အယောက် (၇၀) အထိ တိုးများလာခဲ့ပါ သည်။ အိမ်ထောင်စု (၅၀) ရှိသည့် လူဦးရေစုစုပေါင်း (၃၀၀) ခန့်တွင်၊ ကျေးရွာအတွင်းရှိ အမျိုးသားများ အားလုံး နီးပါးလောက်သည် မူးယစ်ဆေးစွဲနေကြပြီး၊ မိသားစုတိုင်းတွင် မူးယစ်ဆေးစွဲနေသူ တစ်ဦး သို့မဟုတ် ထိုထက်ပို၍ ရှိနေပါသည်။

၎င်းတို့၏ခင်ပွန်းယောကျ်ားများနှင့် သားများ မူးယစ်ဆေးစွဲနေကြသည့်၊ အမျိုးသမီးများကို တွေ့ဆုံမေးမြန်းခန်း (၆၈) ခုဆောင်ရွက်ခဲ့ရာ တွင် ဖြေကြားသူများပေးသည့် သတင်းအချက်အလက်အရ၊ (၅၃) ဦး (သို့မဟုတ် ၇၀ ရာခိုင်နှုန်း) က ပြောဆိုသည်မှာ၊ မူးယစ်ဆေးစွဲမှု သည် လွန်ခဲ့သည့် (၅) နှစ်ကာလခန့်ကမှ စတင်ဖြစ်လာခြင်းဖြစ်သည်ဟု ဆိုပါသည်။ အခြားသောဖြစ်ရပ်များတွင် မူးယစ်ဆေးစွဲမှုကာလ သည် (၆) နှစ်မှ (၁၀) နှစ်အတွင်း (၂၀ ရာခိုင်နှုန်း) နှင့် (၁၁) နှစ်မှ အနှစ် (၂၀) အကြားသည် (၁၀ ရာခိုင်နှုန်း) ဖြစ်ပါသည်။

တွေ့ဆုံမေးမြန်းခြင်းကို ဖြေကြားသူအများစုသည် မူးယစ်ဆေးစွဲသူများ၏ ဇနီးများဖြစ်ကြပြီး၊ ပလောင်အမျိုးသားများသည် အသက် (၂၀) နောက်ပိုင်းကာလများတွင် အိမ်ထောင်ပြုလေ့ရှိကြပါသည်။ စုဆောင်းခဲ့သည့် သတင်းအချက်အလက် အများစုအရ၊ ဤဖြစ်ရပ်များ မှာ အသက် (၃၀) ကျော် အမျိုးသားများအကြောင်း ဖြစ်ပါသည်။ သို့သော် အချိုးအစားအရ ဆေးစွဲသူ ခင်ပွန်းသည် (၆၆ ရာခိုင်နှုန်း) ကျော်မှာ အသက် (၃၀) နှင့် (၄၀) အရွယ်များဖြစ်ပြီး၊ ဆေးစွဲမှု ပိုမြင့်မားစွာ တွေ့ရပါသည်။ ထိုထက် အသက်အရွယ်ကြီးရင့်သည့် အိမ်ထောင်သည်ယောကျ်ားများတွင်၊ ဆေးစွဲမှုနှုန်း ပိုမိုနည်းပါသည်။ ဤအချက်များအရ နောက်ထပ်ညွှန်ပြနေသည်မှာ ပလောင်လူမှုအသိုင်းအဝိုင်းအတွင်း၊ မူးယစ်ဆေးစွဲသည့်ပြဿနာ ပိုမိုတိုးတက်များပြားလာနေခြင်း ဖြစ်ပါသည်။



### တွေ့ဆုံမေးမြန်းခဲ့သူများဆိုင်ရာ အချက်အလက်

ပလောင်အမျိုးသမီးအစည်းအရုံး (PWO) က၊ ပလောင်ကျေးရွာ (၁၀) ခုရှိ အမျိုးသမီး (၈၈) ယောက်ကို တွေ့ဆုံ မေးမြန်းခဲ့ပါသည်။ (၇၁) ယောက်သည် မူးယစ်ဆေးစွဲသူများ၏ ဇနီးများဖြစ်ကြပြီး၊ (၈) ယောက်မှာ မူးယစ်ဆေးစွဲသူများ၏ မိခင်များ ဖြစ်ပါသည်။ မိခင်များထဲတွင်မှ (၃) ယောက်၏ ခင်ပွန်းများသည်လည်း မူးယစ်ဆေးစွဲနေသူများ ဖြစ်ကြပါသည်။ ၎င်းတို့အားလုံးမှာ ဗုဒ္ဓဘာသာကိုးကွယ်သည့်၊ ပလောင်လူမျိုးများဖြစ်ကြပြီး၊ တစ်ယောက်သာလျှင် တရုတ်လူမျိုးဖြစ်ပါသည်။

တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီးအများစု (၆၆ ရာခိုင်နှုန်း) သည် အသက် (၂၀) ကျော်၊ (၃၀) ကျော်များ ဖြစ်ကြပါသည်။ ကျန်သူများ မှာ အဓိကအားဖြင့် အသက် (၄၀) ကျော်များ ဖြစ်ကြပါသည်။ (၂) ယောက်သာလျှင် အသက် (၆၀) ကျော်များ ဖြစ်သည်။

တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီးများအားလုံးတွင် ကလေးရှိကြပြီး၊ (၈၀) ရာခိုင်နှုန်းခန့်သည် ကလေး (၃) ယောက် သို့မဟုတ် အထက် ရှိပါသည်။ အဆိုပါအမျိုးသမီးများထဲတွင် (၁၁) ယောက်သည် ကလေး (၈) ယောက်မှ (၁၁) ယောက်အထိ ရှိကြပါသည်။ အသက် (၂၆) နှစ်ရှိ အမျိုးသမီးတစ်ယောက်သည် ကလေး (၉) ယောက်မိခင်ဖြစ်ပြီး၊ အခြားအမျိုးသမီးတစ်ယောက်သည် ကလေး (၁၁) ယောက်မွေး ဖွားခဲ့သော်လည်း၊ (၃) ယောက်သာ အသက်ရှင်ကျန်ရစ်ပါသည်။

တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီးများအနက်၊ တစ်ယောက်မှ ပုံမှန်ကျောင်းပညာရေး သင်ကြားခဲ့ဖူးခြင်းမရှိပါ၊ အမျိုးသမီးအားလုံး၏ အလုပ်အကိုင်များသည် တောင်ယာသမားများ ဖြစ်ကြပါသည်။ ၎င်းတို့၏ ကိုယ်ပိုင် လယ်ယာများတွင်လုပ်ကိုင်ခြင်း သို့မဟုတ် အခြားသူထံတွင် လုပ်ခစားအလုပ်သမားအဖြစ် လုပ်ကိုင်လျက်ရှိပါသည်။

# လက်ရှိအခြေအနေကို ဖြစ်ပေါ်စေသော အကြောင်းအချက်များ

မူးယစ်ဆေးစွဲသူများသည် ၎င်းတို့မည်ကဲ့သို့ ဆေးစွဲခဲ့ရသည်ကို၊ ကိုယ်တိုင်ဖြေကြားခြင်းမရှိသော်လည်း၊ ထိုသူတို့၏ဇနီးများ၊ မိခင်များက ၎င်းတို့ မူးယစ်ဆေးစွဲခဲ့ရသည့် အရင်းခံအကြောင်းအချက်များ ဖော်ပြပြောဆိုခဲ့ကြပါသည်။

## *ဒေသဆိုင်ရာ လက်ဖက်ခြောက်လုပ်ငန်းစီးပွါးရေး ကျဆင်းလာခြင်း*

(၁၉၆၂) ခုနှစ်မတိုင်မီက၊ ပလောင်လူမျိုးများသည် ၎င်းတို့၏အရည်အသွေးမြင့်မားသည့် လက်ဖက်ကြောင့် လူသိများ ထင်ရှားခဲ့ကြပြီး၊ နှိုင်းယှဉ်ချက်အရ ဒေသအတွင်း ချမ်းသာကြွယ်ဝသည့် အဆင့်အတန်းဖြင့် နေထိုင်ပျော်ရွှင် နိုင်ခဲ့ကြပါသည်။ ၎င်းတို့ ကိုယ်တိုင်လက်ဖက် ခြောက်စက်ရုံများ တည်ထောင်ပြီး၊ လက်ဖက်ခြောက်ကုန်သွယ်ရေးကိုလည်း ရန်ကုန်နှင့် မန္တလေးမြို့ကြီးများသို့ တင်ပို့ရောင်းချကာ ချုပ်ကိုင်နိုင်ခဲ့ကြပါသည်။ အစားအသောက်နှင့် အခြားသော ကုန်ပစ္စည်းများ ဈေးနှုန်းမှာလည်း၊ ၎င်းတို့လက်ဖက်ရောင်းချရာမှရရှိသည့် ဝင်ငွေနှင့် မျှတဖူလုံမှု ရှိခဲ့ပါသည်။ အကယ်၍ မိသားစုတစုတွင် လက်ဖက်စိုက်ခင်းတစ်ခုရှိပါက၊ ထိုမိသားစုသည် တနှစ်ပတ်လုံး ဖူလုံစွာ ရပ် တည် နေထိုင်နိုင်ပါသည်။ အကယ်၍ မိသားစုတစ်ခုသည် လက်ဖက်စိုက်ခင်းအများအပြား ပိုင်ဆိုင်ပါက၊ ချမ်းသာကြွယ်ဝသည်ဟုပင် ဆိုနိုင်ပါသည်။



*လက်ဖက်ရွက်များ ဆွတ်ခူးနေပုံ*

စစ်အစိုးရအဆက်ဆက်သည်၊ တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများသို့ ၎င်းတို့၏ချုပ်ကိုင်မှုကို ပိုမိုတိုးချဲ့လာခဲ့ပြီး၊ လူထုများ၏ လက်ဖက်စက်ရုံများကို သိမ်းပိုက်ခဲ့သောကြောင့်၊ များစွာသော ပြည်သူများကို ဆင်းရဲမွဲတေစေခဲ့ပါသည်။ ယနေ့ကာလတွင် စစ်အစိုးရသည် လက်ဖက်ခြောက်ဈေးနှုန်းကို ချုပ်ကိုင်ထားပြီး၊ အခွန်ကြေးများစွာကိုလည်း ကောက်ယူလျက်ရှိပါသည်။ အကယ်၍ တစ်စုံတစ်ယောက်သည် ယနေ့ကာလတွင် လက်ဖက်စိုက်ခင်း စတင်လုပ်ကိုင်စိုက်ပျိုးလိုပါက၊ အခွန်ငွေများစွာပေးရမည်ဖြစ်ပါသည်။ ငွေကြေးဖောင်းပွခြင်းကြောင့် လူသုံးကုန်ပစ္စည်းအများစုကို ဈေးနှုန်းတက်စေသော်လည်း၊ လက်ဖက်ခြောက်ဈေးနှုန်းများသည် အခြားကုန်များကဲ့သို့ အလျင်မီတက်လာခြင်း မရှိပါ။ ထို့အပြင် (နအဖ) စစ်အစိုးရသည် ပလောင်လက်ဖက်စိုက်ပျိုးသူများကို ခွဲတမ်းစနစ်ဖြင့် နိုင်ငံတော်သို့ လက်ဖက်ရောင်းချစေရန် အတင်းအကြပ် ခိုင်းစေခဲ့ပါသည်။ မြို့များ၏အဝင်တွင် (နအဖ) စစ်အစိုးရ၏ စစ်ဆေးရေးဂိတ်များ များစွာချထားပြီး၊ စစ်သားများက လက်ဖက်တောင်သူများကို မြို့တွင်းသို့မဝင်ရောက်ခင်၊ ၎င်းတို့၏ဂိတ်များ၌ပင် လက်ဖက်ခြောက်ကို အတင်းအကြပ် ရောင်းချစေပါသည်။

လက်ဖက်ခြောက်လုပ်ငန်းစီးပွါးရေးကို ထိန်းချုပ်ခြင်းနှင့် အခွန်ငွေများ ကောက်ခံခြင်းမျှသာမက၊ (နအဖ) စစ်အစိုးရသည် ဒေသခံ လက်ဖက်စိုက်ပျိုးသူများကို မည်သည့်အကူအညီ၊ ထောက်ပံ့မှုမျိုးကိုမျှ ထောက်ပံ့ပေးခြင်း မရှိပါ။ (၂၀၀၁) ခုနှစ်တွင်၊ နမ့်ဆန်မြို့နယ်တွင် မြေပြိုမှုကြောင့်၊ လက်ဖက်စိုက်ခင်း အများအပြား ပျက်စီးခဲ့ရပါသည်။ လက်ဖက်စိုက်ခင်းပိုင်ရှင်များမှာ မည်သည့်အကူအညီမျှ မရရှိခဲ့ပါ။

## ဘိန်းစိုက်ပျိုးမှုဖက်သို့ ဦးတည်ပြောင်းလဲလာခြင်း

*"ကျမတို့မှာ အရင်တုန်းက ဘိန်းစိုက်ခင်းတစ်ခု ရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း ဘိန်းစိုက်တဲ့အတွက် ဘာမျှ အကျိုးမှမရှိခဲ့ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကျမတို့ဘာမှ မချမ်းသာလာတဲ့အပြင်၊ ကျမယောကျ်ား ဘိန်းစွဲလာတာပဲ အဖတ်တင်ပါတယ်။ ကျမတို့ ဘိန်းစိုက်ခဲ့ကတည်းက သူမူးယစ်ဆေး စသုံးလာခဲ့ပါတယ်"* (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၇၃)

လက်ဖက်စိုက်ပျိုးခြင်းဖြင့် ရပ်တည်နိုင်ရန်၊ ပို၍ခက်ခဲလာသည့်အပြင်၊ ဘိန်းဝယ်ယူလိုသူများလည်း ဝယ်လိုအားမြင့်တက်လာခြင်း၊ အသင့် ရှိနေခြင်းတို့ကြောင့် ပလောင်လယ်သမားများသည်၊ ဘိန်းစိုက်ပျိုးမှုဖက်သို့ တဖြည်းဖြည်း ဦးလှည့်လာကြပါသည်။ တွေ့ဆုံမေးမြန်းမှုများအရ၊ ဤအချက်သည် အမျိုးသားများ ဘိန်းစတင်သုံးစွဲစေသည့် အဓိကကျသော အကြောင်းအချက်ဖြစ်ပြီး၊ နောက်ဆုံးတွင် ဘိန်းစွဲသည့် အဖြစ်သို့ ရောက်ရှိစေခဲ့ပါသည်။

ပလောင်လူမျိုးများစွာတို့သည် အခြားသောသူများ ပိုင်ဆိုင်သည့် ဘိန်းခင်းများတွင်၊ အလုပ်သမားများ ဖြစ်လာကြပါသည်။ အဆိုပါ ဘိန်းခင်းပိုင်ရှင်များသည် အများအားဖြင့် တရုပ်လူမျိုးများဖြစ်ပြီး၊ စစ်အစိုးရမှ ဘိန်းစိုက်ပျိုးရန်ခွင့်ပြုထားသည့် ပြည်သူ့စစ်အုပ်စုများ၏ ခွင့်ပြုချက်ဖြင့် စိုက်ပျိုးထုတ်လုပ် နေကြခြင်းဖြစ်ပါသည်။ " *ပထမတော့ သူက ဘိန်းစိုက်တဲ့ တရုတ်ရွာတစ်ရွာမှာ အလုပ်သွားလုပ်ပါတယ်။ အခြားနေရာတွေမှာ ဘိန်းစိုက်ခွင့်မရှိပေမယ့်လည်း၊ အဲဒီရွာတဝိုက်မှာ နှစ်စဉ်နှစ်တိုင်း ဘိန်းစိုက်ဖို့ခွင့်ပြုထားတဲ့ တရုတ်ရွာတွေ အများကြီးရှိပါတယ်။* " (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၅၄)

အချို့အလုပ်ရှင်များသည် ၎င်းတို့၏ အလုပ်သမားများကို လုပ်ခအဖြစ် မူးယစ်ဆေးများသာ ပြန်ပေးသည်ကိုလည်း ကြားသိခဲ့ရပါသည်။ ဤသို့ဖြင့် ဘိန်းစွဲစေရန် အားပေးရာ ရောက်စေပါသည်။ " *တစ်ခါတလေမှာ သူက လယ်ထဲကိုအလုပ် လုပ်ဖို့ သွားတဲ့အခါ၊ သူ့ ပိုင်ရှင်က ပိုက်ဆံမပေးပါဘူး။ လုပ်ခအစား မူးယစ်ဆေးပဲ ပေးလိုက်ပါတယ်။* " (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၉)



*ဘိန်းခင်းများကို ပြုစုနေပုံ*

## *အလုပ်လုပ်ရန်အတွက် ပြောင်းရွှေ့အခြေချခြင်းများ*

"*သူ့မိသားစုကို ထောက်ပံ့ဖို့ ဝင်ငွေပိုကောင်းဖို့၊ အဝေးကိုထွက်သွားခဲ့ပြီး နောက်ပိုင်းမှာ သူဘိန်းစသုံးလာခဲ့ပါတယ်။* "(တွေ့ဆုံမေးမြန်း ခြင်း အမှတ်– ၂၈)

"*အရင်တုန်းက သူမူးယစ်ဆေး လုံးဝမသုံးခဲ့ဘူး။ ဒါပေမယ့် တခြားနေရာတွေမှာ အလုပ်သွားလုပ်ပြီး ပိုက်ဆံပိုရလာပြီး နောက်မှာ သူ ဘိန်းစသုံးလာခဲ့တာပဲ။* "(တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၂၂)

ဒေသခံ လူမှုအသိုင်းအဝိုင်းတွင်၊ လက်ဖက်စိုက်ပျိုးသူများအဖြစ် ၎င်းတို့၏ ရိုးရာအစဉ်အလာ အသက်မွေးဝမ်းကျောင်းမှုအတိုင်း၊ မှီခို အားထားရပ်တည်ရန် မဖြစ်နိုင်တော့သည့်အဆုံး၊ ပလောင်လူငယ်များသည် လွန်ခဲ့သည့် (၁၀) နှစ်အတွင်း မြန်မာနိုင်ငံ၏ အခြားသော ဒေသများသို့ အလုပ်လုပ်ကိုင်ရန် ပြောင်းရွှေ့မှုများ တိုးမြင့်လာခဲ့ပါသည်။ ထိုသို့ ပြောင်းရွှေ့မှုများသည် အဓိကအားဖြင့် ကချင်ပြည်နယ်၊ ဖားကန့်ဒေသနှင့် ရှမ်းပြည်နယ်အတွင်းရှိ မိုင်းရှူး ကဲ့သို့သော ကျောက်မိုင်းတွင်းရှိရာ ဒေသများဖြစ်ပါသည်။ အဆိုပါ လူဦးရေ သိပ်သည်းထူထပ်သည့် ကျောက်မိုင်းတွင်းဒေသများသည်၊ မူးယစ်ဆေးဝါးသုံးစွဲမှုအတွက် အထူးနာမည်ကြီးပါသည်။ မိသားစုတာဝန်များနှင့်ဝေးကွာနေပြီး၊ မူးယစ်ဆေးဝါးနှင့် ဝင်ငွေအလွယ်တကူရရှိနိုင်ခြင်းကြောင့်၊ ပလောင်လူငယ်အများ မူးယစ်ဆေးဝါးသုံးစွဲသူများ ဖြစ်လာစေပါသည်။

ထို့ကြောင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) ၏ မူးယစ်ဆေးဖြတ် ပြန်လည်ထူထောင်ရေးစခန်းမှ ဆေးပြတ်သွား ဟန်ရှိသော ခင်ပွန်း ယောကျ်ားဖြစ်သူ ပြန်လည်ရောက်ရှိလာခဲ့သည့် အမျိုးသမီးတစ်ဦးက ပြောပြရာတွင်၊ သူမ၏ ယောကျ်ားကို နောက် တစ်ကြိမ် ရွာမှခွါ၍ ပြင်ပတွင် အလုပ်ထွက်လုပ်ရန် ခွင့်ပြုတော့မည် မဟုတ်ကြောင်း ဆိုပါသည်။

*"သူ ပလောင်ပြည်နယ်လွတ်မြောက်ရေးတတ်မတော် (PSLA) စခန်းကပြန်လာပြီး၊ ကျမသူ့ကို အပြင်မှာ အလုပ်ရှာဖို့ ခွင့်မပြုရဲတော့ ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သူမူးယစ်ဆေးပြန်သုံးမှာ ကျမစိုးရိမ်လို့ပဲ။ "*
(တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၇၆)

## *ဘိန်းကို ဆေးဝါးအဖြစ်အသုံးချခြင်း*

*"ကျမတို့ရွာက မြို့နဲ့အလှမ်းဝေးပြီး၊ ကျမတို့မှာ အမြဲတမ်း ဆေးဆိုတာလည်း မရှိတော့ လူအများစု ဖျားနာတဲ့အခါမှာ ဘိန်းကို ဆေးအဖြစ်သုံးကြတယ်။ သူတို့က ဘိန်းကို ပိုပိုသုံးလာတဲ့နောက်ပိုင်းမှာတော့ ဘိန်းစွဲတဲ့ အဖြစ်ကို ရောက်သွားရတယ်။"*(တွေ့ဆုံမေးမြန်း ခြင်း အမှတ်– ၈)

စုံစမ်းလေ့လာ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မရှိသည့် အလျောက်၊ အချို့သော ဒေသခံပြည်သူများသည် ရိုးရာအစဉ်အလာအရ ဘိန်းဖြင့်ဆေးဝါးကုသသည့်နည်းကိုသာ ရွေးချယ်ကြရပါသည်။ အမျိုးသမီးအများက ပြောပြသည်မှာ ၎င်းတို့ယောကျ်ားများသည် ဘိန်းကိုဆေးဝါးအဖြစ် အသုံးပြုရာမှ၊ နောက်ပိုင်းတွင် ဘိန်းစစွဲလာကြခြင်း ဖြစ်ပါသည်။

အချို့သောဖြစ်ရပ်များတွင် အမျိုးသမီးများက ပြောပြသည်မှာ၊ ၎င်းတို့၏အမျိုးသားများသည် ဗိုက်နာခြင်း၊ သို့မဟုတ် မြွေကိုက်ခြင်း ကဲ့သို့သော ဖျားနာမှုမျိုးအတွက် ဘိန်းစားသုံးရာမှ၊ ဘိန်းစွဲလာပြီး ၎င်းတို့ ရောဂါဝေဒနာပျောက်ကင်း ကောင်းမွန်လာပြီးသည့်တိုင်၊ ဆက်လက် စားသုံးနေကြခြင်း ဖြစ်ပါသည်။ သို့သော်လည်း အခြားသော ဖြစ်ရပ်များတွင် အမျိုးသမီးများက ပြောသည်မှာ၊ ၎င်းတို့၏ ယောကျ်ားများတွင် နာတာရှည်ရောဂါခံစားနေရပြီး၊ အခြားသော ဆေးဝါးများ မရရှိနိုင်သည့်အတွက် ဘိန်းကို ဆက်လက်သုံးစွဲနေရသည် ဟု ဆိုပါသည်။ မြန်မာစစ်တပ်က အတင်းအကြပ် ပေါ်တာအထမ်းသမားအဖြစ် ခိုင်းစေခံခဲ့ရသည့် အမျိုးသားတစ်ယောက်သည်၊ ပြင်းထန်စွာ ရိုက်နှက်ခံခဲ့ရပြီးနောက် အိမ်သို့ပြန်ရောက်သောအခါ နာကျင်မှုဝေဒနာများသက်သာစေရန်အတွက်၊ ဘိန်းကိုဆေးအဖြစ် စသုံးရာမှ ဘိန်းစွဲ သူအဖြစ်သို့ ရောက်ရှိသွားပါသည်။

## မူးယစ်ဆေးဝါးသုံးစွဲသည့် ယဉ်ကျေးမှုကြီးထွားလာခြင်း

*“အကယ်၍ သင်အရက်မသောက်လျှင် သင်နိဗ္ဗာန်မရောက်နိုင်ပါ။*
*အကယ်၍ သင်ဘိန်းမစားလျှင်၊ လူသားတစ်ယောက် ပီသလိမ့်မည် မဟုတ်ပါ”*

– ပလောင်ယောကျ်ားများ အကြားတွင် ပြောလေ့ရှိသည့်ဆိုရိုးစကား



ပလောင်လူမှုအသိုင်းအဝိုင်းတွင် မူးယစ်ဆေးဝါး အလွယ်တကူရရှိနိုင်မှု တိုးမြင့်လာခြင်းနှင့် အလုပ်လက်မဲ့နှုန်းတိုးလာခြင်း၊ အနာဂါတ်အတွက် တက်လမ်းများ ပျောက်ဆုံးနေခြင်း၊ စသည်တို့သည် ငယ်ရွယ်သည့် ပလောင်လူငယ်များအတွက် ဆေးစွဲစေရန် အရေးကြီးသည့် ပေါင်းဆုံလာသောအချက်များ ဖြစ်ပါသည်။ ရိုးရာအစဉ်အလာအရ ဘိန်းစွဲမှုကို မနှစ်မြို့ကြသော်လည်း၊ မူးယစ်ဆေးစွဲသည့် ယဉ်ကျေးမှု ဖွံ့ဖြိုးလာနေပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုသည် ယောကျ်ားပီသသည့် လုပ်ရပ်ဟု မြင်လာပြီး၊ ရွယ်တူတန်းတူများ၏ ဖိအားပေးမှုသည်လည်း သြဇာကြီးစွာ သက်ရောက်စေပါသည်။ အဆိုပါ မိတ်ဆွေများ၏ ဖိအားပေးမှုကြောင့် မူးယစ်ဆေးစွဲမှုကို ဦးတည်စေပါသည်။

*“ ကျမယောကျ်ားမှာ မကောင်းတဲ့သူငယ်ချင်းတွေ အများကြီးရှိပြီး၊ သူတို့က ကျမပြောတာဂရုစိုက်ဖို့ မလိုဘူးလို့ ဝိုင်းပြောကြပါတယ်။ ကျမကိုလည်း ကြောက်စရာမလိုဘူးလို့ ဝိုင်းပြောကြပါတယ်။ သူတို့က ကျမယောကျ်ားကို ဘိန်းစားတာဘာပြဿနာမှမရှိဘူး၊ စမ်းသုံးကြည့်ဖို့ ဝိုင်းပြောကြပါတယ်။ အစပိုင်းမှာတော့ သူ့သူငယ်ချင်းတွေက ဘိန်းစားဖို့အတွက် ငွေတောင်မယူကြပါဘူး။ ကျမယောကျ်ားကို အလကားကျွေးတာပါ။ နောက်ပိုင်း ကျမ ယောကျ်ားစွဲလာတော့၊ ကျမယောကျ်ားကို ပိုက်ဆံပေးဖို့ တောင်းပါတော့တယ်။”*
(တွေ့ဆုံမေး မြန်းခြင်း အမှတ်– ၉)



# အမျိုးသမီးများရဲ့ အသံ

## ဆေးစွဲနေသူအမျိုးသားများ၏ နှတ်ဝန်ထုပ်ဝန်ပိုး

### ခင်ပွန်းသည်များသည် မိသားစုအတွက် အလုပ်မလုပ်ကြတော့။

*“သူဆေးစွဲကတည်းက အလုပ်မလုပ်တော့ဘူး။ အဲသည်တော့ ကျမတို့ပိုဆင်းရဲလာရတယ်။ အရင်တုန်းကတော့ ကျမတို့မှာ စားစရာ အလုံအလောက်ရှိသေးတယ်။ အခုတော့ကျမတို့အခြေအနေက လုံးဝချွတ်ခြုံကျနေရပါပြီ။ “* (တွေ့ဆုံမေးမြန်းခြင်း အမှတ် –၇၂)



ဆေးစွဲနေသူများ၏ ဖြစ်ရပ်အတော်များများတွင်၊ ခင်ပွန်းများက မိသားစုကိုထောက်ပံ့နေမှုများ ရပ်ဆိုင်းခဲ့ကြပါသည်။ တွေ့ဆုံမေးမြန်းခဲ့သူ အမျိုးသမီးများ၏ (၂၅) ရာခိုင်နှုန်းက ပြောကြားရာတွင် သူတို့၏ခင်ပွန်း သို့မဟုတ် သားများက၊ ဆေးစွဲပြီးနောက် အလုပ်လုပ်ကိုင်ခြင်းကို လုံးဝရပ်ဆိုင်းလိုက်ကြကြောင်း ဖော်ပြကြပါသည်။

ကျန်အမျိုးသမီးများက ဖော်ပြကြရာတွင်၊ သူတို့၏ခင်ပွန်း သို့မဟုတ် သားများမှာ ဆက်လက်အလုပ်လုပ်ကိုင်နေသေးသော်လည်း၊ သူတို့ ၏လုပ်ခအားလုံးကို ဆေးဖိုးအတွက်သာ သုံးစွဲကြကြောင်း ပြောဆိုပါသည်။

*“သူဆေးစွဲတဲ့အချိန်ကစလို့ လုံးဝခြားနားသွားတယ်။ အရင်တုန်းကတော့ မိသားစုအတွက်အလုပ်သိပ်ကြိုးစားတယ်။ ဒါပေမယ့် ဘိန်း စစားတဲ့အချိန်ကစလို့ အလုပ်လုပ်ဖို့ အင်မတန်ပျင်းသွားပြီး၊ အလုပ်လုပ်ရင်တောင်မှ ဆေးဖိုးအတွက်ပဲ လုပ်တော့တယ်။”*(တွေ့ဆုံမေး မြန်းခြင်း အမှတ် –၁၁)

### မိသားစုပိုင်ပစ္စည်းများ၊ ပိုင်ဆိုင်မှုများကို ရောင်းချခြင်း။

*“ကျမယောကျ်ားဆေးစွဲတာ ၅–နှစ်လောက်ပဲ ရှိသေးတယ်။ သူအကုန်ရောင်းစားပစ်တယ်။ ကျမတို့နွားတွေရော၊ လယ်ကွက်ရောပဲ။ ကျမတို့ အိမ်မှာလည်း ဘာမျှ မကျန်တော့ဘူး။ “*(တွေ့ဆုံမေးမြန်းခြင်း အမှတ် –၇၂)

ခင်ပွန်းသည်များမှာ အိမ်ထောင်စုကို ထောက်ပံ့ရန်၊ အလုပ်မလုပ်တော့ရုံမျှမက၊ စုဆောင်းထားသောငွေများကို သုံးစွဲခြင်း၊ အိမ်ထောင်စု ပိုင်ပစ္စည်းများ၊ ပိုင်ဆိုင်မှုများကို ရောင်းချခြင်းဖြင့် အိမ်ထောင်စု၏ လုံခြုံရေးကိုလည်း ထိခိုက်လာစေပါသည်။ တစ်ခါတရံ ဇနီးမရှိစဉ် နောက်ကွယ်၌ ရောင်းချလေ့ရှိပါသည်။

*“ကျမယောကျ်ားက မိသားစုနေ့ာင်ရေးအတွက် ဘာမှမ စဉ်းစားဘူး။ ကျမတို့ဘာဖြစ်နေမှန်း၊ အိမ်မှာ ဘာပြဿနာ ကြုံနေ ရမှန်း သူမသိဘူး။ သူ့ဆေးဖိုးအတွက်ပဲ သူစိတ်ဝင် စားတယ်။ သူမနက်ခင်းနိုးလာရင်၊ အပြင်ထွက်၊ ညနက်မှ အိမ်ပြန်လာတယ်။ သူဘာလုပ်လို့ လုပ်မှန်းမသိဘူး။ ဘယ် သွားလို့ သွားမှန်းမသိဘူး။ တစ်ခါတလေ ကျမတို့ဆန်တွေကို သူခိုးပြီး၊ ဆေးဖိုးအတွက် ရောင်းစားပစ်တယ်။ အရင်တုန်းက ကျမတို့လက်ဖက်ခင်းတစ် ခင်းနဲ့ နွားတွေပိုင်ခဲ့သေးတယ်။ အခုတော့ မရှိတော့ဘူး။ သူအားလုံး ရောင်းလို့ကုန်ပြီ။ အိမ်မှာ ဘာမျှ မကျန်တော့ဘူး။“*
(တွေ့ဆုံမေးမြန်းခြင်း အမှတ် –၃၇)



## ချေးငှားခြင်း၊ ခိုးယူခြင်းနှင့် မူးယစ်ဆေးရောင်းဝယ်ဖောက်ကားခြင်း။

*“သူ တခြားလူတွေဆီက ဆေးဝယ်ဖို့ငွေချေးတယ်။ ပြီးတော့ ပြန်မပေးဘူး။ အဲသည်တော့ ငွေချေးထားတဲ့သူက အိမ်လာပြီး၊ ကျမဆီက လာပြန်တောင်းတယ်။ တစ်ခါတလေ ကျမယောကျ်ားအကြွေးတွေအတွက် အိမ်ကဆန်ကို ရောင်းပြီး ပြန်ပေးရတယ်။ “*(တွေ့ဆုံမေးမြန်း ခြင်း အမှတ် –၈)

အိမ်ထောင်သည်အမျိုးသမီးအများက သူတို့၏ခင်ပွန်းများသည် အခြားရွာသားများထံမှ သူတို့ဆေးဖိုးအတွက် ငွေချေးငှားလေ့ရှိကြကြောင်း ဖော်ပြပါသည်။ အချို့သူများက ခိုးမှုပင် ကျူးလွန်ကြပါသည်။

*“သူက မူးယစ်ဆေးသုံးနေတာ (၁၀) နှစ်ကျော်ပါပြီ။ သူရွှေ၊ ငွေ၊ ဘိန်း၊ ကျွဲ၊ နွား၊ မြင်း၊ လက်ဖက်ခြောက်၊ စပါးနဲ့ ကျွန်းသစ်တွေ ခိုးတာ တွေလုပ်ခဲ့ပါတယ်။ သူဘိန်းဝယ်ဖို့အတွက် ရောင်းလို့ရတာ အကုန်ခိုးပါတယ်။ သူ့ကို ရွာလူကြီး ကတောင် နှင်ထုတ်ဘူးပါတယ်။ အကြောင်းကတော့ သူ သူခိုးဖြစ်လာလို့ပါပဲ။ သူ့အိမ်ကိုသိမ်းပြီး၊ သူ့မိသားစု ဘယ်သူ့ ကိုမှအိမ်မှာ နေခွင့်ဆက်မပေးပါဘူး။ “*(တွေ့ဆုံ မေးမြန်းခြင်း အမှတ် –၅၂)

အချို့မူးယစ်ဆေးစွဲနေသူများမှာ မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် ဖမ်းခံကြရပြီး၊ ရာဇဝတ်မှုဖြင့် ရုံးတင်စစ်ဆေး ခံကြရပါသည်။ ဤအချက် ကြောင့် မိသားစုအပေါ်တွင် ဘဏ္ဍာရေးအရ ပို၍ကြပ်တည်းစေရန် အကြောင်းဖြစ်စေပါသည်။

*“တစ်ခါက သူမယောကျ်ားဘိန်းရောင်းနေတုန်း၊ ရွာလူကြီးကတွေ့ပြီး ဖမ်းမိပါတယ်။ ပြီးတော့ ဒီအမှုကြောင့် ထောင်ဒဏ်အပြစ်ပေးခံရပါ တယ်။ သူ့မိန်းမက သူ့ကို အာမခံနဲ့ ထုတ်နိုင်ဖို့အတွက် အိမ်ကိုရောင်းပြီးငွေစုရပါတယ်။*

*အလုပ်မဖြစ်ပါဘူး။ သူမဲ့ကလေးတွေကတော့ အိုးမဲ့အိမ်မဲ့ ဖြစ်သွားရပါတယ်။ သူတို့လည်းရှက်ပြီး ရွာကိုနောက်ထပ် ပြန်မလာရဲတော့ပါဘူး။ "*(တွေ့ဆုံမေးမြန်းခြင်း အမှတ် –၅၄)

## *ကလေးများကို လျစ်လျူရှုထားခြင်း။*

*"ကျမယောကျ်ားက ကျမကို ကလေးတွေကျောင်းစားရိတ်အတွက်၊ သူတို့အခြေခံလိုအပ်ချက်တွေအတွက် ဘာမျှ မထောက်ပံ့ပါဘူး။ သူလုပ်ချင်တာပဲ သူလုပ်နေတာပါပဲ။ "*(တွေ့ဆုံမေးမြန်းခြင်း အမှတ် –၃၇)

အိမ်ထောင်သည် အမျိုးသမီးအများက ဖော်ပြရာတွင်၊ သူတို့၏ခင်ပွန်းများသည် ကလေးများအတွက်ထောက်ပံ့နေမှုကို ရပ်ဆိုင်းခဲ့ရုံမျှ မက၊ သူတို့၏ လူမှုဖူလုံရေးကိစ္စများအတွက်ပါ စိတ်ဝင်စားမှုမရှိကြတော့ကြောင်း ပြောပြကြပါသည်။



အချို့သောဖြစ်ရပ်များတွင် သူတို့ကလေးများကို လျစ်လျူပြု ထားမှုကြောင့် ကြေကွဲဖွယ်အဖြစ်ဆိုးများ ကြုံကြရပါသည်။

*"သူ့ (ခင်ပွန်းဖြစ်သူ) ကြောင့် ကျမကလေးတွေသေရပါတယ်။ ကျမတို့က နေ့စဉ်လယ်ထဲကို အလုပ်ဆင်းရပါတယ်။ ဒါမှစားဖို့ရမှာပါ။ ကျမက သူ့ကို အိမ်မှာကလေးထိန်းနေဖို့ မှာခဲ့ပါတယ်။ သူက ကလေးမကြည့်ပဲ ထွက်သွားပါတယ်။ ကလေးတွေက ဘာမှစား စရာမရှိပါဘူး။ ဒ့ါအပြင် တစ်ယောက်ကဖျားနေတော့ ကျမပြန်မ လာခင်မှာပဲ ဆုံးသွားပါတယ်။"*
(တွေ့ဆုံမေးမြန်းခြင်း အမှတ် –၉)

# *ဒေါသထွက် အော်ဟစ်ခြင်းနှင့် အိမ်တွင်းအကြမ်းဖက်မှုများ*

အမျိုးသမီးအများစုက ဖော်ပြကြရာတွင်၊ သူတို့၏ခင်ပွန်းယောကျ်ားများသည် ဒေါသထွက်လွယ်ကြပြီး၊ ဆေးလိုအပ်နေသော အချိန်တွင် ပို၍ဖြစ်လေ့ရှိပါသည်။ အော်ဟစ်ဆူပူခြင်းမှသည် သူတို့ဇနီးများနှင့် ကလေးများကို ခန္ဓာကိုယ်နာကျင်စေရန်အကြမ်းဖက်သည်အထိ ဆောင်ရွက်လေ့ ရှိပါသည်။

*"ကျမယောကျ်ားက ဆေးကိုလွန်ခဲ့တဲ့ ၅–နှစ်ကစပြီး သုံးခဲ့ပါတယ်။ ဒီအတွက် ကျမသူနဲ့နေရတာ အလွန်ခက်ခဲပါတယ်။ အကြောင်းကတော သူကကျမကို ရုပ်ပိုင်းဆိုင်ရာအရရော၊ စိတ်ပိုင်းဆိုင်ရာအရပါ ဒီနှစ်ပိုင်းတွေအတွင်း နှိပ်စက်ခဲ့ပါတယ်။ ကျမကိုယ်ဝန်ဆောင်နေစဉ် ကာလမှာပင် သူက ကျမကိုရိုက်ပါတယ်။ သူဆေးထနေတဲ့အချိန်မျိုးမှာ အရူးတစ်ယောက်လိုပါပဲ၊ စိတ်ရိုင်းထပြီး၊ ကျမကိုရော၊ ကလေးတွေကိုပါ ရိုက်နှက်ပါတယ်။ ကျမသူ့ကို ဆေးမသုံးဖို့အမြဲပြောပါတယ်။ သူကပြောတိုင်း ဒေါသထွက်တာပါပဲ။ "*(တွေ့ဆုံမေးမြန်းခြင်း အမှတ် –၇၅)

# နေ့မလားများအပေါ် ထိခိုက်နစ်နာစေမှု

## *အဓိကဝင်ငွေရှာသူအဖြစ် ရုန်းကန်ရခြင်း*

*“ကျမအကုန်လုပ်ရပါတယ်။ အိမ်မှာ၊ တောထဲမှာ လယ်ထဲမှာ လုပ်ရပါတယ်။ ကျမမှာ ကြည့်ဖို့ကလေး ၃–ယောက်လည်း ရှိပါသေးတယ်။ ကလေးတစ်ယောက်ပဲ ကျောင်းသွားရပါသေး တယ်။ ကျမယောကျ်ားကတော့ သူ့အတွက်ပဲ သူကြည့်ပါတယ်။ သူ့အလုပ်က သူ့ငွေရပါတယ်။ ကျမကတော့ လက်ဖက်ရွက် ဆွတ်ပြီး၊ ကလေးတွေ ကျောင်းထားဖို့ အတွက်ပါ ပေးရပါတယ်။ “*(တွေ့ဆုံမေးမြန်းခြင်း အမှတ် –၃၀)

တွေ့ဆုံမေးမြန်းခဲ့သောအမျိုးသမီးများ၏ အဓိကပြဿနာမှာ ၎င်းတို့၏ခင်ပွန်းယောကျ်ားများ မူးယစ်ဆေးစွဲခြင်း ကြောင့်ကြုံ ရသော၊ စီးပွါးရေးကြပ်တည်းမှုပင်ဖြစ်သည်။ ယောကျ်ားဖြစ်သူက ဝင်ငွေလုံးဝထောက်ပံ့ ပေးခြင်း မရှိသော အခြေအနေ၊ အိမ်တွင်ရှိသမျှ ပိုင်ဆိုင်မှု၊ ပစ္စည်းများကို ရောင်းချနေသော အခြေအနေတွင်၊အမျိုးသမီးများအနေဖြင့် မိသားစု အတွက်ဖူလုံလောက်ငှအောင် ရှာကြံရုန်းကန် ရခြင်းဖြစ် ပါသည်။ ထိုမျှသာမက ကလေးများပြုစုစောင့် ရှောက်ခြင်းနှင့် အိမ်မှုလုပ်ငန်းများကိုလည်း လုပ်ကြရပါသည်။



အမျိုးသမီးအများစုမှာ ယေဘုယျအားဖြင့် ကျွမ်းကျင်မှု မလိုအပ်သော လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကိုသာ လုပ်ကိုင်ရင်း၊ ဝင်ငွေရှာ ကြရပါသည်။ ဤလုပ်ငန်းများတွင်လည်း ၎င်းတို့ ရရှိသောဝင်ငွေမှာ အမျိုးသားများထက်စာလျှင် လျော့နည်း ရရှိကြပါသည်။ အချို့သောဖြစ်ရပ်များတွင် မိခင်များမှာ စားလောက် ရုံမျှသာ ငွေရှာနိုင်ကြပါသည်။ ထိုရရှိသော အစား အစာကိုပင် ခင်ပွန်းယောကျ်ားများက မူးယစ်ဆေးဝယ်ရန်အတွက် ရောင်းချသောအဖြစ်မျိုးနှင့်လည်း ကြုံကြရပါသည်။

*“သူ မူးယစ်ဆေးသုံးနေတာ ၂–နှစ်လောက်ရှိပါပြီ။ အဲဒီအချိန်ကစလို့ မိသားစုစားသောက်နေထိုင်ရေးအတွက် ကျမကို ဘာမှ မကူညီတော့ပါဘူး။ သူရသမျှငွေကို ဆေးဖိုးအတွက်ပဲ သုံးပါတော့တယ်။ အိမ်ကပစ္စည်းတွေကို လည်းခိုးပြီး ရောင်းပါတယ်။ အထူးသဖြင့် လက်ဖက်ခြောက်နဲ့ ဆန်ကို ခိုးရောင်းပါတယ်။ ကျမက သူများခြံမှာနေ့စဉ်သွားပြီး အလုပ်လုပ် ငွေရှာရပါတယ်။ ကျမကလေးတွေကို ပြုစုစောင့်ရှောက်ရတဲ့အပြင်၊ စားဖို့သောက်ဖို့လည်း ငွေရှာရပါတယ်။ ကျမတို့ ဘဝက လက်လုပ်မှ ပါးစပ်လှုပ်ရတဲ့ဘဝပါပဲ။ ပလောင်တွေပြောသလို တနေ့လုပ်မှ တနေ့စားဘဝပါပဲ။ ရသမျှလည်း စုမိတယ်မရှိပါဘူး။ တစ်ခါတလေ ကျမယောကျ်ားက ညနေစာချက်ဖို့ထားတဲ့ ဆန်ကို ယူပြီးရောင်းစားပါတယ်။ သူဒီလို လုပ်တော့ ကျမရော၊ ကလေးတွေပါ ညနေစာစားဖို့ မရှိတော့ပါဘူး။ ရေသောက်ပြီး အိပ်ကြရပါတယ်။“*(တွေ့ဆုံမေးမြန်းခြင်း အမှတ် –၄၄)

အချို့သော အမျိုးသမီးများအတွက် ရှင်သန်ရပ်တည်ရန် တစ်ခုတည်းသောနည်းလမ်းမှာ သူတို့၏မိဘများကို မှီခိုကြခြင်း ဖြစ်ပါသည်။ သူတို့အလုပ်ဆင်းချိန်တွင် သူတို့၏ကလေးများကို ကြည့်ရှုစောင့်ရှောက်ရန်ဖြစ်စေ၊ ကလေးများကို ကျွေးမွေးရန်ဖြစ်စေ၊ ကလေးများ ကျောင်းထားပေးရန် ဖြစ်စေ မှီခိုအားထားကြရပါသည်။

*"ကျမက ကလေးတွေရဲ့ကျောင်းစားရိတ်တွေနဲ့ သူတို့အခြေခံလိုအပ်တာတွေ ထောက်ပံ့ပေးပါတယ်။ ကျမက ကလေးတွေကို ကျမ မိဘတွေဆီကို ပို့ထားပြီး၊ နေ့စဉ် အလုပ်ဆင်းရပါတယ်။ ကျမကကလေးတွေနဲ့ ကျမ မိဘတွေအိမ်ကို စားစရာမရှိတဲ့အခါ အမြဲလိုလိုသွားရပါ တယ်။ ကျမကကလေးတွေကို ကြည့်ပေးမယ့် ကျမမိဘတွေသာမရှိရင်၊ ကျမလည်း အလုပ်လုပ်လို့ရတော့မှာ မဟုတ်ပါဘူး။ "*(တွေ့ဆုံမေး မြန်းခြင်း အမှတ် –၇၆)

## *ကျန်းမာရေးချို့ယွင်းဖျားနာစေရန် ထိခိုက်လွယ်ခြင်း။*

ပေါင်းစုံသောအကြောင်းတရားများကြောင့် မူးယစ်ဆေးစွဲသူများ၏ဇနီးမယားများမှာ ကိုယ်ခန္ဓာရုပ်ပိုင်းဆိုင်ရာအရ ထိခိုက်လွယ်ပါသည်။ သူတို့၏ပင်ပန်းသောအလုပ်များကြောင့် စွမ်းအင်ကုန်ခမ်း ချုံးချုံးကျစေရုံမျှမက၊ သန္ဓေတားရန်နည်းလမ်းများ မရနိုင်ခြင်းကြောင့် ကိုယ်ဝန်တစ်ဆက်ပြီးတစ်ဆက် ဆောင်နေရခြင်း စသည့်ပြဿနာများလည်း ပိုမိုကြုံကြရပါသည်။ ကိုယ်ဝန်ဆောင်ချိန်ကာလတလျှောက်လုံးတွင်လည်း အမျိုးသမီးများမှာ အလုပ်လုပ်ကြရပြီး၊ ကလေးမွေးပြီးသည်နှင့်လည်း အလုပ်ပြန်ဆင်းကြရပါသည်။ ထို့ထက်ပို၍၊ သူတို့ခင်ပွန်းများက ကျူးလွန်သောအကြမ်းဖက်မှုများကိုလည်း ခံစားကြရပါသည်။

*"ကျမ ကိုယ်ဝန်ရှိစဉ်အချိန်တိုင်းမှာလည်း၊ ကလေးမွေးတဲ့နေ့အထိ ကိုယ်လေးလက်ဝန်ကြီးနဲ့ နေ့တိုင်းအလုပ်လုပ်ရပါတယ်။ ကျမကလေး (၉) ယောက်ရှိပါပြီ၊ ယခုလည်း ဗိုက်ထဲမှာ ကလေး (၈) လသား ရှိနေပါပြီ။ ကျမကလေးရတိုင်းရတိုင်း၊ ကျမကလေးမွေးပြီး တာနဲ့ (၇) ရက်နေရင် အလုပ်ပြန်ဆင်းရပြန်ပါတယ်။ ကျမ ဒီလိုမလုပ်ချင်ပြန်ဘူးဆိုရင်လည်း စားစရာရှိမှာမဟုတ်ပါဘူး။ တစ်ခါတုန်းက ကျမ ကလေး မွေးပြီး (၃) လလောက်ကြာတဲ့ကာလမှာ၊ ကျမက ယောကျ်ားကို ကလေးကြည့်ခိုင်းတဲ့အတွက် သူက ကျမကို ရိုက်ပါတယ်။ တစ်ခါက ကျမက အဝတ်လျှော်ဖို့သွားပါတယ်။ ပြန်လာတော့ ကလေးကို သူမကြည့်တဲ့အပြင်၊ အပြင်ထွက်သွားပြီး ဆေးသွားရှူနေပါတယ်။ ကျမက ပြန်ပြောတော့ သူက ရိုက်ပါတယ်။ "* (တွေ့ဆုံမေးမြန်းခြင်း အမှတ် –၉)

တွေ့ဆုံမေးမြန်းခဲ့သော ဇနီးမယားများဖော်ပြကြသည့်အချက်မှာ သူတို့ကျန်းမာရေးမကောင်းသည့်အချက်ပင် ဖြစ်ပါသည်။ ဤအချက်မှာလည်း အံ့သြဖွယ်မဟုတ်ပါ။ ဤသို့ဖျားနာခြင်းကြောင့် သူတို့၏ဝင်ငွေကို ထပ်မံထိခိုက်စေသည့်အပြင်၊ သူတို့၏ခင်ပွန်းယောကျ်ားများ၏ နှိပ်စက်မှုကိုပါ ထပ်မံခံကြရပါသည်။

*"ကျမ မဖျားခင်က နေ့စဉ် ဒီလယ်မှာ အလုပ်သွားလုပ်ပါတယ်။ ဒါပေမယ့်ငှက်ဖျားစွဲပြီး တဲ့နောက်ပိုင်း၊ ကျမ လယ်မလုပ်နိုင်တော့ပါဘူး။ ကျမဖျားပြီး လယ်မလုပ်နိုင်တော့ ကျမယောကျ်ားက သိပ်ပျော်ပါတယ်။ အကြောင်းက အခုတော့ သူက လယ်မှာသိမ်းထားတဲ့စပါးတွေ အားလုံး သူယူနိုင်ပြီး၊ မူးယစ်ဆေးဖိုးအတွက် ရောင်းစားနိုင်တာကိုး။ သူက အိမ်ကို ဆန်ပြန်ဖို့တာ၊ ငွေပြန်ပေးတာမရှိပါဘူး။ ကျမကတစ်ခါ သူ့ကိုမေးတော့ သူကပြန်အော်ပါတယ်။ သူက ကျမဆေးဝယ်ဖို့ထားတဲ့ငွေကိုလည်း ယူပါတယ်။ အခြားသူတွေကိုလည်း မိန်းမ ဆေးဖိုးအတွက်ဆိုပြီး အကြောင်းပြငွေတောင်းပါတယ်။ သူငွေ*

*ရလာတော့ ဆေးလုံး၀ ၀ယ်ပေးတာမဟုတ်ပါဘူး။ သူဆေးသုံး ဖို့ပဲ ၀ယ်လိုက်တာပါ။ အိမ်မှာလည်း ဘာမျှ မကျန်တော့ပါဘူး။ သူယူသွားပြီး ဆေးဖိုးအတွက်ရောင်းပစ်တာ ကုန်ပါပြီ။* “(တွေ့ဆုံမေးမြန်း ခြင်း အမှတ် –၁၈)



*ငှက်ဖျားစွဲကပ်ပြီး၊ မူးယစ်ဆေးစွဲသူ ယောကျ်ားမှ ပစ်ထားခံရသူ တစ်ဦး*

ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သူ အမျိုးသမီးများက၊ သူမတွင်သော်လည်းကောင်း၊ သူမခင်ပွန်းတွင် သော်လည်းကောင်း ကိုယ်ခံအားကျရောဂါ (အိပ်ချ်အိုင်ဗွီ– အေအိုင်ဒီအက်စ်) ကူးစက်စွဲကပ်နေကြောင်း မဖော်ပြကြသော်လည်း၊ ဤပြဿနာမှာ မူးယစ်ဆေးစွဲနေသူများ၏ ဇနီးမယားများအတွက် အထူးအန္တရာယ်ရှိနေပါသည်။ အထူးသဖြင့် အခြားဒေသများတွင် အလုပ်သွားရောက်လုပ်ကိုင်ကြသူ ဆေးစွဲနေသူများနှင့် ဆေးထိုးအပ်တစ်ချောင်းတည်းကို စုပေါင်းသုံးစွဲကြသူများအတွက် ကူးစက်ခံရနိုင်သည့် အခွင့်အလမ်း များပါသည်။ (င) ကျေးရွာမှ ရွာသားတစ်ဦး၏ ပြောပြချက်အရ၊ ဤဖြစ်ရပ်မျိုးတစ်ခုကို သိရှိရပါသည်။ မူးယစ်ဆေးစွဲနေသူ ရှမ်းယောကျ်ားတစ်ဦးမှာ ကိုယ်ခံအားကျရောဂါ (အိပ်ချ်အိုင်ဗွီ–အေအိုင်ဒီအက်စ်) ကူးစက်စွဲကပ်နေပြီး၊ ဤဖြစ် ရပ်ကိုလည်း မည်သူမျှ သိရှိခြင်းမရှိပါ။ ထိုသူက ပလောင်အမျိုးသမီးတစ်ဦးကို လက်ထပ်ပြီး တစ်လအကြာတွင် သေဆုံးသွား ပါသည်။ နောက်ပိုင်းတွင် ထိုအမျိုးသမီးကို သေဆုံးသူ၏ ညီနှင့် လက်ထပ်စေရန် မိဘများက တိုက်တွန်းကြပါသည်။ ဒုတိယအကြိမ်လက်ထပ်ပြီးသောအခါ၊ သူမလည်းသေဆုံးသွားပါသည်။ ထို့နောက် ဒုတိယခင်ပွန်းဖြစ်သူလည်း သေဆုံး သွားခဲ့ပါသည်။

## *စိတ်ဖိစီးမှုများ*

တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသမီးအများစုမှာ စိတ်ဖိစီးမှုအကြီးအကျယ်ခံစားနေရကြောင်း ထင်ရှားပါသည်။ အများစုက စိတ်ဓါတ်ကျ ဆင်းခြင်း၊ ရှက်ခြင်း၊ ဒေါသဖြစ်ခြင်းများ ခံစားနေကြရပါသည်။တစ်ခါတရံ သူတို့ငိုယိုကြကြောင်းလည်း ဖော်ပြောပြပါသည်။ သူတို့မှာ သူတို့ ၏ခင်ပွန်းယောကျ်ားများနှင့် အမြဲလိုလို ရန်ဖြစ်ငြင်းခုံနေရခြင်း၊ ရိုက်နှက်ခံရမည်ကို ကြောက်ရွံ့နေရခြင်း၊ ဘဏ္ဍာရေးနှင့် ကလေးများ၏ ဖူလုံရေးကိစ္စများအတွက် အစဉ်သဖြင့်ပူပန်နေရခြင်း စသည့် စိတ်ဒုက္ခများ ခံစားနေကြရပါသည်။ ထိုမျှမက၊ အမျိုးသမီးအများမှာ ကလေး များအကြိမ်ကြိမ်ဆုံးရှုံးရမှုအတွက် ပြင်းပြစွာ ပူဆွေးသောကရောက်ကြရပါသည်။

*“ကျမတို့မှာ ကလေး ၁၁ ယောက်ရှိပါတယ်။ အခု ၃–ယောက်ပဲ ကျန်ပါတော့တယ်။ အကြောင်းကတော့ စားစရာမရှိ၊ ဆေးလည်းမရှိ၊ ကလေးတချို့ဆိုရင် မွေးမွေးပြီးချင်းသေတာပါပဲ။ ကလေးတစ်ယောက်ဆိုရင် ရေကူးမတတ်လို့ ကန်ထဲမှာရေနစ်သေပါတယ်။ အချို့ကလေးတွေက တစ်လ၊ နှစ်လရှင်ပြီးတဲ့အခါ သေကုန်ပါတယ်။ ကျမကလေး တွေအတွက်နဲ့ စိတ်ဒုက္ခရောက်ရပြီး၊ ကျမခင်ပွန်းဖြစ်သူကိုလည်း စိတ်ဓါတ်ကျပါတယ်။ ကျမ ငိုပြီးရင်း ငိုနေရတာပါပဲ။ ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိပါဘူး။* ”(တွေ့ဆုံမေးမြန်း ခြင်း အမှတ် –၄၇)

ဖြစ်ရပ်တစ်ခုတွင် ကလေး (၃) ယောက်မိခင်၊ အသက် (၃၀) နှစ်အရွယ်ရှိသူ အမျိုးသမီးတစ်ဦးသည်၊ သူမယောကျ်ား မူးယစ်ဆေးစွဲပြီး နောက် အိမ်နှင့် ပိုင်ဆိုင်မှုများဆုံးရှုံးကုန်ရပြီး၊ နောက်ဆုံးရှူးသွပ်သည်အထိ ဖြစ်ခဲ့ရပါသည်။ သူမအနေဖြင့် ယောကျ်ားဖြစ်သူက တချိန်လုံး ရိုက်နှက်၊ အော်ငေါက်မှုများ ခံစားခဲ့ရပါသည်။ သူမကို ယခုအခါ ငယ်ရွယ်သော သမီးဖြစ်သူက စောင့်လျှောက်နေထိုင်လျက် ရှိပါသည်။ သူမ၏သား (၂) ဦးမှာ ဖခင်ဖြစ်သူ၏ ဒဏ်မှလွတ်ရန်အတွက် ဘုန်းကြီးဝတ်သွားကြပါသည်။ (တွေ့ဆုံမေးမြန်းခြင်း အမှတ်–၅၂)

## *ရပ်ရွာမှ ဖယ်ကျဉ်ခြင်း*

*“ကျမကို သူများတွေက အထင်သေးအမြင်သေးနဲ့ကြည့်ရင် ကျမသိပ်ဝမ်းနည်းပြီး၊ ငိုချင်ပါတယ်။ တချို့လူတွေက ကျမ ယောကျ်ားဘိန်းစွဲနေတာ ကျမမြှောက်ပေးလို့လို့ ထင်ကြပါတယ်။ မမှန်ပါဘူး။ လူတွေက ကျမဘာယ်လိုခံစားနေရတယ် ဆိုတာ မသိကြပါဘူး။ သူတို့ ကျမကို နားမလည်ကြပါဘူး။ “* (တွေ့ဆုံမေးမြန်း ခြင်း အမှတ် –၃၄)



အမျိုးသမီးများ၏ စိတ်ဖိစီးမှုအပေါ် နောက်ထပ်ဆင့်ပိုးသော အကြောင်းမှာ၊ သူမ၏ခင်ပွန်းယောကျ်ား ဖြစ်သူ မူးယစ်ဆေးစွဲ နေသည့် အတွက် ရပ်ရွာမှဖယ်ကျဉ်မှုကို တွေ့ကြုံခံစားရခြင်း ဖြစ်ပါသည်။ သူတို့၏မိသားစုဖူလုံရေးအတွက် အပြင်းအထန် ကြိုးစား၍ သူတို့ ရုန်းကန်နေကြရသည့်တိုင်၊ အချို့သောရပ်ရွာရှိ လူထုများက သူမတို့၏ခင်ပွန်း အမူအကျင့်အတွက် သူတို့က ပါရော၍ ပြစ်တင်ပြောဆို ကြပါသည်။
ဤအတွက်ကြောင့် အိမ်နီးချင်များက ထိုအမျိုးသမီးများကို ငွေကြေးအရဖြစ်စေ၊ အလုပ်ရရှိရန်ဖြစ်စေ မကူညီလိုကြပါ။

*“ကျမကို ရပ်ရွာကလည်း အထင်သေးကြပါတယ်။ အိမ်နီးချင်းတွေကလည်း ကျမကို မကူညီကြပါဘူး။ သူတို့က ကျမယောကျ်ားအကျင့် ကိုမကြိုက်တာနဲ့ ကျမကိုလည်း ဆက်ဆံဖို့ဝန်လေးကြပါတယ်။ အရင်က ကျမတို့လိုအပ်တဲ့အခါ အိမ်နီးချင်းတွေက ကြည့်ကြပါတယ်။ ကူညီကြပါတယ်။ ကျမယောကျ်ား မူးယစ်ဆေးစွဲနေမှန်း သူတို့သိတဲ့အချိန်ကစလို့ သူတို့အရင်လိုမဟုတ်တော့ပါဘူး။ “*(တွေ့ဆုံမေးမြန်း ခြင်း အမှတ် –၁)

မူးယစ်ဆေးစွဲနေသူတစ်ဦး၏ ဇနီးဖြစ်သူမှာ ကလေး (၃) ဦးနှင့်အတူ ရွာမှပြောင်းရွှေ့၍၊ တောင်ပေါ်လယ်တဲတွင် သွားနေရန်ဆုံးဖြတ်သည် အထိ ဖြစ်ခဲ့ရပါသည်။ အကြောင်းမှာ ရွာရှိလူများ၏ ပြစ်တင်ပြောဆိုမှုကို ရင်မဆိုင်လိုတော့၍ ဖြစ်ပါသည်။ (တွေ့ဆုံမေးမြန်းခြင်း အမှတ် –၆၃)

# သမီးများအပေါ် ထိခိုက်နစ်နာစေမှု

## ကျောင်းထွက်ရခြင်း

*"ကျမယောကျ်ား မူးယစ်ဆေးသုံးနေတာ ၄ နှစ်ရှိပါပြီ။ သူအလုပ်လည်း မသွားပါဘူး။ အရင်က ကျမကလေး ၃–ယောက် ကျောင်းသွား နိုင်ပါတယ်။ ဒါပေမယ့် ကျမသမီးအအကြီးက အိမ်ကိုထောက်ပံ့ဖို့အတွက် အလုပ်လုပ်ဖို့ ကျောင်းက ထွက်လိုက်ရပါတယ်။ "*(တွေ့ဆုံ မေးမြန်းခြင်း အမှတ် –၆၈)

ဖြစ်ရပ်များစွာတွင် မိခင်များက ကလေးများကို ကျောင်းစားရိတ်မတတ်နိုင်တော့သည့်အခြေအနေ၊ ကလေးများကို မိသားစုဝင်ငွေအတွက် အလုပ်ခိုင်းစေရန် လိုအပ်နေသောအခြေအနေတွင် ကျောင်းထုတ်ခဲ့ကြရပါသည်။ ဤဖြစ်ရပ်မျိုးတွင် ယေဘုယျအားဖြင့် သမီးများမှာ ကျောင်းထုတ်ခံကြရပြီး၊ သားများကို ဦးစားပေး ပညာသင်ကြား စေပါသည်။

## ဖခင်အတွက် ငွေကြေးထောက်ပံ့သည့် တာဝန်ယူရခြင်း

သမီးများမှာ သူတို့၏ဖခင် မူးယစ်ဆေးစွဲခြင်းအတွက်၊ သူတို့၏ပညာရေးကို အနစ်နာခံစွန့်လွှတ်ရရုံမျှမက၊ သူတို့၏ဖခင်များကငွေကြေး ထောက်ပံ့ပေးရန် မျှော်လင့်ကြပါသည်။ သို့မဟုတ် သူတို့မူးယစ်ဆေးဝါးဖိုးအတွက် ငွေကြေးထောက်ပံ့ပေးရန် အတင်းအကြပ်စေခိုင်းကြပါ သည်။

" *(XX) ရဲ့မိန်းမနဲ့ ကလေးတွေက သူ့ကို ဘိန်းဆက်မသုံးဖို့ တောင်းပန်ကြပါတယ်။ ဒါပေမယ့် သူကနားမထောင်ပါဘူး။ သူ့သမီးအများစုက အခု အိမ်မှာမနေကြတော့ပါဘူး။ အကြောင်းက ဘိန်းစားသမီးဖြစ်ရတာ ရှက်ကြလို့ပါပဲ။ သမီး (၅) ယောက်ရှိတဲ့အနက်က တစ်ဦးပဲ အိမ်မှာနေပါတယ်။ အခြားသူတွေက အသီးသီး တခြားနေရာမှာ အလုပ်သွား လုပ်နေကြပါတယ်။ အိမ်မှာနေတဲ့သမီးကလည်း နေ့တိုင်း ငိုနေရပြီး၊ သူ့အဖေအကျင့်ဆိုးကြောင့် စိတ်ဖိစီးနေရပါတယ်။ သူက သူ့မိဘတွေနဲ့ သူ့ရပ်တည်ရေးအတွက် ဈေးရောင်းပါတယ်။ သူ့အဖေ အတွက် စားသောက်ဖို့ထောက်ပံ့နေရရုံ မကပါဘူး။ မူးယစ်ဆေးအတွက် ဆေးဖိုးလည်း ပေးနေရပါသေးတယ်။ သူ့ရဲ့ အခြားသမီးတစ်ယောက်က မြို့မှာအိမ်ဖော် လုပ်နေပါတယ်။ တစ်ခါတလေ သူက သူ့သမီးရဲ့အလုပ်ရှင်ဆီကိုသွားပြီး၊ သူ့ဆေးဖိုး အတွက်သူ့သမီးလုပ်ခ လခတွေ အားလုံးကို သိမ်းကျုံးယူခဲ့တတ်ပါတယ်။"* (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၅၀)

ဤမိသားစုတွင်ပင်၊ သားတစ်ဦးမှာ ဖခင်၏ဒဏ်လွှတ်ရာလွှတ်ကြောင်းအတွက် ဘုန်းကြီးဝတ်ခဲ့ပါသည်။ ဤသို့ရွေးချယ်စရာလမ်းမှာ မူးယစ်ဆေးစွဲနေသူတို့၏ သမီးများ ရွေးချယ်နိုင်သောထွက်လမ်း မဟုတ်ပါ။

## လူကုန်ကူးရောင်းချခံရခြင်း

တရုပ်နိုင်ငံ နယ်စပ်နှင့်နီးကပ်ခြင်း၊ တရုပ်နိုင်ငံတွင် လိင်ဖျော်ဖြေရေးလုပ်ငန်းများတွင်သုံးရန်နှင့် ဇနီးမယား အဖြစ်အိမ်ထောင်ပြုပေါင်းသင်းရန် အမျိုးသမီးဝယ်လိုအားများနေခြင်းကြောင့်၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင်ရှိနေသော အမျိုးသမီးများမှာ လူကုန်ကူးရောင်းချခံရရန် အတွက် အထူးထိခိုက်နစ်နာဖွယ် အကြောင်းရှိနေပါသည်။ [၁]

ဤအစီရင်ခံစာတွင် ဖြစ်ရပ်တစ်ခုကို မှတ်တမ်းတင်နိုင်ခဲ့ပြီး၊ လူတစ်ယောက်က သူ၏သမီး (၂) ဦးကို သူ၏မူးယစ်ဆေးဖိုးအတွက် ရောင်းချခဲ့ပါသည်။

" *(XX) (ခင်ပွန်းဖြစ်သူ) က ဘိန်းစားနေတာ (၈) နှစ် ကြာပါပြီ။ အရင်နှစ်များစွာတုန်းက သူဟာ လူချမ်းသာတစ်ယောက်ပါ။ လက်ဖက် ကုန်သည်အဖြစ်နဲ့ ငွေရှာပါတယ်။ သူ့မိတ်ဆွေတွေကတဆင့် ဘိန်းစွဲပြီးတဲ့နောက်ပိုင်းမှာ၊ လုပ်ငန်းလည်း ပြုတ်သွားပါတယ်။ ဒီအတွက်ကြောင့် မိသားစုလည်းဆင်းရဲလာပါတယ်။ သူ ယခင်က လက်ဖက်ခင်းတွေလည်း ပိုင်ဖူးပါတယ်။ ဘိန်းစွဲပြီးတဲ့နောက်ပိုင်း အကုန်ရောင်းစားလိုက်ပါတယ်။ နောက်ဆုံး အိမ်ကရောင်းလို့ရတာတွေလည်း အကုန်ချရောင်းပါတယ်။ နောက်ဆုံး ရောင်းစရာမရှိတော့တဲ့အဆုံး အိမ်က သမီး (၂) ယောက်ကို ခေါ်သွားပြီး လူကုန်ကူးတဲ့အမျိုးသမီးတစ်ယောက်ဆီမှာ ရောင်းစားလိုက်ပါတယ်။ လူကုန်ကူးတဲ့လူက အသက် (၂၅) နဲ့ (၂၃) ရှိတဲ့ သမီး (၂) ယောက်ကို တရုပ်နိုင်ငံနယ်စပ် ရွှေလီကို ခေါ်သွားပြီး၊ တရုပ်တစ်ယောက်ကို ဇနီးလုပ်ဖို့ ရောင်းလိုက်ပါ တယ်။ ဘယ်မိန်းကလေးကမှ သူ့ မိန်းမမဖြစ်ချင်ကြပါဘူး။ သူတို့ အဖို့ ရွေးစရာလမ်းကလည်း မရှိတော့ပါဘူး။ အဖေလုပ်တဲ့သူကိုယ်၌က လူကုန်ကူးတဲ့သူဆီက ပိုက်ဆံကြိုယူထားပြီး ဖြစ်နေတာကိုး။*"
(တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၅၃)

# မိခင်များအပေါ် ထိခိုက်နစ်နာစေမှု

## *နှစ်ကြိမ် ထိခိုက်နစ်နာရခြင်း၊ ခင်ပွန်းယောကျ်ားနှင့်သားတို့ မူးယစ်ဆေးစွဲခြင်း*

တွေ့ဆုံမေးမြန်းခဲ့သော မူးယစ်ဆေးစွဲသူတို့၏မိခင် (၈) ဦးအနက်၊ (၃) ဦးမှာ မူးယစ်ဆေးစွဲသူများနှင့် အိမ်ထောင်ပြုထားသူများဖြစ်ပါ သည်။ ဤဖြစ်ရပ်များတွင် အမျိုးသမီးများသည်၊ မူးယစ်ဆေးစွဲနေသူ ခင်ပွန်းယောကျ်ား၏ ပြဿနာများသာမက၊ ဆေးစွဲနေသူ သား ဖြစ်သူများကြောင့် ပို၍စိတ်ထိခိုက်ကြေကွဲစရာ ကြုံကြရပါသည်။

" *(XX) က မိသားစု စားဖို့သောက်ဖို့တင်လုပ်ရတာမဟုတ်ဘူး။ ကလေးတွေကိုလည်း ကျောင်းပို့ရတယ်။ သူ့အိမ်မှာရှိနေတဲ့ မူးယစ်ဆေးစွဲနေသူ (၂) ဦးကြောင့် ပိုလို့ဝန်ထုပ်ဝန်ပိုးကြီးရတယ်။ သူ့ယောကျ်ားရော၊ သူ့သားရော မူးယစ်ဆေးစွဲနေတာ (၇) နှစ်လောက်ရှိနေပြီ။ သူတို့ကို ဆေးသုံးနေတာရပ်ဖို့တောင်းပန်ရုံတင်မကဘူး။ သူ့ကလေးတွေပညာရေးအတွက် ထောက်ပံ့ကူညီပေးဖို့လည်း တောင်းပန်နေရသေးတယ်။ နှစ်ယောက်လုံးက သူပြောတာ နားမထောင်ကြဘူး။ ပြန်ရန်ဖြစ်ကြတယ်။ တစ်ခါတလေ သူမက သူ့ယောကျ်ားရိုက်တာခံရတယ်။ သူ့ယောကျ်ားနဲ့ သူ့သားဆေးမစွဲခင်က၊ အိမ်ထောင်စုရပ်တည်ရေးအတွက် သူလုံးဝ မပူပန်ရဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အိမ်ဝင်ငွေအတွက် ယောကျ်ား (၂) ယောက်က ရှာပေးနေတာကိုး။ နှစ်ယောက်စလုံးဆေးစွဲပြီးတဲ့နောက်ပိုင်းမှာ သူတို့ဘာမျှ မပေးတော့ဘူး။*

---

[၁] ကချင်အ မျိုးသမီးအသင်း–ထိုင်းနိုင်ငံမှ (၂၀၀၅) ခုနှစ် မေလတွင် ထုတ်ဝေသော
*"Driven Away— Trafficking of Kachin Women on the China-Burma Border"*
အစီရင်ခံစာကို ကြည့်ပါ။

*အဲဒါအပြင် အိမ်က ခိုးလည်းခိုးသေးတယ်။ သူတို့ဆေးဖိုးအတွက် ဆန်၊ လက်ဖက်ခြောက်နဲ့ အိမ်ကပစ္စည်းတွေ ခိုးကြတယ်။*
" (တွေ့ဆုံ မေးမြန်းခြင်း အမှတ်– ၃၃)

## *အနာဂါတ်အတွက် မျှော်လင့်ချက် ပျောက်ကွယ်သွားခြင်း*

" *ကလေးတွေဖွံ့ဖြိုးဖို့ဆိုတာက မိဘတွေအပေါ်မှာမူတည်တယ်။ အကယ်၍ သူတို့ကိုကျောင်းထားနိုင်ရင်၊ ပညာတတ်လာမယ်။ လုပ်တတ် ကိုင်တတ်လာမယ်။ ဒီလိုဆိုရင် သူတို့အဖေလို မူးယစ်ဆေးဝါးလည်း သုံးတော့မှာ မဟုတ်ဘူး။*
" (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၆၅)

တွေ့ဆုံမေးမြန်းမှုများအရ ဆေးစွဲနေသူများ၏ ဇနီးမယားများသည်၊ သူတို့၏ကလေးများအပေါ်၌ ပညာတတ်ရန်နှင့် သင့်တင့်သော လူနေမှုဘဝထူထောင်နိုင်ရန် မျှော်လင့်ချက်ကို ထားရှိကြကြောင်း တွေ့ရှိရပါသည်။ ဤသို့ပညာတတ်ခြင်းအားဖြင့် ကလေးများ၏ဖခင် လျှောက်လှမ်းသောလမ်းအတိုင်း မလိုက်နိုင်ဟုလည်း ယူဆကြပါသည်။ သူတို့အသက်အရွယ်အိုမင်းသောအချိန်တွင် သားသမီးများက သူတို့ကိုပြန်လည်ထောက်ပံ့ရန်လည်း မျှော်လင့်ထားကြပါသည်။ ဤအတွက်ကြောင့် သားဖြစ်သူများက မူးယစ်ဆေးစွဲသည့်အခါ၊ သူတို့၏သားများအပေါ်ပုံထားသော မျှော်လင့်ချက်၊ သူတို့၏မျှော်လင့်ချက်များသည်လည်း ချက်ချင်းပျောက်ကွယ်သွားရပါတော့သည်။

ကလေး (၈) ယောက်၏အမေ၊ အသက် (၅၁) နှစ်ရှိပြီဖြစ်သူ မိခင်တစ်ဦးက သူ၏သားအကြောင်းကို ပြောပြပါသည်။
"*ကျမတို့က သူ့ကို ဆေးစွဲတာ ပြတ်စေချင်တယ်။ ဆေးမသုံးတော့တဲ့နောက်မှာ မိသားစုအတွက် ဝိုင်းလုပ်ပြီး၊ ကူညီထောက်ပံ့စေချင်တယ်။ သူက အလုပ် မလုပ်ဘူးဆိုရင်တော့၊ ကျမတို့လည်း အိုမင်းကြပြီ။ ဘယ်သူကလာပြီး ကျမတို့ကို ကျွေးမှာလဲ။ သမီးကျောင်းစားရိတ်အတွက် ဘယ်သူက ရှာပေးမှာလဲ။ ကျမတို့မိသားစုတိုလုံး အနာဂါတ်က သူ့အပေါ်မှာ မူတည်နေတယ်။*" (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၆)

## *သား၏ဖူလုံရေးအတွက် ပူပန်ရခြင်း*

မူးယစ်ဆေးစွဲနေသူ၏မိခင်များမှာ သူတို့၏သားများဆေးစွဲရခြင်းအတွက် စိတ်ပျက်အားငယ်ရရုံမျှမက၊ အမြဲတစေ မိခင်တို့၏စိုးရိမ်ပူပန်မှု မျိုးဖြင့် သူတို့၏သားများဖူလုံရေးအတွက် စိုးရိမ်နေကြရပါသည်။ အသက် (၆၈) နှစ်အရွယ်ရှိ မိခင်တစ်ဦး၏ သားဖြစ်သူသည် အိမ်မှထွက် ပြေးသွားခဲ့ပါသည်။ သူ၏သားပျောက်ကွယ်သွားရမှုအတွက် အလွန်အမင်း တုန်လှုပ်စိုးရိမ်ပူပန်နေရပါသည်။

" *(XX) က ကျမအငယ်ဆုံးသားပါ။ အသက် (၁၈) နှစ် ရှိပါပြီ။ (PSLA) စစ်သားတွေက ရွာထဲမှာ မူးယစ်ဆေးစွဲနေသူတွေကို လာရှာတော့ ထွက်ပြေးသွားပါတယ်။ သူကြောက်တာက သူ့ကို စခန်းထဲပို့မှာကို ကြောက်တာပါ။ သူထွက်ပြေးသွားတာ (၂) လ ရှိသွားပါပြီ။ ကျမသိပ်စိတ်ဆင်းရဲရပါတယ်။ ကျမ သူ့အတွက်ကြောင့်နဲ့ ပြဿနာ အမျိုးမျိုးကြုံရပါတယ်။ ကျမက သူ့ကိုအိမ်မှာပဲ ရှိစေချင်ပါတယ်။ စိုးရိမ်စရာမလိုတော့ဘူးလေ။ ကျမ သူ့ကို မကောင်း တာလည်း မဖြစ်စေချင်ပါဘူး။ တခြားဒေသကိုထွက်သွားတဲ့သူတွေတွေ့တိုင်း ကျမသားနဲ့တွေ့ရင် ပြန်လာဖို့မှာပါတယ်။*"
(တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၁၀)

# ဒုက္ခနှင့် နေသားကျရန်အတွက် ရုန်းကန်ပြင်ဆင်ရခြင်း

## *ဆေးပြတ်ရန်အခွင့်အလမ်းနည်းသော်လည်း၊ ပြန်လည်ထူထောင်လာရေးအတွက် မျှော်လင့်ချက်ထားကြခြင်း*

“*သူ့ကို ဆေးဖြတ်ဖို့ပြောတိုင်း၊ ကျမတို့အချင်းချင်း ရန်ဖြစ်ကြရပါတယ်။ သူပြန်ပြောတာက သူမသုံးတော့ပါဘူးလို့ ပြန်ပြောပါတယ်။ တကယ်တော့ ကျမနောက်ကွယ်မှာ ဆက်ပြီးသုံးနေပါတယ်။*“ (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၆၆)

ဤအစီရင်ခံစာတွင် တွေ့ဆုံမေးမြန်းခဲ့သော ဖြစ်ရပ် (၈၈) ခုအနက်၊ အမျိုးသမီး (၄) ဦးကသာ သူတို့၏ခင်ပွန်း ယောကျ်ားများ မူးယစ်ဆေးသုံးစွဲမှု ပြတ်သွားကြကြောင်း ပြောဆိုကြပါသည်။ ယေဘုယျအားဖြင့် ခင်ပွန်းဖြစ်သူများက မူးယစ်ဆေးဝါး သုံးစွဲကြောင်း ငြင်းဆိုကြသော်လည်း၊ သူတို့၏ယောကျ်ားများ မူးယစ်ဆေးအမှန်တကယ် ပြတ်စဲခြင်းရှိ–မရှိကို အမျိုးသမီးများက မပြောနိုင်ကြပါ။

“*တစ်ခါတုန်းက သူကဆေးပြတ်ပြီလို့ ပြောပါတယ်။ သူကျမကို လိမ်တာပါ။ သူဆေးပြတ်ပြီကြားတော့ ကျမက အလွန်ဝမ်းသာပါတယ်။ ဒါကြောင့် ကျမက သူ့ကို လယ်ထဲတောင် မဆင်းခိုင်းတော့ပါဘူး။ အိမ်မှာနေပြီး၊ ကလေးတွေကို စောင့်ရှောက်ဖို့ပဲ ပြောတော့တယ်။ မကြာခင် ကျမသဘောပေါက်လာတာက၊ သူအိမ်မှာနေပြီး ဘိန်းရှူနေပါတယ်။ ကလေးတွေကို ပစ်ထားပါတယ်။*“ (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၇၂)

တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသမီးအများစုသည် သူတို့၏ခင်ပွန်းယောကျ်ားများ၊ သို့မဟုတ် သားများ မူးယစ်ဆေးဝါး သုံးစွဲမှု ပြတ်နိုင်လိမ့် မည်ဟု မျှော်လင့်ချက်ထားတတ်ကြပါသည်။ သူတို့က ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် (PSLA) ၏ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအစီအစဉ် ကြိုးပမ်းချက်များကို အထူးကျေးဇူးတင်ကြောင်း ဖော်ပြကြပါသည်။ ကလေး (၉) ယောက်၏မိခင်၊ (၁၀) နှစ်ကျော် မူးယစ်ဆေးစွဲနေသူတစ်ဦး၏ ဇနီးမယားဖြစ်သူ အသက် (၂၆) နှစ်အရွယ် အမျိုးသမီးတစ်ဦးက အောက်ပါအတိုင်း ပြောပြပါ သည်။

“ *အခုတော့ သူက* **(PSLA)** *စခန်းကိုသွားပြီး၊ ဆေးဖြတ်ဖို့ လုပ်ပါတယ်။ အဲဒီမှာ သူ့အကျင့်ကို ဖြတ်လို့ရမယ်ဆိုရင်တော့ ကျမ သိပ်ဝမ်းသာပါတယ်။ ကျမသူ့ကို လူကောင်းဖြစ်စေချင်ပါတယ်။ သူ့ မိသားစုရပ်တည်ဖို့ တာဝန်ယူစေချင်ပါတယ်။ အိမ်မှာနေပြီး၊ မိသားစုအတွက် ပြဿနာလုပ်နေမယ့်အစား၊ စခန်းမှာ သွားနေတာကမှ ကောင်းပါသေးတယ်။ တစ်ခါတလေမှာ* **(PSLA)** *စခန်းက လူကြီးတွေက သူ့ကိုအလုပ်လုပ်ဖို့ အတင်းအကြပ်ခိုင်းပါတယ်။ ဒီအတွက် ကျမ စိတ်မဆိုးပါဘူး။ ကျမကတော့ တချိန်သူ မိသားစုဆီကို ပြန်လာပြီး၊ မူးယစ်ဆေး မသုံးတော့ဖို့ပဲ မျှော်လင့်ပါတယ်။*“ (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၉)

သို့သော်လည်း၊ အမျိုးသမီးအများက သူတို့၏ခင်ပွန်းယောကျ်ားများ မူးယစ်ဆေးစွဲနေမှုကို ကုသပျောက်ကင်းနိုင်မည်ဟု သံသယရှိကြပါ သည်။ ကုသမှုခံယူပြီးနောက်ပိုင်းတွင် အကျင့်ဟောင်းအတိုင်း မူးယစ်ဆေးပြန်လည်သုံးစွဲလိမ့်မည်ဟုလည်း

စိုးရိမ်စိတ်ရှိနေကြပါသည်။ အမျိုးသမီးအများက သူတို့၏ခင်ပွန်းယောကျ်ားများ ဆေးစွဲမှုမပျောက်ကင်းပါက၊ (PSLA) စခန်းသို့ ပြန်လည်ပို့ဆောင်မည်ဟု ပြောပြကြပါသည်။ အခြားအမျိုးသမီးများက သူတို့၏ယောကျ်ားများ မူးယစ်ဆေး ပြန်သုံးစွဲပါက၊ ကွာမည်ဟု ပြောကြပါသည်။

“ *အခုတော့သူက (PSLA) စခန်းမှာ ရောက်နေပါတယ်။ အကယ်၍ သူက ဆေးကိုလုံးဝရှောင်နိုင်မယ်ဆိုရင်တော့၊ ကျမက ကလေး တွေကိုငဲ့ပြီး သူနဲ့နေမှာပါ။ အကယ်၍ ဆေး မပြတ်နိုင်ဖူးဆိုပါတော့၊ ကျမက သူ့အိမ်ကို မပြန်တော့ဖူး၊ ကွာရှင်းတော့မယ်လို့ ဆုံးဖြတ်ထားပြီးပါပြီ။ သူ့မျက်နှာကို မကြည့်ချင်တော့ပါဘူး။ သူ့ကိုလည်း မုန်းလည်းမုန်း၊ စိတ်လည်းနာပါတယ်။*“ (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၁၈)

## *လင်မယား ကွာရှင်းရန်အတွက် အခက်အခဲများ*

အမျိုးသမီးအများက သူတို့၏လင်ယောကျ်ားများနှင့် ကွာရှင်းပြတ်စဲရန်ဆန္ဒရှိကြောင်း ဖော်ပြကြသော်လည်း၊ ဤသို့ဆောင်ရွက်ရန် တုန့်ဆိုင်းနေကြပါသည်။ အကြောင်းမှာ ပလောင်လူမျိုးတို့၏ “လေ့ထုံးတမ်းဥပဒေအရ သားသမီးများကိုပါ စွန့်လွှတ်ရနိုင်သောကြောင့် ဖြစ်ပါသည်။



“ *ကျမသိပ်စိတ်ညစ်ရတဲ့အခါ သူ့ကို ကွာရှင်းပြတ်စဲချင်ပါတယ်။ ကျမ မိဘအိမ်ကိုပြန်သွားချင်ပါတယ်။ ဒါပေမယ့် ကျမ ကလေး (၅) ယောက်ကို စွန့်ပြီး မသွားလိုပါဘူး။ သူတို့ ကျမယောကျ်ားနဲ့ကျန်နေရစ်တဲ့အခါ ဒုက္ခရောက်ကြမှာကို စိုးရိမ်ပါတယ်။ ကျမကလေး တစ်ယောက်လည်း ဆုံးပြီးပါပြီ။ ကျမတို့ရွာက “လေ့ထုံးတမ်းဥပဒေအရ လင်မယား ကွာရှင်း ပြတ်စဲကြရင်၊ ကလေးတွေက အဖေနဲ့ကျန်ခဲ့ရပါတယ်။ မိန်းမက ကလေးတွေကို ရပိုင်ခွင့်မရှိပါဘူး။*“ (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၃၄)

အနည်းငယ်သော ဖြစ်ရပ်များတွင်သာ၊ အမျိုးသမီးများက သူတို့၏ခင်ပွန်းယောကျ်ားများနှင့် ကွာရှင်းပြတ်စဲပြီး၊ ကလေးများကို သူတို့နှင့်အတူခေါ်သွားနိုင်ကြပါသည်။ အသက် (၅၀) နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦးက သူမ၏ ယောကျ်ားနှင့် ကွာရှင်းပြတ်စဲရန်ဆုံးဖြတ်ခဲ့ရမှု နှင့် ပတ်သက်၍ စိတ်မကောင်းမှုအနည်းငယ်သာ ဖြစ်ခဲ့ရပုံကို ပြန်ပြောပြပါသည်။

“ *ကျမယောကျ်ားနဲ့ ကွာရှင်းပြတ်စဲခဲ့တာ (၇) နှစ် ရှိပါပြီ။ ကျမ အခုကလေး (၅) ယောက်နဲ့အတူနေပါတယ်။ ကျမ အကြီးဆုံး သမီးက (၂၆) နှစ်ရှိနေပြီး၊ အငယ်ဆုံးသမီးက (၆) နှစ်ပဲ ရှိပါသေးတယ်။ ကျမက ခြံတစ်ခုမှာ သွားအလုပ်လုပ်ပြီး၊ ကလေးတွေအားလုံးကို ကျောင်းထားပါတယ်။ ကျမက မိခင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေပြီး၊ သူတို့ အဖေဆိုလည်း ကျမပါပဲ။ ကျမတစ်ခါတလေမှာ အလုပ်ရှာရတာ ခက်ခဲပါတယ်။ ဒါပေမယ့် ကျမဖာသာ ကြိုးစားရှုန်း ကန်ရတာပါပဲ။ ကျမကတော့ ကလေးတွေနောင်ရေးအတွက်ကိုတွေးပြီး၊ သူတို့အတွက်ပဲ အလုပ်ကို ကြိုးကြိုးစားစား လုပ်ရပါတယ်။ ကျမတို့ကွာရှင်းပြတ်စဲပြီးကတည်းက ကျမယောကျ်ားဆီက ဘာအထောက်အပံ့မှ မရပါဘူး။ ကျမ သူ့ဆီက အထောက်အပံ့ရဖို့မျှော်လည်း မမျှော်လင့်ပါဘူး။ လိုလည်း မလိုချင်ပါဘူး။ သူမရှိလည်း ကျမတို့ရပ်တည် လို့ရပါတယ်။* “ (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၃၈)

သို့သော်လည်း၊ လင်ယောကျ်ားနှင့် ကွာရှင်းပြတ်စဲခဲ့ပြီး၊ သူ၏သားငယ်ကို သူနှင့်အတူခေါ်ဆောင်ခဲ့သော အခြားအမျိုး သမီးတစ်ဦးကမူ၊ သူမယောကျ်ားကလာပြီး သားပြန်တောင်းယူမည့်အရေး စိုးရိမ်ပူပန်နေရကြောင်း ပြောပြပါသည်။

“ *အခု တစ်ခုပဲ ကျမကြောက်ပြီး၊ စိုးရိမ်နေရတာက ကျမတို့ပလောင်လူမျိုးတွေရဲ့ “လေ့ထုံးတမ်းဥပဒေပါပဲ။ လင်မယား ကွာရှင်း ပြတ်စဲကြ တဲ့အခါ ကလေးတွေကို အလိုအလျောက် ယောကျ်ားဖြစ်သူက ပိုင်ပါတယ်။ မိန်းမဖြစ်သူက မရပါဘူး။ အခုအချိန်အထိတော့ သူက ကျမ တို့ကို ဘာမျှလာမပြောသေးပါဘူး။ ဒါပေမယ့် ကျမသားကြီးလာတဲ့အခါ သူလာပြီး ကျမရင်ခွင်ထဲက ဆွဲထုတ်သွားမှာကို ကျမကြောက် နေပါတယ်။ ဒါပေမယ့် ဥပဒေအတိုင်း ကျမလေးစားရမှာပါ။* “ (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၄၅)

ခင်ပွန်းယောကျ်ားဖြစ်သူနှင့် ကွာရှင်းပြတ်စဲပြီး (၁) နှစ်ကြာရှိနေပြီဖြစ်သူ အမျိုးသမီးတစ်ဦးကမူ မိဘများ၊ ဆွေမျိုးများကို မှီခိုနေထိုင်လျက် ရှိပါသည်။ သို့သော်လည်း လင်မယားကွာရှင်းခဲ့သော အမျိုးသမီးတစ်ဦးအနေဖြင့် လူမှုအသိုင်း အဝိုင်းအတွင်း သိက္ခာမဲ့ရသည့်အခြေ အနေကို ရင်ဆိုင်နိုင်ရန် ခက်ခဲသည်ဟု ဖော်ပြပါသည်။ “ *တစ်ယောက်တည်း နေရတာ သိပ်ခက်ပါတယ်။ လူအများက ကျမကို အထင် သေးကြပါတယ်။* “ (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၄၆)

အလားတူ သိက္ခာမဲ့ အရှက်ရသည့်အဖြစ်မျိုးကို အခြားတစ်ခုလပ် အမျိုးသမီးတစ်ဦးကလည်း ပြန်လည်ဖလှယ် ပြောပြပါသည်။ ကလေး(၁၀) ယောက်မိခင် တစ်ခုလပ်အမျိုးသမီးတစ်ဦးက ဤသို့ရင်ဆိုင်ရသောအခြေအနေကို ရှောင်ရှားနိုင်ရန်အတွက် နောက်တစ်ကြိမ်လက် ထပ်ခဲ့ပါသည်။ သို့သော်လည်း သူမထပ်မံလက်ထပ်ခဲ့သော နောက်ခင်ပွန်း မှာ မူးယစ်ဆေးစွဲနေသူဖြစ်ကြောင်း ထပ်မံတွေ့ရှိရပြန်သည်။
သို့သော်လည်း သူမအနေဖြင့် တစ်ခုလပ်မုဆိုးမအဖြစ် ထပ်မံအထင်သေးခံနေရမည့်အစား၊ ထိုသူနှင့်ဆက်လက် ပေါင်းသင်းနေရန်သာ ရွေးချယ်ခဲ့သည်။

“ *(XX) က ကျမနောက်ယောကျ်ားပါ။ ကျမသူနဲ့ အိမ်ထောင်မပြုခင်က တစ်ခုလပ်ပါ။ ကျမ အိမ်ထောင်ပြုရတာက အခြားသူတွေက အထင်အမြင်သေးနဲ့ ကြည့်တာကို မလိုလားလို့ပါ။ တစ်ခုလပ်ဖြစ်ရတာ ကျမတို့လူမှုအသိုင်းအဝိုင်းမှာ အနေအထိုင် အတော်ခက်ရပါတယ်။ ကျမမျှော်လင့်တာက သူ့အနေနဲ့ ကျမကလေးတွေ ပညာရေးကိုလည်း ကူညီထောက်ပံ့နိုင်၊ သူတို့ ဘဝမြင့်မားဖို့လည်း ရည်ရွယ်လို့ပါပဲ။ ကျမ သူ့ကို အိမ်ထောင်ပြုမယ်လို့ ဆုံးဖြတ်တော့ ကျမကလေးတွေက ကျမကိုနောက်ထပ် အိမ်ထောင်မပြုစေချင်ကြပါဘူး။ ကျမက သူတို့ကို နားမထောင်ခဲ့ပါဘူး။ တကယ်တော့ ပေါင်းကြည့်မှ သူက ဆိုးတဲ့ယောကျ်ား ဖြစ်နေပါတယ်။ သူ့ဆီက ကျမ ဘာအကူအညီမှ မရပါဘူး။ သူက မူးယစ်ဆေး သုံးနေပြီးတော့၊ ဆေးလည်းစွဲနေပါတယ်။ ကျမတို့ လူနေမှုအဆင့်အတန်းလည်း ပိုနိမ့်လာပြီး၊ ပိုလည်း ဆင်းရဲလာပါတယ်။ ကျမတို့မှာ အခု သူများဆီပြန်ပေးဖို့ ကြွေးလည်းတင်နေပါပြီ။ ကျမတို့မှာ ကိုယ်ပိုင်လယ်ရှိ တယ်ဆိုပေမယ့်၊ သေးသေးပါပဲ။ သူအလုပ်လုပ်တာကလည်း၊ ဆေးဖိုးကာမိရုံ လုပ်တာပါ။ ကျမကို တစ်ခုမှ ကူညီတာ မရှိပါဘူး။ ကျမသူ့ကို အိမ်ထောင်ပြုမိတာ မှားပါတယ်။ ဆုံးဖြတ်ချက်ချတာမှား မိတဲ့အတွက် ကျမစိတ်မကောင်း ဖြစ်ရပါတယ်။ ကျမကလေးတစ်ယောက်က ကျမအလုပ်မှာ ကူညီဖို့အတွက် ကျောင်းကထွက်လိုက်ရပါတယ်။ ကျမကလေးတွေက သူနဲ့ကွာလိုက်ဖို့ ပြောကြပါတယ်။ ဒါပေမယ့် ကျမက နောက်ထပ် တစ်ခါ တစ်ခုလပ်ဖြစ်ရတာ မဖြစ်ချင်တော့ပါဘူး။*“(တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၄၁)

## *မူးယစ်ဆေးဝါးသုံးစွဲလိုသော ဆန္ဒဖြစ်ပေါ်ခြင်း*

ပလောင်ကျေးရွာများတွင် မူးယစ်ဆေးစွဲသူ အမျိုးသမီးအရေအတွက် အနည်းအကျဉ်းမျှသာ ရှိသေးသော်လည်း၊ သူတို့ခံစားနေရသော လူမှုဒုက္ခများမှ လွတ်ရာလွတ်ကြောင်းအတွက် မူးယစ်ဆေးဝါးသုံးစွဲလိုစိတ်များ ဖြစ်ပေါ်မိကြောင်း အမျိုးသမီးများကဖော်ပြ ပြောဆိုသည် လည်း ရှိပါသည်။

“ *ကျမယောကျ်ားကို စိတ်ဆိုးတော့၊ ကျမလည်း သူ့လိုမူးယစ်ဆေးဝါးလိုက်သုံးစွဲလိုစိတ် ဖြစ်မိပါတယ်။ အဲသည်တော့မှ ကျမတို့အတူတူ ဖြစ်သွားပြီး၊ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်စရာ မလိုတော့ဘူးလို့ စဉ်းစားမိပါတယ်။ ဒါပေမယ့် ကျမတို့မှာ ကလေးတွေအရေးကို စဉ်းစားရပါသေးတယ်။ ဒီအတွက်ကြောင့် မူးယစ်ဆေးဝါးတော့ ဘယ်တော့မှ မသုံးဖူးလို့ ဆုံးဖြတ်ထားပါတယ်။*“ (တွေ့ဆုံမေးမြန်းခြင်း အမှတ်– ၅၈)

စိတ်မကောင်းဖွယ်အချက်မှာ၊ မူးယစ်ဆေးစွဲနေသူများနှင့် လက်ထပ်ထားသော အမျိုးသမီးအချို့သည် သူတို့မိသားစုကိုထောက်ပံ့နိုင်ရန် အတွက် ဘိန်းခင်းများတွင် အလုပ်ရှာကြရသည့် အခြေအနေဖြစ်နေကြောင်း ဖော်ပြကြပါသည်။ ဤအခြေအနေတွင် သူတို့သည်လည်း မူးယစ်ဆေးစွဲနိုင်သည့် အန္တရာယ်မျိုး ကြုံနေရပါသည်။

# နိဂုံးနှင့် အကြံပြုချက်များ

မူးယစ်ဆေးဝါးစွဲသူ တိုးတက်များပြားလာနေခြင်းသည်၊ ရှမ်းပြည်နယ်၊ မြောက်ပိုင်းရှိ ပလောင်လူမှုအသိုင်းအဝိုင်းအတွင်း အမျိုးသမီးများ နှင့် ကလေးငယ်များအပေါ်တွင် များစွာဆိုးကျိုးသက်ရောက်စေကြောင်း ထင်ရှားစွာ ဖော်ပြနေပါသည်။ အိမ်ထောင်ဦးစီးခင်ပွန်းများမှာ သူတို့၏ မိသားစုရပ်တည်ရေးအတွက် ထောက်ပံ့မှု မပြုနိုင်ကြတော့သည့်အပြင်၊ ပိုင်ဆိုင်မှု ပစ္စည်းများရောင်းချခြင်း၊ အကြွေးတင်ခြင်း၊ ခိုးမှု ကျူးလွန်ခြင်းများသာမက၊ သူတို့၏ ဆေးဖိုးအတွက် မူးယစ်ဆေးဝါး ရောင်းဝယ်ရေးကိစ္စများတွင် ပါဝင်ပတ်သက်လာနေကြပါသည်။ ဤအခြေအနေကြောင့် ၎င်းတို့၏မိသားစုများမှာ ဆင်းရဲမွဲတေပြီး၊ ဘဝပျက်ကြရပါသည်။ ဇနီးများအနေဖြင့် ပို၍ ဒုက္ခဝန်ထုပ်ဝန်ပိုး အမျိုး မျိုးကြုံကြရပြီး၊ ကျေးရွာများတွင် သူတို့၏ကလေးများကို ကျွေးမွေးစောင့်ရှောက်နိုင်ရန်အတွက် လုပ်ခနည်းသော စိုက်ပျိုးရေးလုပ်ငန်းများ တွင် လုပ်ကိုင်ရင်း၊ ရုန်းကန်နေကြရပါသည်။ ဤဒေသများတွင် ကျန်းမာရေးနှင့် ပညာရေးစောင့်ရှောက်မှုကလည်း မရှိသလောက်ပင်ဖြစ်ပါ သည်။ ထို့အပြင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုရှိသော “လေ့ထုံးတမ်းဥပဒေများအရလည်း၊ သူတို့၏ အိမ်ထောင်ကွဲခွင့်ကို တားမြစ်ထားပါသည်။

ဤသို့မူးယစ်ဆေးဝါးစွဲနေသူများအတွက် ရပ်ရွာမှုစီစဉ်ပေးသော မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အစီအစဉ်များ အထူး အရေးပေါ်လိုအပ်နေပါသည်။ ထို့အပြင် အမျိုးသမီးများ၏ ကျန်းမာရေး၊ ပညာရေး၊ အရည် အသွေးမြှင့်တင်ပေးရေးကို အဓိကထားသော အစီအစဉ်များလည်း လိုအပ်နေပါသည်။ တချိန်တည်းမှာပင် မူးယစ် ဆေးစွဲရခြင်း၏ပြဿနာကို ထိထိရောက်ရောက်ဖြေရှင်းလိုလျှင်၊ မူးယစ်ဆေးပြဿနာ၏ ပင်မအကြောင်းအရင်းကို သိရှိနားလည်၍၊ ဖြေရှင်းရန် လိုအပ်ပါသည်။ ဤပြဿနာ၏ ပင်မအကြောင်းအရင်းများတွင် စစ်တပ်က ဒေသဆိုင် ရာစီးပွါးရေးကိစ္စများကို ပိုမိုချုပ်ကိုင်လာခြင်းသည် အကြောင်းတစ်ခုအဖြစ် ပါဝင်ပါသည်။ ဤအတွက်ကြောင့် ပလောင်ဒေသ၏ ပင်မစီးပွါးရေးဖြစ်သော လက်ဖက်လုပ်ငန်းကို ထိခိုက်စေပြီး၊ အချို့လယ်သမားများမှာ ဘိန်းကို ပြောင်း လဲစိုက်ပျိုးလာကြပါသည်။ ထို့အပြင် စစ်အစိုးရ၏မူဝါဒအရ ဒေသခံပြည်သူများကို ထိန်းချုပ်နိုင်ရန်နှင့် အကျိုး အမြတ်များကို မြန်မာစစ်တပ်နှင့် ခွဲဝေ ခံစားနိုင်ရန်၊ ဒေသခံ ပြည်သူ့စစ်လက်နက်ကိုင်တပ်ဖွဲ့များကို ဘိန်းစိုက်ပျိုးခွင့် ပြုထားပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု များ အမှန်တကယ်ဖြစ်ပေါ်မှသာလျှင်၊ ဤပင်မ အကြောင်း အရင်းများကို ဖြေရှင်းနိုင်ဖွယ် ရှိပါသည်။

ဤအတွက်ကြောင့်၊ ပလောင်အမျိုးသမီးအစည်းအရုံး (PWO) အနေဖြင့် အောက်ဖော်ပြပါအချက်များ ဆောင်ရွက်ရန်၊ အကြံပြု လိုပါသည်။

မြန်မာနိုင်ငံရှိ စစ်အစိုးရ၊ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) အနေဖြင့်–

- တနိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရန်၊ တိုင်းရင်းသားလူမျိုးစုများဒေသမှ (နအဖ) တပ်ဖွဲ့များကို အကုန်လုံး ပြန်လည်ရုပ်သိမ်းရန်နှင့် ဒေသအတွင်း ပြည်သူ့စစ်တပ်ဖွဲ့များအတွက်သော်လည်းကောင်း၊ စစ်တပ်အတွက်သော်လည်းကောင်း အဓမ္မ စစ်သားစုဆောင်းမှုများ ရပ်ဆိုင်းရန်။

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် "သုံးပွင့်ဆိုင်ဆွေးနွေးပွဲ" ချက်ချင်း စတင်ပါရန်။

ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးနှင့် ရာဇဝတ်ပြစ်မှုများဆိုင်ရာရုံး (UNODC) နှင့် ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် အစီအစဉ်များအကောင်အထည်ဖော်နေကြသော ကုလသမဂ္ဂဌာနများအနေဖြင့်–

- နိုင်ငံရေးအခြေခံပြဿနာကို မဖြေရှင်းနိုင်ပဲ၊ မူးယစ်ဆေးပြဿနာကို ဖြေရှင်းရန် မဖြစ်နိုင်ကြောင်း လူသိရှင်ကြား အသိအမှတ် ပြု ထုတ်ဖော်ပြောကြားရန်၊ သူတို့၏အစီအစဉ်များအတွက် ပိုမိုအထောက်အပံ့ဖြစ်စေရန်၊ စစ်မှန်သော နိုင်ငံရေးပြုပြင်ပြောင်း လဲမှုများလုပ်ဆောင်ရန်ကိစ္စကို လိုအပ်ချက်တစ်ရပ်အနေဖြင့် ထည့်သွင်းရန်။ သို့မှသာ ဤအခြေခံ ပင်ရင်းပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

- မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ပတ်သက်သော သတင်းစုဆောင်းမှုများ၊ အချက်အလက် ကောက်ခံမှုများကို၊ ပိုမိုတိကျစွာ ရရှိနိုင်ရန်အတွက်၊ (နအဖ) အာဏာပိုင်အရာရှိများ မပါဝင်စေပဲ ဆောင်ရွက်ပါရန်။

အလှူရှင်နိုင်ငံများအနေဖြင့်–

- မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အစီအစဉ်များဆောင်ရွက်နေကြသော ဌာနများသို့ အထောက်ဖော်ပြပါ တောင်းဆိုချက်များအတိုင်း ဆောင်ရွက်ပါရန်၊ ကြိုတင်သတ်မှတ်ချက်ထား၍ ရံပုံငွေ ထောက်ပံ့ပါရန်။

- မူးယစ်ဆေးစွဲဒေသများတွင် ဒေသခံ လူထုအခြေပြုအဖွဲ့အစည်းများမှ အစပျိုးဆောင်ရွက်နေကြသော လုပ်ငန်းအစီအစဉ်များ၊ အထူးသဖြင့် အမျိုးသမီးများ၏ ကျန်းမာရေး၊ ပညာရေး၊ အရည်အသွေးမြှင့်တင်ရေးကိစ္စများအတွက် နယ်စပ်ဖြတ်ကျော်ကူညီ ထောက်ပံ့မှုများ ပြုပါရန်။

နိုင်ငံတကာ မိသားစုအနေဖြင့်–

- မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာကို ထိရောက်စွာဖြေရှင်းနိုင်ရန်၊ တစ်ခုတည်းသော ထိရောက်သောနည်းနာအဖြစ်၊ စစ်မှန်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန်အတွက်၊ (နအဖ) စစ်အစိုးရသို့ ဖိအားပေးကြပါရန်။

- မြန်မာနိုင်ငံအရေးကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ တရားဝင်အစည်းအဝေးအစီအစဉ်များတွင် ထည့်သွင်းဆွေးနွေးနိုင်ရေး အတွက် ဝိုင်းဝန်းတောင်းဆိုကြပါရန်။

# နောက်ဆက်တွဲ (၁)

တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသမီးများ၊ သို့မဟုတ် ဤအစီရင်ခံစာတွင်း တွေ့ဆုံမေးမြန်းခန်း များတွင် ဖော်ပြထားသော အမျိုးသမီးများ။

| တွေ့ဆုံမေးမြန်းခြင်း | ကျေးရွာ | အသက် | ကလေးအရေအတွက် | မူးယစ်ဆေးစွဲသူနှင့် တော်စပ်ပုံ |
|---|---|---|---|---|
| ၁ | က | ၄၀ | ၉ | ဇနီး |
| ၂ | က | ၂၁ | ၃ | ဇနီး |
| ၃ | က | ၃၈ | ၄ | ဇနီး |
| ၄ | က | ၂၂ | ၂ | ဇနီး |
| ၅ | ခ | ၃၀ | ၄ | ဇနီး |
| ၆ | ခ | ၅၁ | ၈ | မိခင် |
| ၇ | ခ | ၂၈ | ၆ | ဇနီး |
| ၈ | ခ | ၃၁ | ၅ | ဇနီး |
| ၉ | ခ | ၂၆ | ၉ | ဇနီး |
| ၁၀ | ခ | ၆၈ | ၄ | မိခင် |
| ၁၁ | ခ | ၃၅ | ၅ | ဇနီး |
| ၁၂ | ခ | ၃၁ | ၃ | ဇနီး |
| ၁၃ | ခ | ၂၅ | ၃ | ဇနီး |
| ၁၄ | ခ | ၃၀ | ၄ | ဇနီး |
| ၁၅ | ခ | ၃၅ | ၆ | ဇနီး |
| ၁၆ | ခ | ၂၃ | ၁ | ဇနီး |
| ၁၇ | ခ | ၂၂ | ၂ | ဇနီး |
| ၁၈ | ခ | ၂၈ | ၃ | ဇနီး |
| ၁၉ | ဂ | ၄၅ | ၃ | ဇနီး |
| ၂၀ | ဂ | ၄၀ | ၃ | ဇနီး |
| ၂၁ | ဂ | ၃၇ | ၂ | ဇနီး |
| ၂၂ | ဂ | ၄၀ | ၆ | ဇနီး |
| ၂၃ | ဂ | ၃၀ | ၄ | ဇနီး |
| ၂၄ | ဂ | ၃၀ | ၂ | ဇနီး |
| ၂၅ | ဂ | ၄၉ | ၄ | ဇနီး |
| ၂၆ | ဂ | ၅၀ | ၃ | မိခင် |
| ၂၇ | ဂ | ၂၃ | ၁ | ဇနီး |
| ၂၈ | ဂ | ၂၅ | ၃ | ဇနီး |
| ၂၉ | ဂ | ၃၂ | ၂ | ဇနီး |

| တွေ့ဆုံမေးမြန်းခြင်း | ကျေးရွာ | အသက် | ကလေးအရေအတွက် | မူးယစ်ဆေးစွဲသူနှင့် တော်စပ်ပုံ |
|---|---|---|---|---|
| ၃၀ | ဂ | ၃၀ | ၃ | ဇနီး |
| ၃၁ | ဂ | ၄၀ | ၁ | ဇနီးနှင့် မိခင် |
| ၃၂ | ဂ | ၂၈ | ၄ | ဇနီး |
| ၃၃ | ဂ | ၄၅ | ၆ | ဇနီးနှင့် မိခင် |
| ၃၄ | ဃ | မရှိ | ၅ | ဇနီး |
| ၃၅ | ဃ | ၄၁ | ၁၁ | ဇနီး |
| ၃၆ | ဃ | ၄၀ | ၃ | ဇနီး |
| ၃၇ | ဃ | ၃၀ | ၅ | ဇနီး |
| ၃၈ | ဃ | ၅၀ | ၅ | ဇနီးဟောင်း |
| ၃၉ | ဃ | ၃၇ | ၃ | ဇနီး |
| ၄၀ | ဃ | ၂၄ | ၃ | ဇနီး |
| ၄၁ | ဃ | ၄၅ | ၁၀ | ဇနီး |
| ၄၂ | ဃ | ၄၀ | ၉ | ဇနီး |
| ၄၃ | ဃ | ၃၉ | ၃ | ဇနီး |
| ၄၄ | ဃ | ၂၅ | ၁ | ဇနီး |
| ၄၅ | ဃ | ၂၅ | ၁ | ဇနီးဟောင်း |
| ၄၆ | ဃ | ၃၅ | ၁ | ဇနီးဟောင်း |
| ၄၇ | ဃ | ၅၀ | ၃ | ဇနီး |
| ၄၈ | ဃ | ၄၃ | ၃ | ဇနီး |
| ၄၉ | ဃ | ၅၄ | ၆ | ဇနီး |
| ၅၀ | င | ၅၀ | ၈ | ဇနီးနှင့် မိခင် |
| ၅၁ | င | ၄၀ | ၄ | ဇနီး |
| ၅၂ | င | ၃၀ | ၃ | ဇနီး |
| ၅၃ | င | ၄၀ | ၉ | ဇနီး |
| ၅၄ | င | ၃၇ | ၄ | ဇနီး |
| ၅၅ | စ | ၃၅ | ၃ | ဇနီး |
| ၅၆ | စ | ၄၀ | ၉ | ဇနီး |
| ၅၇ | စ | ၃၀ | ၃ | ဇနီး |
| ၅၈ | စ | ၄၀ | ၃ | ဇနီး |
| ၅၉ | စ | ၅၀ | ၆ | ဇနီး |
| ၆၀ | ဆ | မရှိ | ၆ | ဇနီး |
| ၆၁ | ဆ | ၃၀ | ၆ | ဇနီး |
| ၆၂ | ဆ | ၄၀ | ၆ | ဇနီး |

| တွေ့ဆုံမေးမြန်းခြင်း | ကျေးရွာ | အသက် | ကလေးအရေအတွက် | မူးယစ်ဆေးစွဲသူနှင့် တော်စပ်ပုံ |
|---|---|---|---|---|
| ၆၃ | ဆ | ၃၅ | ၃ | ဇနီး |
| ၆၄ | ဆ | ၃၀ | ၃ | ဇနီး |
| ၆၅ | ဇ | ၂၅ | ၂ | ဇနီး |
| ၆၆ | ဇ | ၃၀ | ၃ | ဇနီး |
| ၆၇ | ဇ | ၃၀ | ၅ | ဇနီး |
| ၆၈ | ဇ | ၂၅ | ၅ | ဇနီး |
| ၆၉ | ဇ | မရှိ | ၅ | မိခင် |
| ၇၀ | ဇ | ၃၀ | ၃ | ဇနီး |
| ၇၁ | ဈ | ၃၅ | ၄ | ဇနီး |
| ၇၂ | ဈ | ၃၄ | ၅ | ဇနီး |
| ၇၃ | ဈ | ၂၆ | ၂ | ဇနီး |
| ၇၄ | ဈ | ၂၉ | ၄ | ဇနီးဟောင်း |
| ၇၅ | ဈ | ၅၀ | ၉ | ဇနီး |
| ၇၆ | ည | ၃၀ | ၅ | ဇနီး |
| ၇၇ | ည | ၆၀ | မရှိ | မိခင် |
| ၇၈ | ည | ၂၈ | ၅ | ဇနီး |
| ၇၉ | ည | ၃၀ | ၁ | ဇနီး |
| ၈၀ | ဋ | ၂၈ | ၃ | ဇနီး |
| ၈၁ | ဋ | ၃၀ | ၃ | ဇနီး |
| ၈၂ | ဌ | ၄၀ | ၆ | ဇနီး |
| ၈၃ | ဌ | ၄၀ | ၂ | ဇနီး |
| ၈၄ | ဌ | ၂၀ | ၃ | ဇနီး |
| ၈၅ | ဌ | ၃၀ | ၂ | ဇနီး |
| ၈၆ | ဍ | ၂၅ | ၄ | ဇနီး |
| ၈၇ | ဍ | ၃၉ | ၃ | ဇနီး |
| ၈၈ | ဍ | ၄၀ | ၉ | ဇနီး |

# နောက်ဆက်တွဲ (၂)

## ရွေးချယ်ဖော်ပြထားသော ထွက်ဆိုချက်များ။

### တွေ့ဆုံမေးမြန်းခြင်း အမှတ် (၉)

| | |
|---|---|
| အသက် | ၂၆ |
| အလုပ်အကိုင် | တောင်ပေါ်နေ လယ်သမား |
| ပုံမှန်ပညာရေး | မရှိ |
| လိင် | မ |
| ကလေးအရေအတွက် | ၉ |
| ကိုးကွယ်သည့်ဘာသာ | ဗုဒ္ဓဘာသာ |
| လူမျိုး | ပလောင် |
| ရက်စွဲ | ဒီဇင်ဘာလ (၂၂) ရက်၊ ၂၀၀၄။ |

ကျမယောကျ်ား မူးယစ်ဆေးသုံးတာ မလိုလားပါဘူး။ အရင်တုန်းက ကျမက သူ့ကို ရှောင်ဖို့ပြောခဲ့ရင်၊ သူက ပြန်အော်တယ်။ ကျမကိုရိုက်တယ်။ ကျမ ကိုယ်ဝန်ရှိစဉ်အချိန်တိုင်းမှာလည်း၊ ကလေးမွေးတဲ့နေ့အထိ ကိုယ်လေးလက်ဝန်ကြီးနဲ့ နေ့တိုင်းအလုပ်လုပ်ရပါတယ်။ ကျမကလေး (၉) ယောက်ရှိပါပြီ။ ယခုလည်း ဗိုက်ထဲမှာ ကလေး (၈) လသား ရှိနေပါပြီ။ ကျမကလေးရတိုင်း ရတိုင်း၊ ကျမကလေးမွေးပြီးတာနဲ့ (၇) ရက်နေရင် အလုပ်ပြန်ဆင်းရပြန်ပါတယ်။ ကျမ ဒီလိုမလုပ်ချင်ပြန်ဘူးဆိုရင်လည်း စားစရာ ရှိမှာ မဟုတ်ပါဘူး။ တစ်ခါတုန်းက ကျမကလေးမွေးပြီး (၃) လလောက်ကြာတဲ့ကာလမှာ၊ ကျမက ယောကျ်ားကို ကလေးကြည့်ခိုင်းတဲ့အတွက် သူက ကျမကို ရိုက်ပါတယ်။ တစ်ခါက ကျမက အဝတ်လျှော်ဖို့ သွားပါတယ်။ ပြန်လာတော့ ကလေးကို သူမကြည့်တဲ့အပြင်၊ အပြင်ထွက်သွားပြီး ဆေးသွားသုံးနေပါ တယ်။ ကျမက ပြန်ပြောတော့ သူက ရိုက်ပါတယ်။

ကျမ ကလေးတစ်ယောက်လည်း သူ့အတွက်ကြောင့်နဲ့ သေရပါတယ်။ ကျမတို့က နေ့စဉ်လယ်ထဲကို အလုပ်ဆင်းရပါတယ်။ ဒါမှစားဖို့ရမှာပါ။ ကျမက သူ့ကို အိမ်မှာကလေးထိန်းနေဖို့ မှာခဲ့ပါတယ်။ သူက ကလေးမကြည့်ပဲ ထွက်သွားပါတယ်။ ကလေးတွေက ဘာမှစားစရာ မရှိပါဘူး။ ဒ့ါအပြင် တစ်ယောက်ကဖျားနေတော့ ကျမပြန်မလာခင်မှာပဲ ဆုံးသွားပါတယ်။ သူသာ ကျမကလေးတွေကို ကြည့်ရှုစောင့် ရှောက်နေမယ်ဆိုရင် သေစရာအကြောင်းမရှိပါဘူး။ ပြန်နေကောင်းလာမှာပါ။ ဒါပေမယ့် ကျမယောကျ်ားက ကလေးတွေကို မကြည့်ပါဘူး။

ဒ့ါအပြင် သူက စားစရာဆန်တွေကို ယူရောင်းပစ်ပြီး၊ ဆေးသုံးပါတယ်။ တစ်ခါတလေမှာ ကျမတို့မှာ ဘာမှစားစရာ မရှိပါဘူး။ စားစရာ မရှိ တော့ ကျမလေးတွေလည်း ချိနဲ့နေပါတယ်။ ဒီနှစ်မှာတော့ ကျမယောကျ်ားအိမ်ကထွက်သွားတာ (၄) လလောက်ကြာပါတယ်။ ပြန်လာတာ၊ ကူညီတာ မလုပ်ပါဘူး။ ကျမကလေးတွေကို ကျွေးဖို့ ကျမတစ်ယောက်တည်း လုပ်ရပါတယ်။ ကျမရော၊ ကလေးတွေရော ဖျားလို့ စားစရာလည်း မရှိပါဘူး။ ဆေးကုစရာလည်း မရှိပါဘူး။ ကျမက နောက်ထပ်ကိုယ်ဝန်လည်း မရချင်တော့ပါဘူး။ နောက်ကလေးတစ် ယောက်လည်း မလိုချင်တော့ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ကျမယောကျ်ားက ကျမတို့ကို ကူမှာမဟုတ်တဲ့အပြင်၊ ကလေးလည်း သေမှာပါပဲ။ ဒါပေမယ့်လည်း ကျမမှာ

သန္တေတားဆေးဝယ်ဖို့လည်း ပိုက်ဆံမရှိပါဘူး။ ကျမမှာ ငွေရှိရင်တော့ ဝယ်သောက်ပြီးတားဖြစ်မှာပေ့ါ။ လူ တချို့က ကျမတို့ကလေးတွေကို မွေးစားဖို့လာတောင်းကြပါတယ်။ ဒါပေမယ့် ကျမယောက်ျားက သဘောမတူပါဘူး။ ဒါပေမယ့် သူလဲ ကလေးတွေကို ကြည့်တာမဟုတ်ပါဘူး။ သူ့စိတ်ကိုတော့ ကျမနားမလည်နိုင်တော့ပါဘူး။

ကျမ စိတ်ဓါတ်ပိုင်းဆိုင်ရာအရရော၊ ရုပ်ပိုင်းဆိုင်ရာအရပါ ဖိနှိပ်ခံရပါတယ်။ ကျမ သူနဲ့လည်း ဆက်မနေချင်တော့ပါဘူး။ တစ်ခါက ကျမ အိမ်ကတောင် ထွက်သွားဖူးပါတယ်။ ကျမ အိမ်ပြန်လာတာက အိမ်က ကလေးတွေဘဝအတွက် စိုးရိမ်လို့ပါ။ ကလေးတွေကလည်း သူတို့ အဖေကိုမကြိုက်ပါဘူး။ သူက အဓမ္မခိုင်တာတွေ၊ အော်ဟစ်ဆူပူတာတွေ လုပ်ပါတယ်။ သူတို့တွေကလည်း သူတို့အဖေကို ကြောက်ကြပါတယ်။ အတူလည်း မနေချင်ကြပါဘူး။

ကျမယောက်ျား မူးယစ်ဆေးသုံးနေတာ (၁၀) နှစ် ကျော်ရှိပါပြီ။ သူမူးယစ်ဆေးစသုံးတာ ကျမတို့ကလေး အကြီးဆုံးမွေးခါစလောက်မှာ စသုံးတာပါ။ အခုအချိန်အထိ သုံးနေတုန်းပါပဲ။ သူ့မှာ မကောင်းတဲ့သူငယ်ချင်းတွေ အများကြီးရှိပြီး၊ သူတို့က ကျမပြောတာဂရုစိုက်ဖို့ မလိုဘူးလို့ ဝိုင်းပြောကြပါတယ်။ ကျမကိုလည်း ကြောက်စရာမလိုဘူးလို့ ဝိုင်းပြောကြပါတယ်။ သူတို့က ကျမယောက်ျားကို ဘိန်းစားတာဘာပြဿနာမှမရှိဘူး၊ စမ်းသုံးကြည့်ဖို့ ဝိုင်းပြောကြပါတယ်။ အစပိုင်းမှာတော့ သူ့သူငယ်ချင်းတွေက ဘိန်းစားဖို့အတွက် ငွေတောင် မယူကြပါဘူး။ ကျမယောက်ျားကို အလကားကျွေးတာပါ။ နောက်ပိုင်း ကျမယောက်ျားစွဲလာတော့၊ ကျမယောက်ျားကို ပိုက်ဆံပေးဖို့ တောင်းပါတော့တယ်။ ကျမယောက်ျားလည်း သူ့သူငယ်ချင်းတွေပြောတာယုံပြီး၊ ဘိန်းစွဲသွားတော့တာပါပဲ။

ကျမယောက်ျားက ဆေးဖိုးရဖို့အတွက်လောက်ပဲ အလုပ်လုပ်ပါတယ်။ တစ်ခါတလေမှာ သူက လယ်ထဲကိုအလုပ်လုပ်ဖို့ သွားတဲ့အခါ၊ သူ့ ပိုင်ရှင်က ပိုက်ဆံမပေးပါဘူး။ လုပ်ခအစား မူးယစ်ဆေးပဲ ပေးလိုက်ပါတယ်။ သူတစ်ခါမှ အိမ်ပြန်ပိုက်ဆံယူလာတာ မရှိပါဘူး။ ကျမတို့ လက်ထပ်ကတည်းက ကျမမိဘအိမ်ကို တစ်ခါမှ ပြန်မရောက်ပါဘူး။ ကျမ အမေဆုံးတယ်လို့တော့ ကြားရပါတယ်။ ဒါပေမယ့် သူ့အသုဘ လည်း ပြန်မရောက်နိုင်ပါဘူး။ အဲဒီအတွက် ကျမ အင်မတန်ဝမ်းနည်းယူကြုံးမရ ဖြစ်ရပါတယ်။

ကျမယောက်ျား မူးယစ်ဆေးသုံးတာ တားလို့ကို မရနိုင်တော့ပါဘူး။ အခုတော့ သူက (PSLA) စခန်းကိုသွားပြီး၊ ဆေးဖြတ်ဖို့ လုပ်ပါ တယ်။ အဲဒီမှာ သူ့အကျင့်ကို ဖြတ်လို့ရမယ်ဆိုရင်တော့ ကျမ သိပ်ဝမ်းသာပါတယ်။ ကျမသူ့ကို လူကောင်းဖြစ်စေချင်ပါတယ်။ သူ့ မိသားစုရပ်တည်ဖို့ တာဝန်ယူစေချင်ပါတယ်။ အိမ်မှာနေပြီး၊ မိသားစုအတွက် ပြဿနာလုပ်နေမယ့်အစား၊ စခန်းမှာ သွားနေတာကမှ ကောင်းပါသေးတယ်။ တစ်ခါတလေမှာ (PSLA) စခန်းက လူကြီးတွေက သူ့ကိုအလုပ်လုပ်ဖို့ အတင်းအကြပ်ခိုင်းပါတယ်။ ဒီအတွက် ကျမ စိတ်မဆိုးပါဘူး။ ကျမကတော့ တချိန်သူ မိသားစုဆီကို ပြန်လာပြီး၊ မူးယစ်ဆေး မသုံးတော့ဖို့ပဲ မျှော်လင့်ပါတယ်။ ကျမတို့အလွန်ဆင်းရဲ ပါတယ်။ မိသားစုပိုင် လယ်ကွက်တောင် မရှိပါဘူး။ ကျမတို့က ကလေးတွေကျွေးဖို့ နေ့စားလုပ်သားပဲ လုပ်ကြရတာပါ။ ကျမယောက်ျား ကို ဒီကိစ္စတွေလည်းစဉ်းစား၊ ကလေးတွေ နောင်ရေးအတွက်လည်း စဉ်းစားစေချင်ပါတယ်။ သူပြန်လာပြီး၊ ဆက်ပြီး မူးယစ်ဆေးစွဲနေသေး ရင်တော့ ကျမကွာမှာပါပဲ။ ဒါမှမဟုတ် သူ့ကို (PSLA) စခန်း ပြန်ပို့ရပါလိမ့်မယ်။

# တွေ့ဆုံမေးမြန်းခြင်း အမှတ် (၁၈)

| | |
|---|---|
| အသက် | ၂၈ |
| အလုပ်အကိုင် | တောင်ပေါ်နေ လယ်သမား |
| ပုံမှန်ပညာရေး | မရှိ |
| လိင် | မ |
| ကလေးအရေအတွက် | ၃ |
| ကိုးကွယ်သည့်ဘာသာ | ဗုဒ္ဓဘာသာ |
| လူမျိုး | ပလောင် |
| ရက်စွဲ | ဒီဇင်ဘာလ (၂၂) ရက်၊ ၂၀၀၄။ |

ကျမယောကျ်ား မူးယစ်ဆေးသုံးနေတာ ကြာပါပြီ။ ဒါပေမယ့် ကျမသိတာ (၂) နှစ်လောက်ပဲ ရှိပါသေးတယ်။ ကျမ အခုငှက်ဖျားဖျားနေပြီး၊ မိဘတွေနဲ့ အတူ ခဏနေနေရပါတယ်။ ကျမယောကျ်ားကတော့ (PSLA) စခန်းမှာ သူ့ဆေးစွဲတာဖြတ်ဖို့ ရောက်နေပါတယ်။ အခု ကျမ ကလေးတွေကိုရော၊ ကျမကိုပါ အိမ်မှာနေရင် လုပ်ကျွေးမယ့်သူ မရှိပါဘူး။ တကယ်တော့ ကျမယောကျ်ားအိမ်မှာ အတူတူရှိနေရင်လည်း၊ သူကတော့ ကျမတို့ကို ဂရုစိုက်တာ မဟုတ်ပါဘူး။ သူလုပ်ချင်တာ သူလုပ်နေတာပါပဲ။ မိသားစုကိုလည်း ထောက်ပံ့တာမရှိပါဘူး။ အရင်ကတော့ ကျမတို့မိသားစုအတွက် အလုပ်ကို အင်မတန်မှ ကြိုးစားပါတယ်။ ဒါပေမယ့် သူလည်းဘိန်းစွဲရော ဆေးဖိုးရဖို့ပဲ လုပ်ပါတော့တယ်။

ကျမက သူ့ကိုအမြဲပဲ ဆေးကိုရှောင်ဖို့ ပြောပါတယ်။ သူက ကျမကို ပြန်အော်ပါတယ်။ ဒီကိစ္စနဲ့ ကျမတို့အမြဲတမ်း ရန်ဖြစ်ကြရပါတယ်။ သူ့မှာ ဆေးဝယ်ဖို့ဆိုရင် ပိုက်ဆံအမြဲတမ်းရှိပါတယ်။ ဒါပေမယ့် မိန်းမနဲ့ကလေးတွေအတွက် ကျွေးဖို့၊ ဆေးကုဖို့ဆိုရင် ပိုက်ဆံမရှိပါဘူး။ တစ်ခါက ကျမက ဆေးဝယ်ဖို့သူ့ကို ပိုက်ဆံတောင်းတော့၊ သူက ပိုက်ဆံမရှိ ဘူးပြောပါတယ်။ ဒါပေမယ့် ပိုက်ဆံခိုးပေးရမလားလို့ ကျမကို ကမ်းလှမ်းပါတယ်။ ဒါပေမယ့် ကျမက ခိုးလာတဲ့ပိုက်ဆံမလိုချင်ဘူးလို့ ပြန်ပြောတော့၊ သူက နောက်တစ်ခါ ဘယ်တော့မှ သူ့ဆီက ပိုက်ဆံ မတောင်းနဲ့တော့လို့ ပြန်ပြောပါတယ်။

တစ်ခါတလေမှာ ကျမတို့မှာ စားစရာအလုံအလောက် မရှိပါဘူး။ သူက သိပ်တစ်ကိုယ်ကောင်းဆန်ပါတယ်။ သူ့မိသားစုရပ်တည်ရေးကိစ္စ အတွက် မစဉ်းစားပါဘူး။ သူစဉ်းစားတာက သူ့မူးယစ်ဆေးဖိုးလောက်ပဲ စဉ်းစားပါတယ်။ ကျမ ကလေးတွေအားလုံးကို ခေါ်လာပြီး၊ မိဘ အိမ်မှာလာနေရပါတယ်။ ဒါမှပဲ စားစရာအတွက်ရော၊ ဆေးကုဖို့အတွက်ပါ စိတ်အေးရမှာပါ။ ကျမက နေမကောင်းတဲ့လူ၊ ကျမယောကျ်ား က ဆေးစွဲနေတဲ့သူပါ။ ကလေးတွေကို စောင့်ရှောက်မယ့်သူ တစ်ယောက်မှ မရှိပါဘူး။ သူတို့အဖိုးအဖွားတွေပဲ ကြည့်ရှုစောင့်ရှောက်မယ့်သူ ရှိတာပါ။

ကျမတို့မှာ တောင်ပေါ်လယ်တစ်ကွက် ရှိပါတယ်။ ကျမ မဖျားခင်က နေ့စဉ် ဒီလယ်မှာ အလုပ်သွားလုပ်ပါတယ်။ ဒါပေမယ့်ငှက်ဖျားစွဲပြီး တဲ့နောက်ပိုင်း၊ ကျမ လယ်မလုပ်နိုင်တော့ပါဘူး။ ကျမဖျားပြီး လယ်မလုပ်နိုင်တော့ ကျမယောကျ်ားက သိပ်ပျော်ပါတယ်။ အကြောင်းက အခုတော့ သူကလယ်မှာသိမ်းထားတဲ့ စပါးတွေအားလုံး သူယူနိုင်ပြီး၊ မူးယစ်ဆေးဖိုး အတွက် ရောင်းစားနိုင်တာကိုး။ သူက အိမ်ကိုဆန် ပြန်ဖို့တာ၊ ငွေပြန်ပေးတာ မရှိပါဘူး။ ကျမက တစ်ခါ သူ့ကိုမေးတော့ သူက ပြန်အော်ပါတယ်။ သူက ကျမဆေးဝယ်ဖို့ထားတဲ့ငွေကိုလည်းယူပါတယ်။ အခြားသူတွေကိုလည်း မိန်းမဆေးဖိုး

အတွက်ဆိုပြီး အကြောင်းပြငွေတောင်းပါတယ်။ သူငွေရလာတော့ ဆေးလုံး၀ ၀ယ်ပေး တာ မဟုတ်ပါဘူး။ သူဆေးသုံးဖို့ပဲ ၀ယ်လိုက်တာပါ။ အိမ်မှာလည်း ဘာမျှ မကျန်တော့ပါဘူး။ သူယူသွားပြီး ဆေးဖိုးအတွက်ရောင်းပစ်တာ ကုန်ပါပြီ။

ကျမက ကွာချင်ပါတယ်။ ဒါပေမယ့် သူက သဘောမတူပါဘူး။ ကွာမပေးနိုင်ဘူး ပြောပါတယ်။ အခုတော့သူက (PSLA) စခန်းမှာ ရောက်နေပါတယ်။ အကယ်၍ သူက ဆေးကိုလုံး၀ရှောင်နိုင်မယ်ဆိုရင်တော့၊ ကျမက ကလေးတွေကိုငဲ့ပြီး သူနဲ့ နေမှာပါ။ အကယ်၍ ဆေး မပြတ်နိုင်ဖူးဆိုပါတော့၊ ကျမက သူ့အိမ်ကိုမပြန်တော့ဖူး၊ ကွာရှင်းတော့မယ်လို့ ဆုံးဖြတ်ထား ပြီးပါပြီ။ သူ့မျက်နှာကို မကြည့်ချင်တော့ပါဘူး။ သူ့ကိုလည်းမုန်းလည်းမုန်း၊ စိတ်လည်းနာပါတယ်။ သူ ကျမပြောတာ နားမထောင်ပါဘူး။ ကျမတို့ မိသားစုကိုလည်း ကရုမစိုက်ပါ ဘူး။ တစ်ခါတလေ အိမ်ကို ညတောင် ပြန်မလာတာ ရှိပါတယ်။

ကျမမှာ ကျန်းမာရေးက ချူချာပြီး၊ ကလေးတွေကို စောင့်ရှောက်ဖို့ကိစ္စလည်း ရှိပါတယ်။ ဒီကိစ္စနဲ့ပါတ်သက်လို့ ကျမမှာ စိတ်ဖိစီးတဲ့ဒဏ်၊ ရုပ်ပိုင်းဆိုင်ရာဒဏ် ပြဿနာတွေ အတော်ခံရပါတယ်။ ကျမအတွက်နဲ့ ကျမ မိဘတွေလည်း စိတ်မချမ်း သာဖြစ်ကြရပါတယ်။ ကျမက ကျမအတွက်နဲ့ သူတို့တတွေ ၀မ်းမနည်းစေချင်ပါဘူး။ ဒါပေမယ့် ကျမမှာလည်း တခြားရွေး စရာလမ်း မရှိပါဘူး။ ကျမလည်းနောက်ဆုံး ဖြစ်သမျှအသိပေးပြီး၊ သူတို့ကိုပဲ အားကိုးဖို့ရာ ရှိပါတော့တယ်။ ဆေးစွဲသူ တစ်ယောက်ရဲ့ ဇနီးဖြစ်ရတာ သိပ်ခက်ခဲဒုက္ခရောက်ရပါတယ်။ ကျမ ထပ်လည်း မဖြစ်လိုတော့ပါဘူး။

## တွေ့ဆုံမေးမြန်းခြင်း အမှတ် (၄၁)

| | |
|---|---|
| အသက် | ၄၅ |
| အလုပ်အကိုင် | တောင်ပေါ်နေ လယ်သမား |
| ပုံမှန်ပညာရေး | မရှိ |
| လိင် | မ |
| ကလေးအရေအတွက် | ၁၀ |
| ကိုးကွယ်သည့်ဘာသာ | ဗုဒ္ဓဘာသာ |
| လူမျိုး | ပလောင် |
| ရက်စွဲ | ဒီဇင်ဘာလ (၂၀) ရက်၊ ၂၀၀၄။ |

ကျမ အိမ်ထောင်ပြုတာ (၂) ခါ ရှိပါပြီ။ (XX) က ကျမနောက်ယောက်ျားပါ။ ကျမသူနဲ့ အိမ်ထောင်မပြုခင်က တစ်ခု လပ်ပါ။ ကျမ အိမ် ထောင်ပြုရတာက အခြားသူတွေက အထင်အမြင်သေးနဲ့ ကြည့်တာကို မလိုလားလို့ပါ။ တစ်ခုလပ်ဖြစ် ရတာ ကျမတို့လူမှုအသိုင်းအ၀ိုင်းမှာ အနေအထိုင် အတော်ခက်ရပါတယ်။ ကျမမျှော်လင့်တာက သူ့အနေနဲ့ကျမ ကလေးတွေ ပညာရေးကိုလည်း ကူညီထောက်ပံ့နိုင်၊ သူတို့ ဘ၀မြင့်မားဖို့လည်း ရည်ရွယ်လို့ပါပဲ။ ကျမ သူ့ကို အိမ်ထောင ်ပြုမယ်လို့ ဆုံးဖြတ်တော့ ကျမကလေးတွေက ကျမကိုနောက်ထပ် အိမ်ထောင်မပြုစေချင်ကြပါဘူး။ ကျမက သူတို့ကို နားမထောင်ခဲ့ပါဘူး။

တကယ်တော့ပေါင်းကြည့်မှ သူက ဆိုးတဲ့ယောက်ျား ဖြစ်နေပါတယ်။ သူ့ဆီက ကျမ ဘာအကူအညီမှ မရပါဘူး။ သူက မူးယစ်ဆေးသုံးနေပြီးတော့၊ ဆေးလည်းစွဲနေပါတယ်။ ကျမတို့ လူနေမှုအဆင့်အတန်းလည်း ပိုနိမ့်လာပြီး၊ ပိုလည်း ဆင်းရဲလာပါတယ်။ ကျမတို့မှာ အခု သူများဆီပြန်ပေးဖို့ ကြွေးလည်းတင်နေပါပြီ။ ကျမတို့မှာ ကိုယ်ပိုင်လယ်ရှိ တယ်ဆို

ပေမယ့်၊ သေးသေးပါပဲ။ သူအလုပ်လုပ်တာကလည်း၊ ဆေးဖိုးကာမိရုံ လုပ်တာပါ။ ကျမကို တစ်ခုမှ ကူညီတာ မရှိပါဘူး။ ကျမသူ့ကို အိမ်ထောင်ပြုမိတာ မှားပါတယ်။ ဆုံးဖြတ်ချက်ချတာမှား မိတဲ့အတွက် ကျမစိတ်မကောင်း ဖြစ်ရပါတယ်။

ကျမကလေးတစ်ယောက်က ကျမအလုပ်မှာ ကူညီဖို့အတွက် ကျောင်းကထွက်လိုက်ရပါတယ်။ ကျမကလေးတွေက သူနဲ့ကွာလိုက်ဖို့ ပြောကြပါတယ်။ ဒါပေမယ့် ကျမက နောက်ထပ်တစ်ခါ တစ်ခုလပ်ဖြစ်ရတာ မဖြစ်ချင်တော့ပါဘူး။ ကျမက ယောကျ်ားနဲ့ကလေးတွေကြားမှာ ကြားညှပ်မိသလို ဖြစ်နေပါတယ်။ ကျမက သူ့ကိုခွဲမသွားဘူးဆိုရင်၊ မူးယစ်ဆေးကို ဖြတ်ပါမယ်လို့လည်း သူကပြောပါတယ်။ ကျမ ကလေးတွေကလည်း သူနဲ့အတူမနေချင်ကြပါဘူး။ အကြောင်းက ဆေးသမားဖြစ်နေပြီး၊ အဲသည်အတွက်ကြောင့် အခြားသူတွေက အထင်သေးတာလည်းခံကြရပါတယ်။ ကျမ နေ့တိုင်းငို နေရပါတယ်။ ပျော်လည်းမပျော်ပါဘူး။ ကျမက သူ့ကိုလူကောင်းဖြစ်စေချင်ပါတယ်။ ကျမနဲ့အတူ အလုပ်တွေကို ကူညီပြီး နေရင်၊ ကလေးတွေလည်း နေကြရတာ ပျော်မှာပါ။ တဖြည်းဖြည်းနဲ့ သူ့ကို ကြိုက်လာကြမှာပါ။ အခုတော့ သူက (PSLA) စခန်းမှာ ရောက်နေပါတယ်။

## တွေ့ဆုံမေးမြန်းခြင်း အမှတ် (၅၀)

| | |
|---|---|
| အသက် | ၅၀ |
| အလုပ်အကိုင် | တောင်ပေါ်နေ လယ်သမား |
| ပုံမှန်ပညာရေး | မရှိ |
| လိင် | မ |
| ကလေးအရေအတွက် | ၈ |
| ကိုးကွယ်သည့်ဘာသာ | ဗုဒ္ဓဘာသာ |
| လူမျိုး | ပလောင် |
| ရက်စွဲ | ဇူလိုင်လ (၁၁) ရက်၊ ၂၀၀၅။ |

(XX) (ခင်ပွန်းဖြစ်သူ) က ဘိန်းစားတာတင် မဟုတ်ပါဘူး။ ရောင်းတာ ဝယ်တာလည်း လုပ်ပါတယ်။ သူဆေးသုံးနေတာ နှစ် (၂၀) ကျော်ရှိနေပါပြီ။ တစ်ခါက သူ့ရွာက ရွာလူကြီးက မောင်းထုတ်ပြီးနောက်ပိုင်း၊ ရွာကို ပြန်လာခွင့်လည်း မပေးတော့ပါဘူး။ ဒါပေမယ့် ကလေးအားလုံးက ရွာလူကြီးဆီသွားပြီး၊ သွားတောင်းပန်ကြတော့၊ ရွာကို ပြန်လာခွင့်ပေးပါတယ်။ သူတို့အဖေ ပြန်လာခွင့်ပေးဖို့ အတွက် ဒဏ်ကြေး (၅၀၀၀၀) ကျပ်ပေးဖို့ ကလေးတွေက သဘောတူကြပါတယ်။ (XX) က ဆက်ပြီး မူးယစ်ဆေးလည်း သုံးနေဆဲပါပဲ။ (XX) ရဲ့ အကြီးဆုံးသားကလည်း အခု မူးယစ်ဆေးသုံးနေပါပြီ။

(XX) ရဲ့မိန်းမနဲ့ ကလေးတွေက သူ့ကို ဘိန်းဆက်မသုံးဖို့ တောင်းပန်ကြပါတယ်။ ဒါပေမယ့် သူကနားမထောင်ပါဘူး။ သူ့သမီးအများစု က အခု အိမ်မှာမနေကြတော့ပါဘူး။ အကြောင်းက ဘိန်းစားသမီးဖြစ်ရတာ ရှက်ကြလို့ပါပဲ။ သမီး (၅) ယောက်ရှိတဲ့အနက်ကတစ်ဦးပဲ အိမ်မှာနေပါတယ်။ အခြားသူတွေက အသီးသီး တခြားနေရာမှာ အလုပ်သွားလုပ်နေကြပါတယ်။ အိမ်မှာနေတဲ့သမီးကလည်း နေ့တိုင်း ငိုနေရပြီး၊ သူ့အဖေအကျင့်ဆိုးကြောင့် စိတ်ဖိစီးနေရပါတယ်။ သူက သူ့မိဘတွေနဲ့ သူ့ရပ်တည်ရေးအတွက် ဈေးရောင်းပါတယ်။ သူ့အဖေ အတွက် စားသောက်ဖို့ထောက်ပံ့နေရရုံမကပါဘူး။ မူးယစ်ဆေးအတွက် ဆေးဖိုးလည်း ပေးနေရပါသေးတယ်။

သူ့ရဲ့ သမီးတစ်ယောက်က မြို့မှာအိမ်ဖော်လုပ်နေပါတယ်။ တစ်ခါတလေ သူက သူ့သမီးရဲ့အလုပ်ရှင်ဆီကိုသွားပြီး၊ သူ့ဆေးဖိုးအတွက်သူ့သမီးလုပ်ခ လခတွေအားလုံးကို သိမ်းကျုံးယူခဲ့တတ်ပါတယ်။ သူက မိသားစုဆီက ဆန်အပါအဝင် ပစ္စည်းတွေကိုလည်း ဆေးဖိုးအတွက် ခိုးရောင်းတတ်ပါတယ်။ သူ့မိန်းမက အိမ်မှာတန်ဖိုးရှိတဲ့ ပစ္စည်းဘာတခုမျှ မသိမ်းထားတော့ပါဘူး။ အခြားတအိမ်မှာ သွားဝှက်ထားရပါတယ်။ သူတို့အဖေ ဆေးစွဲနေတဲ့အတွက်ကြောင့် သမီးအများစုက အိမ်မပြန်လာလိုကြပါဘူး။ သူ့သားတစ်ယောက်ဆိုလျှင် ဘုန်းကြီးကျောင်းသွားပြီး၊ ကိုရင် ဝတ်ဖို့ဆုံးဖြတ်လိုက်ပါတယ်။ အကြောင်းကတော့ အိမ်မှာဆက်မနေချင်တော့လို့ပါပဲ။ သူ့ မိန်းမ လည်း သူနဲ့အတူတူ ဆက်မနေချင်တော့ပါဘူး။ ဒါပေမယ့် ကလေးတွေအရေးစဉ်းစားမိတော့ သူက ခွါဖို့ခက်နေပါတယ်။ (XX) ရဲ့ ဆေးစွဲ မှုဒဏ်ကို မိသားစုတစ်ခုလုံး အကြီးအကျယ် စိတ်ဖိစီးခံစားကြရပါတယ်။

ကလေးအများစုက ကျောင်းနေဖို့ အခွင့်အရေး မရကြပါဘူး။ ကလေး (၈) ယောက်အနက်က တစ်ယောက်ပဲ အထက်တန်းအထိ ကျောင်းထားနိုင်ပါတယ်။ဒါတောင် သူ့အဒေါ်က ထောက်ပံ့ပေးထားတာပါ။ သူတို့အဖေ မူးယစ်ဆေးစွဲတဲ့အတွက်ကြောင့်၊ ကလေးတွေ မှာလည်း ပညာနည်းတဲ့အတွက်ကြောင့်၊ မိသားစု စီးပွါးရေးကနိမ့်ပြီး၊ ကြီးပွါးဖို့ အခွင့်အရေး လည်း နည်းပါတယ်။ အရင်က သူတို့မှာ လက်ဖက်ခင်းတစ်ခင်းနဲ့ လယ်တစ်ကွက် ရှိဖူးပါတယ်။ သူတို့အဖေက ရောင်းပစ်ပြီး၊ ဆေးဖိုးသုံးလိုက်ပါပြီ။

## တွေ့ဆုံမေးမြန်းခြင်း အမှတ် (၅၃)

| | |
|---|---|
| အသက် | ၄၀ (ယခု ကွယ်လွန်) |
| ပုံမှန်ပညာရေး | မရှိ |
| လိင် | မ |
| ကလေးအရေအတွက် | ၉ |
| ကိုးကွယ်သည့်ဘာသာ | ဗုဒ္ဓဘာသာ |
| လူမျိုး | ပလောင် |
| ရက်စွဲ | ဇူလိုင်လ (၁၂) ရက်၊ ၂၀၀၅။ |

(XX) (ခင်ပွန်းဖြစ်သူ) က ဘိန်းစားနေတာ (၈) နှစ် ကြာပါပြီ။ အရင်နှစ်များစွာတုန်းက သူဟာ လူချမ်းသာတစ်ယောက်ပါ။ လက်ဖက် ကုန်သည်အဖြစ်နဲ့ ငွေရှာပါတယ်။ သူ့မိတ်ဆွေတွေကတဆင့် ဘိန်းစွဲပြီးတဲ့နောက်ပိုင်းမှာ၊ လုပ်ငန်းလည်း ပြုတ်သွားပါတယ်။ ဒီအတွက် ကြောင့် မိသားစုလည်း ဆင်းရဲလာပါတယ်။ သူ ယခင်က လက်ဖက်ခင်းတွေလည်း ပိုင်ဖူးပါတယ်။ ဘိန်းစွဲပြီးတဲ့နောက်ပိုင်း အကုန်ရောင်း စားလိုက်ပါတယ်။ နောက်ဆုံး အိမ်ကရောင်းလို့ရတာတွေလည်း အကုန်ချရောင်းပါတယ်။ နောက်ဆုံး ရောင်းစရာမရှိတော့တဲ့အခါ အိမ်က သမီး (၂) ယောက်ကို ခေါ်သွားပြီး လူကုန်ကူးတဲ့အမျိုးသမီးတစ်ယောက်ဆီမှာ ရောင်းစားလိုက်ပါတယ်။ လူကုန်ကူးတဲ့လူက အသက် (၂၅) နဲ့ (၂၃) ရှိတဲ့ သမီး (၂) ယောက်ကို တရုပ်နိုင်ငံနယ်စပ် ရွှေလီကို ခေါ်သွားပြီး၊ တရုပ်တစ်ယောက်ကို ဇနီးလုပ်ဖို့ရောင်းလိုက်ပါတယ်။ ဘယ်မိန်းကလေးကမှ သူ့မိန်းမမဖြစ်ချင်ကြပါဘူး။ သူတို့အဖို့ ရွေးစရာလမ်းကလည်း မရှိတော့ပါဘူး။ အဖေလုပ်တဲ့သူကိုယ်၌က လူကုန်ကူးတဲ့သူဆီက ပိုက်ဆံကြိုယူထားပြီး ဖြစ်နေတာကိုး။

(XX) က သူ့သမီးတွေကို ရောင်းလိုက်တဲ့အတွက်ကြောင့်၊ သူ့မိန်းမလည်း အတော်စိတ်ခါတ်ကျသွားပါတယ်။ နောက်ဆုံးကင်ဆာရောဂါ စွဲပြီး၊ သေသွားပါတယ်။ (XX) က အခု သူ့သားအကြီးနဲ့အတူ နေပါတယ်။ သူ့သားအကြီးကလည်း ပလောင်ဒေသ တရုပ်ရွာမှာနေကတည်းက ဘိန်းစွဲလာပါတယ်။ အဲဒီမှာသူက နေ့စဉ် ဘိန်းဘိုးရဖို့ အလုပ်ဆင်းရပါတယ်။ သူ့ကလေးတွေကလည်း အခြားနေရာမှာ ကြုံရာနေ့စားအလုပ်လုပ်ဖို့ ထွက်သွားကုန်ကြပါပြီ။ အချို့ကလေးတွေကလည်း ဘုန်းကြီးကျောင်းသွားပြီး၊ ဘုန်းကြီးဝတ်ကုန်ကြပါပြီ။ ကလေးအကြီးဆုံး (၃) ယောက်ကတော့ ရွာမှာရှိနေပါသေးတယ်။ အကြီးဆုံးကလေး (၃) ယောက်အနက် အကြီးဆုံး အသက် (၁၃–၁၄) နှစ် ကလေးက နေ့စဉ်အလုပ်ဆင်းရပြီး၊ အငယ်တွေအတွက် ရှာကျွေးရပါတယ်။ အကယ်၍ စားစရာမရှိရင် ကလေးတွေကို လမ်းပေါ် လွှတ်ပြီး အတင်းအကြပ်တောင်းစားဖို့ ခိုင်းပါတယ်။ (XX) ရဲ့ကလေးအများစုက ကျောင်းမနေနိုင်ကြပါဘူး။ (XX) ရဲ့မူးယစ်ဆေးသုံးတဲ့အကျင့်ဆိုးကြောင့် မိန်းမလည်းသေရ၊ ကလေးတွေလည်း စိတ်ပိုင်းဆိုင်ရာအရ၊ ရုပ်ပိုင်းအရ ဒုက္ခမျိုးစုံ ကြုံကြရပါတယ်။

# ကျေးဇူးတင်ရှိကြောင်း ဖော်ပြခြင်း

ပလောင်အမျိုးသမီးအစည်းအရုံး (PWO) အနေဖြင့် –

- မိမိတို့နှင့် သူတို့၏ဘဝအကြောင်းများနှင့် အတွေ့အကြုံများကို မကြောက်မရွံ့၊ သတ္တိရှိစွာ ထုတ်ဖော်ပြောကြား ဝေမျှခဲ့ကြသော ပလောင်အမျိုးသမီးများသို့လည်းကောင်း၊
- ဤအစီရင်ခံစာကို အင်္ဂလိပ်ဘာသာပြန်ဆိုရန်နှင့် တည်းဖြတ်ရန်အတွက် ကူညီပေးခဲ့သော စေတနာရှင်ဝန်ထမ်းများ ထောက်ပံ့ကူညီခဲ့သော မြန်မာစေတနာ့ဝန်ထမ်း အစီအစဉ် (Burma Volunteer Program) သို့လည်းကောင်း၊
- လိုအပ်သောအချက်အလက်များ စုဆောင်းပေးခြင်းနှင့် ဘာသာပြန်ကိစ္စများ ဆောင်ရွက်ခဲ့ကြသော၊ ပလောင်အမျိုးသမီးအစည်းအရုံး (PWO) ၏ ရုံးဝန်ထမ်းများသို့လည်းကောင်း၊
- ပြည်သူများနှင့် တိုက်ရိုက်ကွင်းဆင်းထိတွေ့နိုင်ရန်နှင့် ဤအစီရင်ခံစာအတွက် လိုအပ်သော သတင်း အချက်အလက်များကို စေတနာဖြင့် ဝိုင်းဝန်းကူညီပေးခဲ့ကြသော ပလောင်လူငယ်လုပ်ငန်းကွန်ယက်အဖွဲ့ (PYNG)၊ ပလောင် အမျိုးသားလွတ်မြောက်ရေး တပ်ဦး (PSLF) နှင့် ပလောင်ပြည်သူများသို့ လည်းကောင်း၊
- ဤအစီရင်ခံစာအတွက် မြေပုံများကို ကူညီပြုစုရေးဆွဲပေးသော ကိုလင်းကျော်သို့လည်းကောင်း၊

အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

## ဤအစီရင်ခံစာတွင် အသုံးပြုထားသော အတိုကောက်များ

| | |
|---|---|
| MWAF | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် |
| NDF | အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု (မဒတ) |
| NLD | အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် |
| PNF | ပလောင်အမျိုးသားတပ်ဦး |
| PSLA | ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော် |
| PSLF | ပလောင်ပြည်နယ် လွတ်မြောက်ရေး တပ်ဦး |
| PSLO | ပလောင်ပြည်နယ် လွတ်မြောက်ရေးအဖွဲ့ |
| PSLP | ပလောင်ပြည်နယ် လွတ်မြောက်ရေးပါတီ |
| PWO | ပလောင်အမျိုးသမီးအစည်းအရုံး |
| PYNG | ပလောင်လူငယ်လုပ်ငန်းကွန်ယက်အဖွဲ့ |
| SLORC | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) |
| SPDC | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) |
| SSA | ရှမ်းပြည်တပ်မတော် |
| UNDOC | ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်ပြစ်မှုများဆိုင်ရာရုံး |
| UNICEF | ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရံပုံငွေအဖွဲ့ (ယူနီဆက်ဖ်) |
| သကဆဖ | သောင်းကျန်းသူဆန့်ကျင်ရေး ပြည်သူ့စစ်အဖွဲ့ |

ကျပ်ငွေသည် မြန်မာနိုင်ငံ၏တရားဝင်သုံးစွဲသောငွေကြေးဖြစ်ပါသည်။